# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၂၀) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
## (၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို မွန်းလွဲ ၁၁း၃၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၁ း ၃၅ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၈၀ ဦးတက်ရောက်ပါတယ်။ အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၆.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ၂၄-၄-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူလွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်က တင်ပြသွားမှာဖြစ်ပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ခွင့်တိုင်ကြားပြီးသူ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးရှိပြီး ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၀) ရက်မြောက်နေ့ ၂၄-၄-၂၀၁၂ ရက်နေ့တွင် ခွင့်တိုင်ကြားသူမရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

### ကမ်းသာယာကမ်းခြေကို နိုင်ငံတော်မှပြန်လည်ထူထောင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ငွေဆောင်မဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကြည်သာ(ငွေဆောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်ဝကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငွေဆောင်မဲဆန္ဒနယ်ရှင်ပြည်သူများရဲ့သိလိုချက်အရ ကမ်းသာယာကမ်းခြေနဲ့ ပတ်သက်သည့်မေးခွန်းအား မေးမြန်းခွင့်ပြုသည့်အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကမ်းသာယာကမ်းခြေဟာ ငွေ-သံတွဲကားလမ်းပေါ်မှာတည်ရှိပြီး ငွေမြို့မှ ၁၆ မိုင်၊ သံတွဲမြို့မှ ၆၄ မိုင်အကွာမှာတည်ရှိပါတယ်။ ကမ်းသာယာကမ်းခြေဟာ အလွန်လှပတဲ့အတွက် နိုင်ငံတော်မှ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းအဖြစ် ၁၉၉၄-၁၉၉၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့ရာမှာ ၁၉၉၆ ခုနှစ်မှာ ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရပါတယ်။ ၁၉၉၈ ခုနှစ်မှာ ကမ်းသာယာပင်လယ်ကမ်းခြေနှင့် တစ်ဆက်

တစ်စပ်တည်း ဆပ်သွားကျေးရွာအထိ ပင်လယ်ကမ်းခြေတစ်လျှောက် အရှည် ၅မိုင်ခန့်အုန်းခင်းများအား ဟိုတယ်တည်ဆောက်ရန် အုန်းပင်အကြီးတစ်ပင်ကို ကျပ်ငွေ ၅၀၀ ကျပ်၊ အုန်းပင်အလတ်တစ်ပင်ကို ကျပ်ငွေ ၂၅၀ ကျပ်၊ အုန်းပင်အငယ်အား ၁၅၀ ကျပ်ဖြင့် လျော်ကြေးပေးပြီး သိမ်းယူခဲ့ရာ ကင်းပုံကျေးရွာအုပ်စုမှ ပိုင်ရှင် ၂၈ ဦး၊ ဇီးကုန်းကျေးရွာအုပ်စုမှ ၄၁ ဦး၊ ဆပ်သွားကျေးရွာအုပ်စုမှ ၄၇ ဦး၊ စုစုပေါင်း အုန်းခင်းပိုင်ရှင် ၁၁၆ ဦးရဲ့ အုန်းခင်းအကျယ်အဝန်း ဧရိယာ ၁၁၉.၆၉ ဧကရှိကြောင်းသိရပါတယ်။ ဒါ့အပြင် ကမ်းသာယာကမ်းခြေဂေါက်ကွင်းအတွက် ကွင်းအမှတ် ၂၇၉ ရှိ လယ်သမား ၂၄ ဦးပိုင်တဲ့ လယ်ဧက ၁၀၆ ဧကကိုလည်း ဂေါက်ကွင်းပြုလုပ်ရန် သိမ်းယူခဲ့ကြောင်း ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ်းသာယာအပန်းဖြေစခန်းအား နှစ်အနည်းငယ်သာရှင်သန်လှုပ်ရှားခဲ့ပြီး ၁၀ နှစ်ကျော်မျှလုံးဝရပ်နားခဲ့ပါတယ်။ ပြင်ဆင်မှုမရှိတဲ့အတွက် ယိုယွင်းပျက်စီးနေတဲ့ တည်းခိုဆောင်များဟာ လှပသောကမ်းခြေမှာ များစွာအကျည်းတန်လျက်ရှိပါတယ်။ ဒါ့အပြင် ကမ်းသာယာစခန်းကို နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများ၊ ဂေါက်ကွင်းများ အပါအဝင် ဖြစ်ပေါ်လာပါက အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးမှုများစွာရရှိနိုင်ခြင်းစသည်တို့ကြောင့် သိမ်းယူခြင်းအားသဘောတူခဲ့တဲ့ အုန်းခင်းပိုင်ရှင်၊ လယ်ယာပိုင်ရှင်များဟာ မိမိတို့ရဲ့ စီးပွားရေးလည်းပျက်၊ နိုင်ငံတော်မှာလည်း အကျိုးမရှိသလိုဖြစ်နေတဲ့အတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းမှာ ငွေမြို့နယ်၊ ကမ်းသာယာအပန်းဖြေစခန်းအား နိုင်ငံတော်မှ ပြန်လည်အကောင်အထည်ဖော်ရန်အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်။ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ရန်မရှိပါက အုန်းခင်းများ၊ လယ်ယာများကို မူလပိုင်ရှင်များထံပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိဆိုသည့်မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဌေးအောင်(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်တော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဌေးအောင်မှ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ငွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာမှ ငွေမြို့နယ်ရှိကမ်းသာယာကမ်းခြေကို နိုင်ငံတော်မှ ပြန်လည်ထူထောင်နိုင်ရန်အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြန်လည်စတင်မည်၊ ပြန်လည်

စတင်ရန်အစီအစဉ်မရှိပါက သိမ်းယူထားသည့်အုန်းခင်းများအား မူလပိုင်ရှင်များသို့ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကမ်းသာယာအပန်းဖြေကမ်းခြေသည် ရခိုင်ပြည်နယ် ဂွမြို့နယ်နှင့် ၁၅ မိုင်ခန့်ကွာဝေးကာ ရန်ကုန် - သေိုင်းချောင်း - ဂွ ကားလမ်းအတိုင်းသွားရောက်နိုင်သည်။ ရန်ကုန်မြို့နှင့် ၁၇၅ မိုင်ခန့်အကွာမှာတည်ရှိပါတယ်။

ကမ်းသာယာအပန်းဖြေစခန်းပြုလုပ်ရန်အတွက် ရခိုင်ပြည်နယ်၊ ဂွမြို့နယ် ကမ်းသာယာကမ်းခြေရှိ ဦးပိုင်အမည်ပေါက် မြေ ၃၀၇.၇၂ ဧကနှင့် မြေလွတ်၊ မြေရိုင်း ၁၁၉.၆၉ ဧက စုစုပေါင်း ၄၂၇.၄၁ ဧကအား ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀-၆-၁၉၉၆ ရက်စွဲပါစာအမှတ် ၁၁/၁၁/ အခ(၃) ဖြင့် သိမ်းယူခဲ့ပြီး မြေလွတ်၊ မြေရိုင်း ၁၁၉.၆၉ ဧကအား မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကမ်းသာယာအပန်းဖြေစခန်းအတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဦးပိုင်အမည်ပေါက် မြေဧရိယာ ၃၀၇.၇၂ ဧက အား ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ဆပ်သွား၊ ဇီးကုန်း၊ ကင်းပုံကျေးရွာအုပ်စုများရှိ ကွင်းအမှတ် ၂၇၉၊ ၂၈၀(က)၊ ၂၈၀ (ခ)၊ ၂၈၁၊ ၂၈၆၊ VT-22 ကွင်းအမည် ဆပ်သွားကွင်း၊ ဇီးကုန်းမြောက်ကွင်း၊ ကင်းပုံကွင်း၊ သာချွေးချိုင်ကွင်း များရှိ တောင်သူ ၁၉၂ ဦးအတွက် နှစ်ရှည်သီးနှံလျော်ကြေးငွေ ၇၃၆၂၄၇၀ ကျပ်၊ တောင်သူ ၁၉၇ ဦး အတွက် မြေလျော်ကြေးငွေ ၇၀၀၄ ကျပ်၊ တောင်သူ ၃၉ အတွက် ယာယီတဲအိမ်နှင့် ပျဉ်ထောင်အိမ် ပြောင်းရွှေ့စရိတ်လျော်ကြေးငွေ ၂၆၁၈၃၅ ကျပ်၊ စုစုပေါင်းလျော်ကြေးငွေ ၇၆၃၃၃၀၉ ကျပ်အား ၁၉၉၈ ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်းပေးလျော်ခဲ့ပြီးဖြစ်ကြောင်းသိရှိရပါတယ်။

ထို့နောက် ကမ်းသာယာကမ်းခြေရှိ စုစုပေါင်းမြေဧရိယာ ၄၂၇.၄၁ ဧက အနက်မှ မြေ ၄၅.၈၂ ဧကအပေါ်တွင် အဆောက်အအုံ ၂၀ လုံးဖြင့် ကမ်းသာယာအပန်းဖြေစခန်းအား ဆောက်လုပ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်သို့ ၂၉-၄-၂၀၀၆ ရက်နေ့တွင် မာလာလေမုန်တိုင်းဝင်ရောက်တိုက်ခတ် မှုကြောင့် ကမ်းသာယာဟိုတယ်အဆောက်အအုံများပြိုကျခဲ့ပြီး လက်ရှိအခြေအနေတွင် အဆင်ပြေ တည်းခိုနိုင်သောအဆောက်အအုံ ၃ လုံးနှင့် အခန်း ၅ ခန်းသာရှိပါတယ်။ မြန်မာနိုင်ငံတွင် သာယာ လှပသော ပင်လယ်ကမ်းခြေများများစွာရှိသည့်အနက် ယခုလက်ရှိ နိုင်ငံခြားသားခရီးသွားဧည့်သည် များဝင်ရောက်လည်ပတ်လျက်ရှိသော ငပလီကမ်းခြေ၊ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေ ဒေသများကိုသာ အဆင်ပြေချောမွေ့စွာဝင်ရောက်လည်ပတ်နိုင်စေရေး မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိပြီး လောလောဆယ်တွင် ဂွမြို့နယ်ရှိကမ်းသာယာကမ်းခြေအား ပြန်လည်ထူထောင်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ချောင်းသာ၊ ငွေဆောင်၊ ငပလီကမ်းခြေဒေသများသို့ ပြည်တွင်း၊ ပြည်ပ

ညွှန်သည်တိုးတက်ဝင်ရောက်လာမှု အလားအလာပေါ်မူတည်၍ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်ကာ လမ်းပန်းဆက်သွယ်ရေးမှအစ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ပြီးမှသာ ကမ်းသာယာအပန်းဖြေစခန်းအား ပြန်လည်ထူထောင်ရန် စဉ်းစားဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြန်ကြားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ယာမြေများကို သစ်တောကြိုးဝိုင်းအဖြစ်သတ်မှတ်ခဲ့ခြင်းအား ပယ်ဖျက်ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျင်ဝမ်း၊ ဟိုပန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျင်ဝမ်း(ဟိုပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ဟိုပန်မြို့နယ်မှာရှိတဲ့ ဖါခါး သစ်တောကြိုးဝိုင်းနှင့်ပတ်သက်ပြီး အဲဒီကြိုးဝိုင်းဧရိယာအတွင်းမှာနေထိုင်ကြတဲ့ တောင်သူလယ်သမားများရဲ့တင်ပြချက်အရ ၎င်းတို့ကိုယ်စား မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖါခါးသစ်တောကြိုးဝိုင်းသည် ကျွန်တော်တို့ ဟိုပန်မြို့ပေါ်ရပ်ကွက်များနှင့်ဆက်စပ်လျက်တည်ရှိပြီး ဧရိယာ ၁၈၁၁၆ ဧက ဖွဲ့စည်းသတ်မှတ်ထားပါတယ်။ အဲဒီ ဖါခါးသစ်တောကြိုးဝိုင်းကို သစ်တောရေးရာဝန်ကြီးရုံး၏ ၉-၁-၂၀၀၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၂ အရ ကြိုးဝိုင်းတောဖွဲ့စည်းခြင်းအမိန့်ကို ထုတ်ပြန်ခဲ့ပြီးသတ်မှတ်ခဲ့ပါတယ်။ ဖါခါးသစ်တောကြိုးဝိုင်းသတ်မှတ်တဲ့ဧရိယာအတွင်းမှာ ရှေးယခင်ကတည်းကနေထိုင်လာခဲ့ကြတဲ့ ကျေးရွာအုပ်စု ၅ အုပ်စုမှ ကျေးရွာ ၃၆ ရွာသည် သစ်တောကြိုးဝိုင်းထဲသို့ကျရောက်ခဲ့ပါတယ်။ အဲဒီကျေးရွာ ၃၆ ရွာရဲ့ စိုက်ပျိုးမြေများနဲ့ မြို့ပေါ်ရပ်ကွက်မှာနေထိုင်တဲ့ တောင်သူလယ်သမားအများအပြားရဲ့ စိုက်ပျိုးရေးမြေများသည် သစ်တောကြိုးဝိုင်းဧရိယာအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖါခါးသစ်တောကြိုးဝိုင်းဧရိယာအတွင်းမှာ မူလကတည်းက သစ်တော၊ သစ်ပင်ကြီးဟူ၍ လုံးဝပေါက်ရောက်ခြင်းမရှိဘဲ ကျေးရွာများရဲ့စိုက်ပျိုးမြေများကို ကြိုးဝိုင်းတောဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ဤသို့ ကြိုးဝိုင်းဖွဲ့စည်းသတ်မှတ်တဲ့အချိန်မှာ ကျေးရွာများရဲ့စိုက်ပျိုးရေးမြေများကို သတ်မှတ်ချန်ထားခဲ့သော်လည်း တိုးပွားလာသောလူဦးရေနှင့် အခြားဒေသမှပြောင်းရွှေ့လာသောလူဦးရေများကြောင့် ယခုအခါကြိုးဝိုင်းတစ်ခုလုံးတွင် ကျေးလက်နေတောင်သူလယ်သမားများ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ ဘိန်းအစားထိုးရာဘာပင်များနှင့် ရာသီသီးနှံအမျိုးမျိုးကိုသာ

တွေ့ရမှာဖြစ်ပါတယ်။ ထိုသို့စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ ဒေသခံတောင်သူလယ်သမားများနဲ့ သစ်တော ဦးစီးဌာနမှဝန်ထမ်းများအကြား မကြာခဏအငြင်းပွားလေ့ရှိကြောင်းကြားသိရပါတယ်။ သို့ဖြစ်ပါ၍ သစ်တော၊ သစ်ပင်များပေါက်ရောက်ခြင်းမရှိဘဲ ဒေသခံတောင်သူလယ်သမားများ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်လာခဲ့ကြတဲ့ ဖါခါးသစ်တောကြိုးဝိုင်းအတွင်းမှ ယာမြေများကို သစ်တောကြိုးဝိုင်းဧရိယာ သတ်မှတ်ထားရှိခြင်းမှပယ်ဖျက်ပြီး ဒေသမှာနေထိုင်ကြတဲ့ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးမြေ များအဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိသိလိုပါ၍ ရှိသေစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ရှမ်းပြည်နယ်၊ ဟိုပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း မေးမြန်း သည့် ဖါခါးကြိုးဝိုင်းနှင့်ပတ်သက်တဲ့မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုလိုမေးခွန်းဖြေကြားခြင်းကဏ္ဍများမှာ မကြာခဏအသုံးပြုရတဲ့စကားကိုပဲ ပြန်လည်ပြီးတော့ ကိုးကားရမှာဖြစ်တဲ့အတွက်ကြောင့်မို့ ခွင့်လွှတ်ပါလို့လည်း ဦးစွာတောင်းပန် လိုပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အမျိုးသားသစ်တောကဏ္ဍပင်မအနှစ် ၃၀ စီမံကိန်း ၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၂ အထိ ကျွန်တော်တို့ ဒီစီမံကိန်းမှာ သစ်တောမြေများဖြစ်ကြတဲ့ ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းအထိတိုးချဲ့ဖွဲ့စည်းဖို့ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလအကုန်အထိ နိုင်ငံတော်ဧရိယာရဲ့ ၂၄.၄၈ ရာခိုင်နှုန်းကို ပိုမြေများအဖြစ်ဖွဲ့စည်းသတ်မှတ်ပြီးဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်မှာဖော်ပြထားတဲ့ ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ်အတွင်း မှာရှိတဲ့ ဖါခါးကြိုးဝိုင်းဧရိယာဧက ၁၈၁၁၆ ဧက ကိုလည်းပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန ယခင် သစ်တောရေးရာဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၂၊ ၉-၁-၂၀၀၂ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် သစ်တော ဥပဒေပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၆ နဲ့ ၁၉၉၅ ခုနှစ် သစ်တောနည်းဥပဒေပုဒ်မ ၃ နဲ့ ၁၉ တို့အရ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းရာတွင် ဖွဲ့စည်းမည့်နေရာဒေသရှိ ပြည်သူများ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်၊ မြေယာများအသုံးချခွင့် စားကျက်ချခြင်းအပါအဝင်

များကိုအရေအတွက်၊ အမျိုးအစား၊ ဧရိယာ၊ နယ်နိမိတ်၊ အချိန်ရာသီခွင့်ပြုမည့်နည်းလမ်းများ သတ်မှတ်ပေးခြင်း၊ ဖွဲ့စည်းစဥ်တွင်တည်ရှိသည့် ကျေးရွာ၊ လယ်ယာမြေများကို ထည့်သွင်းခြင်းမပြုဘဲ ချန်လှပ်အကွက်များအဖြစ် သတ်မှတ်ပေးခြင်းတို့ကို စနစ်တကျမှတ်တမ်းများတင်၍ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖါခါးကြိုးဝိုင်းမှာ မူလကြိုးဝိုင်းဧရိယာ ၂၀၄၈၀ ဧက ဖွဲ့စည်းရန်လျာထားခဲ့သော်လည်းပဲ ကြိုးဝိုင်းဖွဲ့စည်းမှုဧရိယာအတွင်းမှာရှိသည့် မော်ဟွေ၊ ဟာဖြတ်၊ ဖါးဟာ၊ ဖာလင်နှင့် ပန်ကောက်ကျေးရွာအုပ်စု ၅ စုရှိ ကျေးရွာပေါင်း ၄၇ ရွာ အတွက် ရွာမြေနှင့် ယာမြေများ စုစုပေါင်းဧရိယာ ဧက ၂၃၆၃.၅ ဧက ပါဝင်နေတဲ့အတွက်ကြောင့် ၎င်းမြေများကိုချန်လှပ်ပြီးတော့ ကြိုးဝိုင်းဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါတယ်။ ဖော်ပြပါကျေးရွာများအတွက် ကြိုးဝိုင်းအတွင်း ဖြတ်သန်းသွားလာခွင့်နှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူသုံးစွဲခွင့်များကိုလည်း သတ်မှတ်ထားတဲ့နည်းလမ်းနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ သို့ရာတွင် ကြိုးဝိုင်းဖွဲ့စည်းပြီးမှ မြို့ပေါ်ရပ်ကွက်နေထိုင်သူများက ကြိုးဝိုင်းအတွင်း ကျူးကျော်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်မှုများမှာ ဖော်ပြပါကြိုးဝိုင်းမဖွဲ့စည်းမီက နေထိုင်သူများအတွက် ခွင့်ပြုပေးထားသည့် ဆိုင်ရာဆိုင်ခွင့်များနှင့် အကျုံးဝင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဖါခါးကြိုးဝိုင်းဟာ ကြိုးဝိုင်းဖွဲ့စည်းပြီးနောက် တရားမဝင်ကျူးကျော်လုပ်ကိုင်မှုများကြောင့် လက်ရှိအနေဖြင့် သစ်ပင်ကြီးများပေါက်ရောက်မှုကျဲပါးသော်လည်း သစ်တောကြိုးဝိုင်း၏ အင်္ဂါရပ်နှင့်ကိုက်ညီစေရေးအတွက် လက်ရှိသဘာဝတောများကို စနစ်တကျပြုစုထိန်းသိမ်းခြင်း၊ ကြိုးဝိုင်းအတွင်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် အစုအဖွဲ့ပိုင်သစ်တောများတည်ထောင်စိုက်ပျိုးရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖါခါးကြိုးဝိုင်းတွင် ကြိုးဝိုင်းမဖွဲ့စည်းမီကတည်ရှိနေသော ကျေးရွာသားများအား သစ်တောဥပဒေအရ ဆိုင်ရာဆိုင်ခွင့်များကို ပေးအပ်ထားပြီးဖြစ်ပါကြောင်းသိရှိနိုင်ပါရန်နှင့် ကြိုးဝိုင်းဖွဲ့စည်းပြီးမှ ကျူးကျော်ဝင်ရောက်လုပ်ကိုင်မှုများကိုမူ သစ်တောကြိုးဝိုင်းအဖြစ်ကိုသတ်မှတ်ခြင်းမှပယ်ဖျက်ခြင်းမပြုဘဲ အထက်ဖော်ပြပါ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြစေရေးအတွက် ဒေသခံပြည်သူများအား စည်းရုံးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အင်းခွန်ကြမ်းခင်းဈေးအရစ်ကျစနစ်ဖြင့်ချထားလုပ်ကိုင်ခွင့်ပြုရန်နှင့် သားငါးရှာဖွေရာတွင် အခွန်အခ မပေးဆောင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဆွေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်အပေါင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယနေ့တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသမှာကြုံတွေ့နေကြရတဲ့ ကျေးလက်မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုမှာအကျုံးဝင်တဲ့ အင်းများနဲ့ပတ်သက်တဲ့ကိစ္စ မေးမြန်းဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း ဖြစ်ပါတယ်။ ဒီနေ့နိုင်ငံတော်မှာရှိတဲ့ အင်းများကို ငွေကြေးချမ်းသာကြွယ်ဝတဲ့ပုဂ္ဂိုလ်များထံ လေလံစနစ်နဲ့ချပေးတဲ့အခါမှာ ဒီပုဂ္ဂိုလ်တွေဟာ ဒီအင်းကို လည်းမတွေ့ဖူးဘူး။ တချို့က ဒီဒေသမှာလည်းမနေဘဲနဲ့ ဒီအင်းတွေကိုလေလံဆွဲပြီးတော့ အကြောင်း အမျိုးမျိုးနှင့်ရရှိထားတဲ့အတွက် အဲဒီ အင်းပတ်ဝန်းကျင်မှာနေထိုင်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီအင်းတွေကို ဈေးကြီးကြီးနှင့်ပေးပြီးတော့မှ လုပ်ကိုင်ရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ဒီကနေ့ ကျေးလက်သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်လို့ ဒီလုပ်ငန်းစဉ်တိုင်းဟာ ဒီလုပ်ရပ်ဟာ ဆိုလို့ရှိရင် သွားပြီးတော့ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ သားငါးဈေးနှုန်းကိုကြီးမားအောင်၊ ကြီးမြင့် အောင်လုပ်နေသလိုအခြေအနေရှိပါတယ်။ ဒါ့ကြောင့် အင်းတွေကို ငွေကြေးချမ်းသာကြွယ်ဝတဲ့ ပုဂ္ဂိုလ်များထံ လေလံစနစ်နဲ့ချထားပေးခြင်းမပြုတော့ဘဲနဲ့ အဲဒီအင်းပတ်ဝန်းကျင်မှာ အခြေချ နေထိုင်တဲ့ ရေလုပ်သားတွေဆီကိုလုပ်ပိုင်ခွင့်ပေးပြီးတော့ အင်းခွန်ကိုကြမ်းခင်းဈေးနဲ့ အရစ်ကျ ပေးချေတဲ့ စနစ်နဲ့လုပ်ကိုင်ခွင့်ပေးမယ်ဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိုလည်းပဲ လက်တွေ့အကောင်အထည်ဖော်ရာရောက်မှာဖြစ်ပါတယ်။ တစ်ဆက်တည်း မှာပဲ အင်းနဲ့တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ နွေစပါးစိုက်ပျိုးမှုကိုလည်း အဲဒီအင်းပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေမှာ တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ဒီလိုတွေ့ရှိရပါတယ်။ ကျေးလက်ဒေသတွေမှာ ဟိုးရှေး ယခင်အခါတည်းက ချောင်း၊ မြောင်း၊ လျှိုမြောင်တွေနဲ့ လယ်ကြိုလယ်ကြားများမှာ ရေပေါ်ရေလျှံ သားငါးရှာဖွေစားသောက်ရေးလုပ်ငန်းကို လွတ်လပ်စွာရှာဖွေစားသောက်ခွင့်ပြုခဲ့ပါတယ်။ အခုအခါ မှာ ရေပေါ်ရေလျှံသားငါးရှာဖွေစားသောက်ရေးလုပ်ငန်းကို ခုနလိုပုဂ္ဂိုလ်တွေကို အင်းလေလံချထား ပေးတဲ့အတွက် သက်ဆိုင်ရာကိုအခွန်ဆောင်ပြီးမှသာ ရှာဖွေစားသောက်ရတဲ့အခြေအနေရှိပါတယ်။

ယခုအခါမှာ အင်းသူကြီးအများစုဟာ မိမိလယ်ကြိုလယ်ကြားမှာ သားငါးရှာဖွေစားသောက်တဲ့ တောင်သူလယ်သမားမိသားစုများကို အင်းအိုင်လက်စွဲဥပဒေတွေနဲ့ဖမ်းဆီးပြီးတော့ တရားရုံးတင် နေကြတဲ့အနေအထားများ တော်တော်များများဖြစ်ပေါ်နေတဲ့ အနေအထားရှိပါတယ်။ တစ်ဖက်က လည်းပဲ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ ရေလုပ်ငန်းစဉ်တစ်ခုမှာ ငါး၊ စပါးကို မွေးရမယ် ဆိုတဲ့အခါမှာ အဲဒီ လယ်ကြိုလယ်ကြားမှာရှိတဲ့သားငါးများကို သမားရိုးကျရှာဖွေစားသောက်တဲ့ တောင်သူလယ်သမားများရဲ့ သမားရိုးကျလုပ်ငန်းစဉ်နဲ့ ငါး၊ စပါးလုပ်ငန်းစဉ်ဟာလည်းပဲသွားပြီးတော့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့အခြေအနေရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် မေးခွန်း ၂ ခုကို မေးခွင့်ပြုပါခင်ဗျား။ မေးခွန်းမှာ အင်း နယ်နိမိတ်ဝန်းကျင်မှာ အခြေချနေထိုင်လျက်ရှိတဲ့ သားငါးရှာဖွေစားသောက်တဲ့ ရေလုပ်သားများကို အင်းခွန်ကိုကြမ်းခင်းဈေးနှင့် အရစ်ကျချထားလုပ်ကိုင်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ် ခင်ဗျား။ နောက်မေးခွန်းတစ်ခုကတော့ ကျေးလက်ဒေသမှာ ရေပေါ်ရေလျှံသားငါးရှာဖွေစားသောက် တဲ့နေရာမှာ အခွန်အခမပေးဆောင်ရဘဲ ရှေးယခင်ကကဲ့သို့ လွတ်လပ်စွာရှာဖွေစားသောက်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးတာဝန်အရ ပြည်တွင်း ခရီးစဉ်သွားရောက်နေတဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါ တယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း မေးမြန်းထားတဲ့ အင်းနေရာနယ်နိမိတ်ဝန်းကျင်တွင် အခြေချနေထိုင်လျက်ရှိတဲ့ သားငါးရှာဖွေ စားသောက်တဲ့ ရေလုပ်သားများအား အင်းခွန်ကိုကြမ်းခင်းဈေးအရစ်ကျစနစ်ဖြင့် ချထားလုပ်ကိုင်ခွင့် ပြုရန်အစီအစဉ် ရှိ၊ မရှိနှင့် ကျေးလက်ဒေသတွင် ရေပေါ်ရေလျှံသားငါးရှာဖွေစားသောက်ရာတွင် အခွန်အခမပေးဆောင်ရဘဲ လွတ်လပ်စွာရှာဖွေစားသောက်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုပါ

ကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးမြန်းထားသည်များကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၉ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ ငါးလုပ်ငန်းအက်ဥပဒေ (The Fisheries Act) အရ အင်းခွန်ငွေများကို အရစ်ကျပေးသွင်းခွင့်ပြုခဲ့ရာ အရကောက်ခံမှုအမှုတွဲ (Recovery Preceeding) များနှင့် အာမခံစာချုပ်များထားရှိပြီး စနစ်တကျ ဆောင်ရွက်ခဲ့သော်လည်း အင်းလုပ်ငန်းအလုပ်မှာ ရာသီဥတုအပေါ်တည်မှီပြီးတော့ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ အရှုံးပေါ်တဲ့နှစ်တွေမှာ ရေလုပ်သားအများစုဟာ အရစ်ကျငွေ များကို ပေးသွင်းနိုင်ခြင်းမရှိဘဲ အင်းခွန်ကြွေးကျန်များဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ အဲဒီ ကြွေးကျန်တွေကိုကောက်ခံတဲ့နေရာမှာ ရေလုပ်သားအများစုဟာ ဆင်းရဲနွမ်းပါးသူများဖြစ်တဲ့အတွက် ကြောင့်မို့လို့ အမှန်တကယ်ပေးသွင်းနိုင်မှုမရှိခြင်း၊ အာမခံတင်သွင်းထားသည့် နေအိမ်၊ ပစ္စည်း စသည်တို့ကိုသိမ်းဆည်းပြီး ကြွေးပေးသွင်းစေရန်မှာလည်း အခက်အခဲရှိခြင်းတို့ကြောင့် အင်းခွန်ငွေ အရစ်ကျပေးသွင်းစေသည့်စနစ်မှာ ရေလုပ်သားများနှင့် ဌာနအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း တွေ့ရှိရပါတယ်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး ဆောင်ရွက်ခဲ့ခြင်းကြောင့် တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ ဂရန်အင်းများကို ဈေးပြိုင်စနစ် ဖြင့်လေလံတင်ရောင်းချ၍ အင်းခွန်ငွေများကို နိုင်ငံတော်သို့လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေ ပေးဆောင်စေလျက်ရှိပါတယ်။ သို့ပါ၍ အင်းဂရန်နယ်နိမိတ်ဝန်းကျင်တွင် အခြေကျနေထိုင်လျက်ရှိ သော ရေလုပ်သားများအနေဖြင့် တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေအရ ဂရန်အင်းများကို ဈေးပြိုင် လေလံဆွဲဝယ်၍လည်းကောင်း၊ တစ်ဦးတစ်ယောက်တည်း ဆွဲဝယ်ရန်အခက်အခဲရှိပါက အစုအဖွဲ့ဖြင့် ဆွဲဝယ်၍လည်းကောင်း၊ အပြေအကျေပေးဆောင်ကာ လုပ်ကိုင်ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ် ပါတယ်ခင်ဗျား။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အခွန်ဆောင်ရေလုပ်သားများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေတဲ့ သင့်တင့်တဲ့နှုန်းထားဖြင့် ကိရိယာခွန်ကောက်ခံရန်ပြဌာန်းထားရှိပြီး လက်လုပ်လက်စား ကျေးလက်နေပြည်သူများ တစ်ဝမ်းတစ်ခါးရှာဖွေစားသောက်ရန် ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါ ငါးဖမ်းကွက်များမှအပ ကျန်ရှိရေချိုငါးလုပ်ငန်းရေပြင်များတွင် ရေချိုငါးဖမ်းကိရိယာ ၁၆ မျိုးဖြစ်သည့် လက်ထွန်၊ ကိုင်းထောက်၊ ထောင်ကျင်း၊ ငါးမျှားတန်း၊ ဘူးမျှော၊ လက်ပစ်ကွန်၊ ရင်တွန်း၊ ပေါ်ခပ်၊ ယက်သဲ့၊ မြှုံးငယ်အမျိုးမျိုး၊ မြှုံးကြီး၊ တုတ်၊ တစောင်း၊ ဆောင်း၊ လှံထိုး၊ ဂုတ်နှင့် ရေငန်ငါးဖမ်းကိရိယာ ၆ မျိုးဖြစ်တဲ့ ပေါ်ခပ်၊ ယက်သဲ့၊ တိုင်ထောင်မျှင်၊ ပိုက်ခမောင်း၊ ပိုက်စိမ်း၊ ခမောင်းမြှုံးတို့ကို အခွန်အခပေး ဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုပြီးတော့ လွတ်လပ်စွာရှာဖွေစားသောက်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရေလုပ်သားများအပါအဝင် ကျေးလက်နေပြည်သူများဟာ အထက်ဖော်ပြပါရေချိုငါးဖမ်း ကိရိယာ ၁၆

မျိုး၊ ရေငန်ငါးဖမ်းကိရိယာ ၆ မျိုးတို့ကို အခွန်ပေးဆောင်ရခြင်းမရှိဘဲ မိသားစုအတွက် တစ်နပ်တစ်အိုး ဟင်းစားရှာဖွေနိုင်သည်ကို ကျေးရွာအနှံ့အပြားတွေ့ရှိနိုင်ပါကြောင်းနှင့် အင်းဂရန် နယ်နိမိတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော သားငါးရှာဖွေစားသောက်သည့် ရေလုပ်သားများ ကိုယ်စား စိတ်ဝင်စားစွာဖြင့်မေးမြန်းပေးတဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင် ဦးဉာဏ်ဆွေဝင်းအား အထူးပင် ကျေးဇူးတင်ရှိကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်၏ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင် စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာတင်သွင်းထားတဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင် စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မရေးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ် ၁၁ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးအား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာကြသော လူကြီးမင်းအပေါင်း လေးစားဂါရဝပြုပါတယ် ခင်ဗျား။ မင်္ဂလာပါခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုရဲ့အဆိုကို ကျွန်တော့် အနေနဲ့ထောက်ခံရင်း တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် အကြံပြုချက်များနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ အကြံပြုလိုတဲ့အချက်ကတော့ ဖြောင့်မတ်စွာတရားစီရင်ဖို့ရာ အတွက် မဖြောင့်မတ်မမှန်ကန်စွာ မတရားတရားစီရင်နေကြတဲ့ တရားသူကြီးများကို ရာဇဝတ်ဒဏ်၊ အပြစ်ဒဏ်ပေးနိုင်ဖို့အရေး ဖြောင့်မတ်စွာတရားစီရင်ရေးဥပဒေကြမ်းကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကနေ ဥပဒေကြမ်းရေးဆွဲတင်သွင်းဖို့သာဖြစ်ပါတယ်။ မဖြောင့်မတ်၊ မမှန်ကန်စွာ မတရားတရားစီရင်နေကြတဲ့ တရားသူကြီးများကို အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ မြို့ငယ်လေး တစ်မြို့မှာ ငွေတိုးချေးစားသူတစ်ဦးဟာ နေအိမ်ကိုအပေါင်ခံ၊ တရားမဝင်အရောင်းစာချုပ်ကိုချုပ်၊ ငွေချေးယူတဲ့သူက နေအိမ်ကနေဖယ်စရာမလို၊ ငွေတိုးချေးစားသူက လက်ရောက်ပိုင်ဆိုင်မှု

မရယူထားပါဘဲနဲ့ ဟန်ဆောင်စာချုပ်၊ အရောင်းစာချုပ်မှန်းသိသိကြီးဖြစ်ပါလျက်နဲ့ ငွေတိုးချေးစားသူကတရားမမှုဖွင့် တရားသူကြီးကအနိုင်ပေး အိမ်ရှင်ကိုအိမ်ပေါ်ကနှင်ချ မြို့ကသေးသေးဖြစ်တဲ့ အတွက် မတရားတရားစီရင်ကြောင်းကို အထင်အရှားတွေမြင်နေကြပါတယ်။ သို့သော်လည်းပဲ ဥပဒေချင်းရာအရ တရားဝင်စာချုပ်ကို ဥပဒေစာချုပ်ဟု တရားသူကြီးကသတ်မှတ်သည့်အတွက် မည်သို့မှမတတ်သာ ငွေချေးယူသူခမျာ မျက်ရည်စက်လက်နဲ့ အိမ်ပေါ်ကဆင်းရရုံမျှတစ်ပါး အထူးအခြားမရှိ မြို့သားများကလည်း မတရားစီရင်ကြောင်းကိုသာပြောဆိုနေကြပါတယ်။ ဒီနေ့ တရားစီရင်ရေးမဏ္ဍိုင်မှာ အမှန်တကယ်ကို ယိမ်းယိုင်နေတာ အစစ်အမှန်ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူနာရဲ့အသက်ကိုကယ်တင်ပေးတဲ့ ဆရာဝန်ပင်လျှင် ပေါ့ဆစွာကုသမိပါက ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်ပါတယ်။ ယခုအခါမှာ မတရားလွဲမှားတရားစီရင်နေတဲ့ တရားသူကြီးများမှာ တော့ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်ခြင်းမခံကြရပါဘူး။ အကယ်၍သာ ဆရာဝန်များကဲ့သို့ပင် မိမိရဲ့ ပေါ့ဆမှု၊ မိမိရဲ့မတရားလွဲမှားမှုကြောင့် မတရားဆုံးဖြတ်ခဲ့လျှင် ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်မယ် ဆိုပါက မတရားသောတရားသူကြီးများဟာလည်းပဲ ဆင်ခြင်နိုင်ကြမှာဖြစ်ပြီး တရားစီရင်ရေးမဏ္ဍိုင်ဟာ ဖြောင့်မတ်ကြံ့ခိုင်လာမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တင်ပြနေတဲ့အချက်များသည် လွတ်လပ်စွာ တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ရန်မဟုတ်၊ တရားမျှတသော တရားစီရင်သော တရားသူကြီးများအား စော်ကားလိုခြင်းမဟုတ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ တချို့သော တရားသူကြီးများဟာ အလွန်တစ်ရာဆိုးလှပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားခံကို ရုံးမခေါ် အမှုမစစ် ညနေ ၄ နာရီကျော်မှ တရားခံကို ရုံးတော်ထဲကိုသွင်း ဥပဒေအရာရှိကမပါ၊ ရှေ့နေကမရှိ တရားစီရင်ခဲ့တဲ့ တရားသူကြီးများလည်းရှိခဲ့ပါတယ်။ ဒါတင်မက အချို့အချို့သော တရားသူကြီးများဟာ မိမိတို့ရဲ့တရားခွင်မှာ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီးတော့ ပွင့်ပွင့်လင်းလင်းမြင်သာအောင်ဆောင်ရွက်ခြင်းမရှိပါဘူး။ သို့အတွက် ပြည်သူများ အနေနဲ့ တရားသူကြီးများရဲ့ တရားစီရင်မှုအပေါ်မှာ ယုံမှားသံသယများ ရှိနေကြပါတယ်ခင်ဗျား။ ဒုတိယအကြံပြုချက်အနေနဲ့ ဖြောင့်မတ်စွာတရားစီရင်နိုင်ဖို့ရာအတွက် တရားလွှတ်တော်ချုပ်မှ တရားစစ်ဆေးစီရင်မှုအား ယနေ့ခေတ်နှင့်အညီ ဗွီဒီယိုမှတ်တမ်းတင်ရိုက်ကူးရန် အမိန့်ထုတ်ဆင့်သင့်ကြောင်းပါခင်ဗျာ့။ ယနေ့အခါမှာ တရားရုံးများမှာ တရားစစ်ဆေးကြတဲ့အခါမှာ ရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများဟာ ကြိုးစားပမ်းစား အမှန်တရားအတွက် သက်သေကိုဖော်ထုတ်စစ်မေး ဆောင်ရွက်နေကြပေမယ့် သက်သေခံအမှတ်အသား အစစ်ခံချက်ဟာ တရားခွင်စာရေးနှင့် တရားသူကြီးနှစ်ဦးရဲ့ လက်ထဲမှာသာ ရှိနေတဲ့အတွက် မိမိတို့က မှန်ကန်စွာ ထွက်ဆိုပါသော်လည်း

မှန်ကန်စွာ သက်သေခံစာရွက်စာတမ်းတွေ ရေးမှတ်ထားခြင်းရှိ၊ မရှိ။ သို့အတွက်ကြောင့် တရားစီရင်ရေးမဏ္ဍိုင်အပေါ်မှာ သံသယများ ပိုဝင်သည်ထက်ဝင်လာကြပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒုတိယအကြံပြုချက်ဖြစ်တဲ့ တရားခွင်တွင် တရားစစ်ဆေးစီရင်မှုအား ဗွီဒီယိုမှတ်တမ်းတင် ရိုက်ကူးရန်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ထုတ်ဆင့်ပေးပါရန် အကြံပြုလိုပါတယ်။ မိမိတင်ပြခဲ့သောအချက်များသည် ယနေ့လက်ရှိဖြစ်ပေါ်နေတဲ့ တရားစီရင်ရေးမဏ္ဍိုင်အပေါ်မှာ ဖြောင့်မတ်သည်ထက် ဖြောင့်မတ်၊ အများကြည်ညိုလေးစားသည်ထက် ကြည်ညိုလေးစား၊ ရှေ့နေရှေ့ရပ်များကလည်း မှန်ကန်စွာဆောင်ရွက်နိုင်ဖို့အတွက် တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အချို့အချို့သော ရှေ့နေရှေ့ရပ်များဟာလည်းပဲ ဥပဒေပညာရပ်နဲ့မိမိရဲ့လုပ်ငန်းအပေါ်သစ္စာစောင့်သိရမယ့်အစား တရားသူကြီးများကို မတရားသောနည်းများနှင့်ချဉ်းကပ်၊ မတရားသော တရားသူကြီး၊ ပညာမရှိသော ရှေ့နေရှေ့ရပ်များ ယနေ့ကျွန်တော်တို့ မြင်တွေ့နေကြပါတယ်။ အမှန်ကိုဝန်ခံရမယ်ဆိုရင် ရှေ့နေရှေ့ရပ်များသည်လည်းပဲ မိမိတို့၏ ကိုယ်ကျိုးစီးပွားကို ပဓာနမထားဘဲ ဖြောင့်မှန်စွာတရားစီရင်၍ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရေးအတွက်ကို ဝိုင်းဝန်းကူညီကြဖို့ တာဝန်ရှိပါတယ်။ ရှေ့နေရှေ့ရပ်များဟာ မတရားဆောင်ရွက်မှုများရှိခဲ့ရင် ဥပဒေပြဋ္ဌာန်းချက်များရှိပြီး အရေးယူလို့ရပြီဖြစ်ပါတယ်။ ထို့ကြောင့် မိမိအထူးတင်ပြလိုသည်မှာ မတရားမမှန်ကန်စွာ တရားစီရင်သော တရားသူကြီးများကို ရာဇဝတ်ဒဏ်ပြစ်ဒဏ်ပေးနိုင်ရေး ဥပဒေမူကြမ်းတစ်ရပ်ရှိသင့်ကြောင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့် (သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအောင်ကို တင်သွင်းခဲ့တဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး အဆိုကို ဝေဖန်အကြံပြုချက်များနှင့်တကွ ကျွန်တော်တင်ပြပါမယ်။ ဦးဆုံး ကျွန်တော်တင်ပြချင်တဲ့အချက်ကတော့ ဒီအဆိုကို ကျွန်တော် ဘာကြောင့်ထောက်ခံရသလဲ။ ခုနက လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဆွေးနွေးခဲ့သလိုပဲ ကျွန်တော်တို့ တရားစီရင်ရေးမဏ္ဍိုင်ဟာ အင်မတန်မှယိမ်းယိုင်နေပြီဆိုတာ ပြည်သူလူထုရဲ့ ပြောဆိုဝေဖန်ချက်တွေက သက်သေခံနေပါတယ်။ ဒီနေ့ ပြည်သူလူထုကနေ နိုင်ငံခြားသတင်းဌာနတွေကိုပေးပို့တဲ့ ပြည်သူလူထုရဲ့တင်ပြစာများကို နားထောင်လိုက်ရင် ဒီရက်ပိုင်းထဲမှာပဲ သထုံမြို့နယ် ဥပဒေဝန်ထမ်း၊ အခြားမြို့နယ်ကတရားသူကြီးတွေ ပြည်သူလူထုအပေါ်မှာ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားမစီရင်ဘဲနဲ့ သူရဦးအောင်ကို စာသားမှာ ပြောထားသလို ဥပဒေ

လိုင်စင်ရပြီးတော့ အလွဲသုံးစားလုပ်တဲ့ပုဂ္ဂိုလ်တွေဖြစ်နေတယ်ဆိုတာကတော့ ကျွန်တော်တို့ငြင်းလို့ မရပါဘူး။ နောက်တစ်ခုကတော့ တရားရုံးချုပ်နှင့်ပတ်သက်ပြီးမေးထားတဲ့ မေးခွန်းရှိပါတယ်။ ကျွန်တော်မေးတာကတော့ ကြယ်ပွင့်ပြပါ ကျွန်တော့်ဆီကိုပြန်လာတော့ ကြယ်ပွင့်ပြမေးခွန်းလို့ ဆိုပေမယ့် ထိပ်တန်းလျှို့ဝှက်လို့ပါလာပါတယ်။ အဲဒါကြောင့် ဒီပြည်ထောင်စုတရားရုံးချုပ်ရဲ့ ပြန်ကြားချက်ကို ထိပ်တန်းလျှို့ဝှက်လို့ပါတဲ့အတွက် လွှတ်တော်အတွင်းမှာ ကျွန်တော် ကိုးကားခွင့်ရှိ၊ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုတရားရုံးချုပ် သက်ဆိုင်သူပုဂ္ဂိုလ်များကို ကျွန်တော် မေးမြန်းပါရစေ။ လွှတ်တော်အတွင်းမှာပင်မကဘူး ပြည်သူလူထုအတွင်းမှာလည်း ပြည်ထောင်စု တရားရုံးချုပ်ရဲ့ပြန်ကြားချက်ကို ကျွန်တော်တို့ ပြည်သူထံတင်ပြခွင့် ရှိ၊ မရှိသိလိုပါတယ်။ ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဖြေကြားပေးမယ်ဆိုရင် ကျွန်တော်ဆွေးနွေးချက်ပိုပြီးတော့ ပြိုင်ပြိုင်ဆိုင်ဆိုင်ဖြစ်လာ ပါလိမ့်မယ်။

**ဥက္ကဋ္ဌ။** ။ ဆက်ဆွေးနွေးပါ။ သီးခြားဖြေရှင်းပေးပါ့မယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ဆီပြန်ကြားစာအရ သမ္မတကြီးမိန့်ခွန်းပြောပြီးတော့ ၃၀-၃-၂၀၁၁ မှာ ပြည်သူလူထုကတရားစီရင်ရေးအပေါ်မှာ တိုင်ကြား ခဲ့တာ ၇၇ မှုရှိပါတယ်။ အဲ့ဒီ ၇၇ မှုနှင့်ပတ်သက်ပြီးတော့ အရေးယူမှုကတော့ ၁၀ ယောက်ကို ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခဲ့ပါတယ်။ ၂ ဦးကိုရာထူးအဆင့်လျှော့ချခဲ့ပါတယ်။ အငြိမ်းစားပေးခြင်း ခံရသူ ၁ ဦးရှိပါတယ်။ သတိပေးခြင်းခံရသူ ၄၀ ဦးရှိပါတယ်။ စုစုပေါင်းဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရတဲ့ တရားသူကြီး ၅၇ ဦးရှိကြောင်းတွေ့ရပါတယ်။ ခြုံပြောလိုက်ရင်တော့ ပြည်သူလူထုရဲ့တိုင်ကြားချက်က ၈၀ ရာခိုင်နှုန်းနီးပါးမှန်ကန်တယ်ဆိုတာ ပြည်ထောင်စုတရားရုံးချုပ်ရဲ့ ပြန်ကြားစာအရကိုဖော်ပြနေပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတို့နယ်ပယ်မှာမကပါဘူး။ မကြာခင် ကျွန်တော်တို့ ဖေဖော်ဝါရီလ ၈ ရက်နေ့လောက်က လန်ဒန်ကထုတ်ပြန်ခဲ့တဲ့ စစ်တမ်းကောက်ယူရေးအဖွဲ့ရဲ့အစီရင်ခံစာမှာ တရားဥပဒေစိုးမိုးမှုအနည်းဆုံး ၁၀ နိုင်ငံစာရင်းမှာ ကျွန်တော်တို့နိုင်ငံပါဝင်နေပါတယ်။ ကျွန်တော်တို့ရဲ့အမျိုးသားဂုဏ်သိက္ခာကို ထိပါးရုံတင်မကဘူး။ အခုနိုင်ငံရေးအခြေအနေသစ်အရ စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း ကာလမှာ ကျွန်တော်တို့နိုင်ငံမှာလာရောက်မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက်လည်း မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုအဆိုးဆုံးစာရင်းထဲမှာပါဝင်နေတာဟာ ကျွန်တော်တို့အတွက်မလိုလားအပ်ဆုံး အခြေအနေနဲ့ အရေးတကြီးပြုပြင်ရပါတော့မယ်။ အဲ့ဒါတွေကလည်း ခုနအဘက်ဘက်ကတင်ပြခဲ့ သလိုပဲ ကျွန်တော်တို့ ဘယ်လိုနည်းလမ်းတွေနဲ့ဆောင်ရွက်ကြမလဲ။ ပြဿနာကိုကျွန်တော်တို့ဖြေရှင်းဖို့

ဆောင်ရွက်တဲ့အခါမှာ ပွင့်လင်းမြင်သာမှုရှိဖို့လိုပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးဆိုတဲ့အသံကို ဒီကနေ့နိုင်ငံတော်သမ္မတကြီးကကော၊ နယ်ပယ်အသီးသီးမှာကော ပြောနေကြပါတယ်။ အဲ့ဒီတော့ တရားဥပဒေစိုးမိုးရေးရဲ့အနှစ်သာရက ဘာလဲ။ အကြမ်းဖျင်းအချက် ၃ ချက်ရှိပါတယ်။ ပထမအချက်ကတော့ အဂတိကင်းစင်တဲ့စီရင်ဆုံးဖြတ်ချက်တွေရဖို့ပါ။ ဒုတိယအချက်ကတော့ တရားမျှတစွာဆက်ဆံပြုမူခွင့်ရဖို့လိုပါတယ်။ တတိယအချက်ကတော့ နိုင်ငံသားအခွင့်အရေးလေးစားလိုက်နာဖို့လိုပါတယ်။ အဲ့ဒီတော့ ကျွန်တော့်ဘဝအတွေ့အကြုံမှာဘယ်လိုမှမေ့လို့မရတဲ့ အဂတိကင်းတဲ့စီရင်ဆုံးဖြတ်ချက်ကိစ္စကိုတော့ ကျွန်တော်အချက် ၂ ချက်တင်ပြလိုပါတယ်။ အရင်တုန်းကတော့ တရားမမှုပါ။ ၁၉၈၃ ခုနှစ် ဗဟိုတရားရုံးအဖွဲ့ တရားစီရင်ထုံးများစာအုပ်မှာ ဒေါ်ခင်အေးပါ ၂ နှင့် ဦးညွှန့်ဝင်းပါ ၁၂ စီရင်ထုံး၊ အဲ့ဒီစီရင်ထုံးမှာ တရားရုံးချုပ်က ဒီအပေးစာချုပ်ကလုံးဝပျက်ပြယ်မည်မဟုတ်လို့ အတိအလင်းဆုံးဖြတ်ထားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကိုယ်တိုင်နိုင်ငံရေးသမားဘဝဖြတ်သန်းခဲ့ရတဲ့အခါကျတော့ ဒီအဂတိကင်းတဲ့ စီရင်ဆုံးဖြတ်ချက်ကိုရော ကျွန်တော်တို့မရခဲ့ပါဘူး။ ဘယ်လောက်အထိလဲဆိုတော့ အဲ့ဒီလို အတိအလင်းစီရင်ထုံးမှာပါတဲ့ဟာကိုတောင် တိုင်းတရားသူကြီးလောက်ကပြန်ပြင်ပြီးတော့ ဗဟိုတရားရုံးနှင့်ဆန့်ကျင်ပြီး အပေးစာချုပ်ပျက်ပြယ်တယ်ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ပါတယ်။ ငြင်းချက်မထုတ်ဘူး။ ဆိုလွှာ၊ ချေလွှာမှာမပါဘူး။ တရားမဆိုတာ ဆိုလွှာ၊ ချေလွှာအခြေခံပြီး ငြင်းချက်ထုတ်ရပါတယ်ဆိုတာ ဥပဒေပညာရှင်တိုင်းသိပါတယ်။ သို့သော် ဘယ်လောက်အထိလက်ရဲဇက်ရဲနိုင်ခဲ့သလဲဆိုရင် ပဏ္ဏာမဒီဂရီဆုံးဖြတ်မယ့်အချိန်မှာ အဲ့ဒီ ရန်ကုန်တိုင်းတရားသူကြီးက ကျွန်တော့်ကိုမေးပါတယ်။ အခုချိန်ဟာ ဝင်ရမယ့်အချိန်ပါတဲ့။ ကျွန်တော် နားမလည်ခဲ့ဘူး။ နားမလည်ခဲ့ဘူးဆိုတာ ဒီလောက်ပြောင်ပြောင်တင်းတင်းပြောရဲတဲ့ဟာမျိုး ကျွန်တော်တို့ကြုံတွေ့ခဲ့ရပါတယ်။ အဆင့်ဆင့်တရားရုံးများတက်တဲ့အခါကျတော့လည်း စီရင်ထုံးတစ်ခုဟာသက်ဆိုင်ရာအမှုရဲ့အဖြေ ဒါမဖြစ်မနေလိုက်နာရမယ်လို့ စီရင်ထုံးပြုထားပါတယ်။ အဲ့ဒီအပြင် ဗဟိုတရားရုံးရဲ့စီရင်ထုံးများကို နောင်ပေါ်ပေါက်လာတဲ့ နဝတခေတ်ရော၊ ဒီဘက်ခေတ်ပေါ်ပေါက်လာတဲ့ တရားစီရင်ရေးအဖွဲ့တွေက ပယ်ဖျက်ပိုင်ခွင့်မရှိဘူးဆိုတာလည်း စီရင်ထုံးပြုထားပါတယ်။ အဲ့ဒီလိုဟာမျိုးသည်ပင်လျှင် ဥပဒေမှာမပါဘဲနဲ့ ဥပဒေနဲ့မညီ လွတ်လပ်စွာတရားစီရင်ရေးကို အဆင့်ဆင့်သော တရားရုံးတွေမှာဆုံးဖြတ်ခဲ့တဲ့ဖြစ်ရပ်ဟာ ယနေ့အချိန်ထိသက်ဆိုင်သူများခံစားနေရပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ပြစ်မှုနဲ့ ကျွန်တော်တင်ပြပါရစေ။ ကျွန်တော်နဲ့ အခုကျွန်တော်လိုက်ပေးတဲ့ပုဂ္ဂိုလ် ဒါတိုင်းပြည်က အားလုံးသိပါတယ်။ ဒါ

ဟံသာဝတီ ဦးဝင်းတင်ရဲ့အမှုပါ။ ကျွန်တော်ဟာ သူနဲ့နိုင်ငံရေးအရတူတာတွေရှိတယ်။ မတူတာတွေ ရှိတယ်။ သို့သော် သူ့ကိုတရားစွဲတဲ့ ၁၉၈၉ ခုနှစ်၊ ဇူလိုင် ၄ ရက်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၆ နဲ့ တရားစွဲပါတယ်။ ဒီဟာကတော့ ထွက်ပြေးတိမ်းရှောင်နေတဲ့သူကို ကူညီလက်ခံပေးတဲ့အမှုပါ။ အဲ့ဒီအမှုက အာမခံပေးရပါမယ်။ အင်္ဂလိပ်လိုကလည်း ပေးကိုပေးရမယ်လို့ရေးထားပါတယ်။ အဲ့ဒီလို အာမခံပေးရမယ့်အမှုကို အာမခံနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာတရားရေးအဖွဲ့အစည်းက ကန့်ကွက်တဲ့အတွက်ဆိုပြီးတော့မပေးခဲ့ဘူး။ အဲ့ဒါနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တရားရုံးချုပ်ကို တက်ပါတယ်။ တရားရုံးချုပ်မှာ ကျွန်တော်အလေးအနက်ပြောတာရှိပါတယ်။ ဥပဒေကပေးကို ပေးရမယ်ဆိုရင် ဒီအာမခံပေးလိုက်ပါ။ ဒါမှမဟုတ်ဘဲနဲ့ အဲ့ဒီအချိန်တုန်းက နဝတဆိုတာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာ သုံးရပ်လုံးရှိပါတယ်။ အဲ့ဒါကြောင့် ဒီပုဒ်မကို အာမခံ မပေးရတဲ့ပုဒ်မအဖြစ်ပြန်ပြီးတော့ ဥပဒေပြင်လိုက်ပါ။ ဒါဆိုရင်ကျွန်တော်တို့အတွက် စီရင်ဆုံးဖြတ်တဲ့ သူအတွက်လည်းကောင်းပါတယ်။ ဥပဒေမပြင်ဘဲနဲ့လုပ်မယ်ဆိုရင် အင်မတန်ရုပ်ဆိုးတဲ့ စီရင်ဆုံးဖြတ် ချက်တွေကို ကျွန်တော်တို့မြန်မာနိုင်ငံရဲ့သမိုင်းမှာကျန်ခဲ့မယ်လို့ ကျွန်တော်ထောက်ပြခဲ့ပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီလို ဥပဒေမှာမပါတဲ့ အချက်တွေကို ဆုံးဖြတ်ခဲ့တဲ့အတွက် ခံရသူကာယကံရှင်အနေနဲ့ ဒီနေ့အထိဘာပဲဖြစ်ဖြစ်ပေါ့။ ကျွန်တော်တို့ရဲ့ တရားဥပဒေစိုးမိုးရေးအပေါ်မှာ အများကြီးခံစားရပြီးတော့ တုံ့ပြန်မှုတွေလည်းကျွန်တော်တို့ကြုံတွေ့ ခဲ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တဲ့အချက်က စီရင်ဆုံးဖြတ်တဲ့သူကတော့ တို့ဆုံးဖြတ် လိုက်ပြီ၊ သက်ဆိုင်သူများခံကြပေတော့ဆိုပြီးတော့ ဆုံးဖြတ်လိုက်ပေမယ့် ခံရတဲ့သူအဖို့ကတော့ ကမ္ဘာမကျေနိုင်ပါဘူး။ ဘဝတစ်လျှောက်လုံး ဒီဆုံးဖြတ်ချက်တွေကို အင်မတန်မှနာကျည်းခဲ့ရပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ဆီကိုရောက်လာတဲ့ တိုင်စာတွေ၊ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌဆီလည်းပို့ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌဆီလည်းပို့ပါတယ်။ ကျွန်တော့်ဆီလည်း မိတ္တူပို့ပါတယ်။ ကျွန်တော့်မြို့နယ်ကဆိုရင်။ ကျွန်တော်တို့ တရားစီရင်ရေးမှာ စီရင်ထုံးပြုထားပါတယ်။ မြေတွေကို လွှဲပြောင်းမယ်ဆိုရင် အထွေထွေ ကိုယ်စားလှယ်လွှဲစာ၊ ရန်ကုန်မှာဆိုရင် ဂဇ္ဇီမှတ်ပုံတင်ရုံးမှာ လုပ်တဲ့စာချုပ်နဲ့ပဲလွှဲရပါတယ်။ နိုတြီပတ်ဘလစ်ခ်မှာလုပ်တဲ့စာချုပ်နဲ့မလွှဲနိုင်ပါဘူး။ သို့သော်အဆင့်မြင့်ဆုံးတာဝန်ရှိတဲ့နယ်ပယ်က လူတွေ စီရင်ထုံးရှိပါလျက်သားနဲ့ အထွေထွေကိုယ်စားလှယ်လွှဲစာမပါဘဲနဲ့ခွင့်ပြုခဲ့လို့ ဒီပုဂ္ဂိုလ်ရဲ့စာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဆီလည်း ကျွန်တော်ပေးပို့ထားပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေး ဆိုင်ရာကော်မတီဥက္ကဋ္ဌဆီလည်း ပေးပို့ထားပါတယ်။ ဘာကြောင့် ကျွန်တော်ပေးပို့လဲဆိုတော့

အစောတုန်းက ကျွန်တော်လည်းမသိဘူး။ အဲ့ဒီလို လွဲလွဲမှားမှားဆုံးဖြတ်ပေးတဲ့ပုဂ္ဂိုလ်ဟာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသလို အရေးယူမခံရတဲ့အပြင် ဒီနေ့ မြင့်မြင့်မားမားတာဝန်ကြီး တစ်ခုကိုပင်ရနေတာတွေ့ရပါတယ်။ အစောတုန်းကသာ ဒီစာရရင် အဲ့ဒီအချိန်တုန်းက အဲ့ဒီပုဂ္ဂိုလ်ကို တာဝန်ပေးတဲ့အချိန်မှာ ကျွန်တော်ဒီဟာကိုအထောက်အထားပြုပြီးတော့ ကန့်ကွက်မှာပါ။ အခုတော့ ကျွန်တော် ကန့်ကွက်ဖို့အချိန်နှောင်းသွားပါပြီ။ အဲ့ဒီတော့ ခုနက လွဲလွဲမှားမှားဆုံးဖြတ်တဲ့ဟာက အရေးယူမခံရတဲ့အပြင် ချီးမြင့်ခံရတဲ့အခြေအနေမျိုးကို ဒီနေ့ ကျွန်တော်တို့ကြုံတွေ့နေရပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် နိုင်ငံသားတွေရဲ့အခွင့်အရေးကို စာချွန်တော်လွှာနဲ့ပေးရပါတယ်။ တကယ်စာချွန်တော်လွှာနှင့်ပတ်သက်ပြီးတော့ ထူးခြားတဲ့အမှုမျိုး တွေ၊ တကယ်ဆင်းရဲတဲ့သူတွေ၊ ဒီကိစ္စမှာပဲ ဒီတစ်ခြံတည်း ဒီတစ်မြေတည်း ဒီမှာပဲအတူတူနေပါတယ်။ ဒါပေမယ့် အမှုတစ်မှုမှာကတော့ ဒါကာလစည်းကမ်းက လွန်ပြီလို့ဆုံးဖြတ်တယ်။ အမှုတစ်မှုမှာကတော့ ဒါကာလစည်းကမ်းက မလွန်ဘူးလို့ဆုံးဖြတ်တယ်။ အကြောင်းအရာတစ်ခု၊ ဖြစ်စဉ်တစ်ခုထပ်တူပဲ သို့သော်လည်း အခုလိုစာချွန်တော်လွှာတက်လိုက်တဲ့အခါကျတော့ အခြေခံဥပဒေကပေးထားတဲ့ အခွင့်အရေးဆိုပေမယ့် အင်မတန်မှလုပ်ထုံးလုပ်နည်းတွေရဲ့ရှုပ်ထွေးပွေလီမှုတွေကြောင့် နိုင်ငံသား အခွင့်အရေးတွေခံစားရဖို့အင်မတန်ကိုနည်းပါးနေပါတယ်။ ဒါကတော့ ကျွန်တော်သီးခြားတင်ပြ ပါမယ်။ အဲ့တော့ ဒုတိယ နိုင်ငံသားအခွင့်အရေးတွေနှင့်ပတ်သက်တဲ့ နစ်နာဆုံးရှုံးမှုတွေကိုဘယ်လို ကုစားမလဲ။ လောလောဆယ်ကုစားနိုင်တဲ့ နည်းလမ်းကတော့ ကျွန်တော်တို့ အခုလက်ရှိ တရားစီရင်ရေးဥပဒေမှာပါတဲ့ပုဒ်မ ၂၀ အရ ပြည်ထောင်စုတရားသူကြီးချုပ်က အများပြည်သူ အကျိုးငှာအရေးယူလောက်တဲ့ပြဿနာတစ်ရပ်ပေါ်ပေါက်တယ်လို့ယူဆပြီးတော့ အဲ့ဒီလို ဥပဒေနှင့် မညီဘဲနဲ့ အင်မတန်ရုပ်ဆိုးခဲ့တဲ့ကိစ္စတွေကို ပြန်လည်ကြားနာဖို့ ကျယ်ကျယ်ပြန့်ပြန့်ပြန်ပြီးတော့ လေ့လာဖို့ကျွန်တော်အကြံပြုပါတယ်။

ဒုတိယကျွန်တော်အကြံပြုချင်တဲ့အချက်ကတော့ဒီလွှတ်တော်မှာ ကျွန်တော်တင်သွင်းထားပြီး ပြည်ထောင်စုလွှတ်တော်ကိုပို့မယ့် လာဘ်ပေးလာဘ်ယူမှုတားဆီးရေး ဥပဒေအမြန်ပြဋ္ဌာန်းနိုင်ဖို့လိုပါတယ်။ အခု လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြန့်ဝေပေးတဲ့ Anti-Corruption Law တွေကိုလေ့လာကြည့်တဲ့အခါမှာ စင်္ကာပူလိုနိုင်ငံမျိုးတွေမှာခိုင်ခိုင်မာမာချည်ထား တဲ့အတွက် လာဘ်ယူဖို့အင်မတန်ခဲယဉ်းပါတယ်။ အခုကျွန်တော်တို့ဆီမှာ ကိုယ့်ဝင်ငွေနဲ့မမျှတဲ့ ငွေကြေးကြွယ်ဝမှုနှင့်ပတ်သက်ပြီး သက်သေပြရန်တာဝန်ဟာ စွပ်စွဲသူရဲ့တာဝန်ပဲဖြစ်ပါတယ်။ စင်္ကာပူလိုနိုင်ငံမှာကတော့ ဒီလိုငွေကြေးတွေကိုဘယ်လိုရလဲဆိုတာ ရယူသူကိုနည်းနည်းလေးသံသယ

ဝင်ရင်တောင်သက်သေပြရပါတယ်။ ကျွန်တော်အသေးစိတ်တော့မပြောတော့ပါဘူး။ ဒီနေ့အဆင့်ဆင့် သောတရားသူကြီးတော်တော်များများဟာ မိမိတို့ရတဲ့ဝင်ငွေ၊ မိမိတို့နေထိုင်မှု၊ မိမိတို့သုံးစွဲမှု ဘယ်လောက်ကွာဟနေတယ်၊ ဘယ်လောက်မေးခွန်းထုတ်စရာတွေကောင်းတယ်ဆိုတာ အခု သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးသိကြပါလိမ့်မယ်။ တရားရုံးမှာစာတွေကပ် ထားတာရှိပါတယ်။ လာဘ်ပေးလာဘ်ယူကင်းဖို့၊ တိုင်ဖို့ သို့သော် တရားရုံးဝန်းကျင်ကိုရောက်တဲ့ အခါကျရင်အားလုံးဟာ လာဘ်ပေးလာဘ်ယူဆိုတာ လုပ်ကိုလုပ်ရမယ့်အလုပ်တစ်ခု၊ ယဉ်ကျေးမှုတစ်ခု ဖြစ်သွားပါပြီ။ ခုနက အင်းတော်ဘက်က လွှတ်တော်ကိုယ်စားလှယ်ကြီးတင်တဲ့အချက်မှာ ရှေ့နေတွေရဲ့ အခန်းပါပါတယ်။ မှန်ပါတယ်။ ဒီနေ့ ရှေ့နေတော်တော်များများဟာ တရားရုံးအရာရှိများ မဟုတ်ကြ တော့ပါဘူး။ တကယ့်အမှုပွဲစားတွေဖြစ်ပြီးတော့ သူတို့ရဲ့ဘဝဟာ ပညာရှင်အဆင့်ကနေ ဒီလာဘ်ပေး လာဘ်ယူအတွက်လုပ်ပေးရတဲ့ဘဝကိုတော်တော်များများ ရောက်သွားကြပါတယ်။ အခုဒီကပြန်ရင် ရန်ကုန်ရှေ့နေတော်တော်များများက ကျွန်တော်နဲ့တွေ့တဲ့အခါမှာ အသေးစိတ်အချက်အလက်တွေ သူတို့ပေးကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီရှေ့နေတွေရဲ့အနေအထားက မြင့်ရမယ့်အနေအထား မရှိဘဲနဲ့ အင်မတန်နိမ့်ကျမယ့်အခြေအနေရှိပါတယ်။ ကျွန်တော်မကြာခဏပြောပြခဲ့ပါတယ်။ ကျွန်တော့် တပည့်ရှေ့နေက ကျွန်တော့်ကို တရားရုံးမှာစီရင်ထုံးတွေကိုးကားတိုင်း ဆရာအဲ့ဒါတွေမကိုးကားနဲ့ ဒါတွေကအလုပ်မဖြစ်ဘူး။ ပုဒ်မ ၄ စီရင်ထုံးပဲ ဆရာကိုးကားပါဆိုတာ ကျွန်တော်အခုထက်ထိမမေ့ ပါဘူး။ ကျွန်တော့်တပည့်ကွယ်လွန်သွားပါပြီ။ ပုဒ်မ ၄ ပေးမှလုပ်ဆိုတာ သူကကျွန်တော့်ကို ဥပဒေ စာအုပ်တွေယူလာတိုင်း ပျက်ရယ်ပြုတဲ့အထိ ကျွန်တော်တို့ကြုံတွေ့ခဲ့ရပါတယ်။ အဲ့ဒီတော့ တရား စီရင်ရေးနှင့်ပတ်သက်ပြီး ပြင်ဖို့လိုတဲ့အချက်ကို ကျွန်တော်တို့ပြင်ကြရမယ့်အချိန်မှာ အကြံကောင်း ဉာဏ်ကောင်းတွေလည်းပေးကြရပါမယ်။ အဲ့ဒီတော့ ကျွန်တော် အရင်ဆုံးမြင်တဲ့အချက်ကတော့ ကျွန်တော်ရှေ့နေသက်တမ်း နှစ် ၄၀ နီးပါးမှာ ကျွန်တော်မြင်တဲ့ ပြင်သင့်တဲ့အချက်ကတော့ တရားခွင် ရောက်ရင်အမှုသည်တွေ၊ တရားလိုတွေက ကတိသစ္စာပြုရပါတယ်။ အဲ့ဒီလိုပဲ မဟုတ်မမှန်လုပ်လို့ရှိရင် ဘာကျမ်းတွေဘယ်လိုစူးပါစေ။ အဲ့ဒီအတိုင်းပဲ တရားသူကြီးများကလည်းအဆင့်ဆင့်မှာ မနက်ရုံးထိုင် ကတည်းက ဒီကတိသစ္စာကို အရင်ဆုံးပြုသင့်တာကတော့ တရားသူကြီးတွေပါပဲ။ အဲ့ဒါကိုလည်း ဒီလွှတ်တော်ကတစ်ဆင့် ကျွန်တော်လေးလေးနက်နက် တရားသူကြီးများကတိသစ္စာပြုပါလို့ အနူးညွှတ် ဆုံးကျွန်တော်တင်ပြတာပါ။ လာဘ်ပေးလာဘ်ယူမလုပ်ခင်ကိုယ်လည်း ကျမ်းစူးနိုင်တယ်ဆိုတာသိမှ တော်ရုံတန်ရုံမဟုတ်တာလုပ်ဖို့ကို ထိန်းသိမ်းနိုင်မှာပါ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးမည့်သူများတဲ့အတွက် ကျွန်တော်ပြောစရာတွေရှိပေမယ့် နိဂုံးချုပ်ပါ့မယ်။ နိဂုံးချုပ်တဲ့အခါမှာ ကျွန်တော် အမှုလိုက်တဲ့အခါမှာရော အမြဲတမ်းကိုးကားခဲ့အချက်လေးကိုတော့ ဖတ်ပြပါရစေ။ အဲ့ဒါကတော့ ပထမဦးဆုံးအကြိမ်ကျင်းပတဲ့ ၁၉၅၅-၅၆ တရားသူကြီးများညီလာခံမှာ အဲ့ဒီအချိန်တုန်းက နိုင်ငံတော်တရားဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မာ ဦးသိန်းမောင်ရဲ့နှုတ်ခွန်းဆက်စကားဖြစ်ပါတယ်။ အဲ့ဒီမှာ ဦးသိန်းမောင်က တရားသူကြီးများရဲ့တာဝန်ကြီးလေးကြောင်းကို အခုလိုမိန့်ကြားခဲ့ပါတယ်။ တရားသူကြီးများသည်နေ့စဥ်နှင့်အမျှ သူတစ်ပါးတို့၏ အသက်၊ စည်းစိမ်၊ အိုးအိမ်စသည်တို့နှင့် စပ်လျဉ်းတဲ့မှုခင်းများ၊ လွတ်လပ်ခွင့်နှင့်စပ်လျဉ်းတဲ့မှုခင်းများကို စီရင်ဆုံးဖြတ်နေရသူများဖြစ်သောကြောင့်လည်းကောင်း၊ အကယ်၍တရားသူကြီးများသည် အမှားမှားအယွင်းယွင်းစီရင်ဆုံးဖြတ်ကြလျှင် အမှုသည်များမှာ အသက်၊ စည်းစိမ်၊ အိုးအိမ်စသည်တို့ ပျက်ပြားသည်အထိ လွတ်လပ်ခွင့်ဆုံးရှုံးသည်အထိ နစ်နာနိုင်သောကြောင့်လည်းကောင်း၊ တရားရုံးများက တရားကိုမတရား၊ မတရားကို တရားဟု အလွဲလွဲအမှားမှားဆုံးဖြတ်ခဲ့ကြလျှင် ပြည်သူလူထုမှာအားကိုးရာမဲ့၍ စိတ်ဓာတ်ပျက်ပြားပြီး တိုင်းပြည်၏ ငြိမ်းချမ်းသာယာမှုကိုပင် ဆုတ်ယုတ်နိုင်သောကြောင့်လည်းကောင်း၊ တရားသူကြီးများ၏တာဝန် ဝတ္တရားများသည် အလွန်ကြီးလေးပြီး ဤစကား၌ တရားကိုမတရား၊ မတရားကိုတရားဟု စီရင်ဆုံးဖြတ်ကြခြင်းသည် တိုင်းပြည်နိုင်ငံ ဆုတ်ယုတ်ပျက်စီးရန်အကြောင်းတရားဖြစ်သည်ဟူ၍လည်းကောင်း၊ တရားကိုတရား၊ မတရားကိုမတရားဟု စီရင်ဆုံးဖြတ်ကြခြင်းသည် တိုင်းပြည်နိုင်ငံ မဆုတ်ယုတ်မပျက်ပြားဘဲ ကြီးပွားတိုးတက်ရန် အကြောင်းတရားဖြစ်သည်ဟူ၍လည်းကောင်း သုတ်မဟာဝါ မဟာပရိတ် နိဗ္ဗာနသုတ် အပရိဇေဝနိယာမ တရားခုနစ်ပါးဆိုင်ရာအခန်းတွင် မြတ်စွာဘုရားဟောကြားဆုံးမခဲ့သည်ကို သတိပြုကြရပေမည်ဆိုတဲ့ ကျွန်တော် အမြဲတမ်းကိုးကားပြီးတော့ ကိုယ်တိုင်ဒီဟာကို ကိုးကားခဲ့တဲ့အတွက် ရှေ့နေလိုင်စင်ရုပ်ဆိုင်းခံခဲ့ရတဲ့ ဦးသိန်းမောင်ရဲ့ Note ကိုထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန် ၄၅ မိနစ်ခန့် အစည်းအဝေးကိုရပ်နားပါမယ်။

**အချိန်၊ ၁၂း ၃၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၄၅ မိနစ်ခန့်ရပ်နားပါသည်။]

အချိန်၊ ၁၃း၁၅ ။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မကြာခင် အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ ကျွန်မက ကန်ပက်လက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ် ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုကို သဘောရိုးဖြင့် အကြံပြုဆွေးနွေး သွားမှာဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ တရားစီရင်ရေးနယ်ပယ်နဲ့ ပတ်သက်တဲ့သူများမှာ (၁) တရားသူကြီး၊ (၂) ဥပဒေအရာရှိ၊ (၃) ပြည်သူ့ရဲတပ်ဖွဲ့၊ (၄) အမှုပွဲစားများ၊ (၅) ရှေ့နေများ၊ (၆) အမှုသည်များ၊ (၇) သက်သေများ၊ (၈) ဝန်ထမ်းများ၊ (၉) မီဒီယာ၊ (၁၀) ဥပဒေပြုရေးအပိုင်းမှာပါတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ (၁၁) အစိုးရအပိုင်းမှာပါတဲ့ အုပ်ချုပ်ရေးကဏ္ဍ၊ (၁၂) ပြည်သူများ အပိုင်းလို့ အကြမ်းဖျင်း ၁၂ ပိုင်း ရှိပါတယ်။ ၎င်းတို့က မိမိတို့ရဲ့ ကျရာတာဝန်ကို ဖြောင့်မတ်မှန်ကန် မျှတသန့်ရှင်းစွာ ဆောင်ရွက်ရန် လိုအပ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ၁၂ ပိုင်းစလုံးပြောရင် အချိန်မလုံလောက်မှာ ဖြစ်တဲ့အတွက် အရေးကြီးတဲ့ ကဏ္ဍလောက်ပဲ တင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။ ပထမဦးဆုံးအနေနဲ့ တရားသူကြီးများ အကြောင်း ဖြစ်ပါတယ်။ တရားစီရင်ရေးမှာ အဓိကတာဝန်ရှိသူ တရားသူကြီးများဟာ အမှုကို ဆောင်ရွက်ခြင်း၊ စီရင်ချက် ချမှတ်ခြင်းများကို ပြုလုပ်ရသူများဖြစ်လို့ တရားမျှတစွာ စီရင်ခြင်းဖြင့် တရားရေးမဏ္ဍိုင်ကို တည်တံ့စေနိုင်မှာဖြစ်ပါတယ်ရှင်။ (Justice must not only be done, but it must be seen to be done) တရားစီရင်ရေးရာမှာ မျှတစွာတရားစီရင်ရန်သာ မဟုတ်ဘဲ၊ မျှတစွာ တရားစီရင်ထားတာ ကို မြင်သာထင်ရှားစေရန် အထူးပင်လိုအပ်လှပါတယ်ရှင့်။ တရားရုံးအဆင့်ဆင့်မှာ အကျင့်သီလနှင့် ပြည့်စုံသော၊ အရည်အချင်းပြည့်ဝသော တရားသူကြီးများကို ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် တာဝန်ထမ်းဆောင်စဉ်အတွင်းမှာ အကျင့်သီလသမာဓိပျက်ယွင်းကြောင်း၊ လာဘ်ပေးလာဘ်ယူမှု

ပြုလုပ်နေကြောင်း ကျော်ဇောသတင်းရတဲ့အခါမှာ အဲဒီတရားသူကြီးကို ထိရောက်တဲ့ အရေးယူမှုပြုလုပ်ခြင်းဖြင့် တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ပြီး ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်ရှင်။ အမှုများကို မှန်မှန်နဲ့မြန်မြန်ဆောင်ရွက်ရန်၊ စီရင်ရန်လည်း လိုအပ်ပါတယ်။ အမှုများကို မလိုအပ်ဘဲ ကြန့်ကြာစေခြင်းဟာ အမှုသည်များက တရားရုံးအပေါ်၊ တရားစီရင်ခြင်းအပေါ်မှာ အယုံအကြည် ကင်းမဲ့လာစေပါတယ်။ အမှုမှာ အပြစ်တွေ့ရှိပါက ငွေဒဏ်၊ ထောင်ဒဏ်ချမှတ်ပြီး အပြစ်မရှိပါက အမှုမှ အပြီးအပြတ် လွှတ်ရန်ဖြစ်ပါတယ်ရှင်။ ဒါတွေကို ဘာကြောင့် ပြောရတာလဲ တရားရုံးမှာ လုပ်နေကြတာ မဟုတ်လားလို့ မေးစရာရှိပါတယ်။ ဒါတွေကို ဘာကြောင့် ပြောရတာလဲဆိုတာကို မိမိတို့ရဲ့ ဆင်ခြင်တုံတရားနဲ့ စဉ်းစားသာကြည့် ကြစေလိုပါတယ်ရှင်။ နောက်ပြီးတော့ ရဲအရေးယူပိုင်ခွင့် မရှိသော အမှု၊ ဦးတိုက်လျှောက်ထားမှုနှင့် စပ်လျဉ်းပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီးနောက် အရေးယူရန်အကြောင်း မပေါ်ပေါက်လို့ရှိရင် အမှုကိုချက်ခြင်း ပလပ်ခြင်းအားဖြင့် လည်း တရားရုံးကို ပြည်သူများ ပိုမိုယုံကြည်လာစေမှာ ဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ (၁) အရ သက်ဆိုင်ရာ တရားရုံးသို့ မလိုအပ်ဘဲ စုံစမ်းစစ်ဆေးခိုင်းရန် ညွှန်ကြားခြင်း၊ သက်ဆိုင်ရာရဲစခန်းက တရားရုံးမှ ညွှန်ကြားချက်နှင့်အညီ မစစ်ဆေးခြင်း၊ လိုအပ်တဲ့စာရွက်စာတမ်း များ သိမ်းဆည်းမှုမပြုခြင်း၊ မှန်မှန်ကန်ကန်ဆောင်ရွက်ရန် ပျက်ကွက်မှုများရှိခြင်းတို့ကြောင့် အမှုမှန် တိမ်းစောင်းသွားပြီးတော့ တရားရေးမဏ္ဍိုင်ကို ကြီးမားစွာ ထိခိုက်စေနိုင်ပါတယ်ရှင်။ အာမခံပေးခွင့် ရှိတဲ့အမှု၊ အာမခံပေးခွင့်မရှိတဲ့အမှုများမှာ လာဘ်ငွေများကို လက်ခံ၍ အာမခံပေးခြင်း၊ ပြစ်ဒဏ်ချမှတ် ရာမှာ လာဘ်ငွေယူပြီး ပြစ်မှုနှင့်ပြစ်ဒဏ်လျော်ညီမှုမရှိခြင်းစသည်တို့ကြောင့် တရားရေးမဏ္ဍိုင် ယိုယွင်းလာပြီး တရားရုံးအပေါ် ပြည်သူများက အယုံအကြည်လျော့ပါးလာပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်တရားရုံးမှာကတော့ အာမခံပေးနိုင်တဲ့ မူးယစ်ဆေးဝါးမှုမှာတောင် ထူးထူးခြားခြား အာမခံရကြောင်း ကြားသိရပါတယ်ရှင်။ ပင်လောင်းမြို့နယ်ဘက်မှာဖြစ်တဲ့ အမှုတစ်ခုကတော့ မူးယစ်မှုကို ဖမ်းဆီးရမိတာမဟုတ်ဘဲနဲ့ ငွေကိုရရှိခဲ့တယ်။ ငွေကိုရရှိတဲ့အမှုမှာကျတော့ အာမခံ လုံးဝ မပေးဘဲနဲ့ မူးယစ်ဆေးဝါးတွေ အတုံးလိုက်၊ အခဲလိုက်၊ ပိဿာချိန်လိုက် ရတဲ့အခါကျတော့ အာမခံ ပေးထားပါတယ်။ တရားရုံးဆိုတာ မျက်နှာကြီး၊ မျက်နှာငယ် မလိုက်ရပါဘူး။ တရားသူကြီးများရဲ့ ဆင်ခြင်တုံတရားဟာ တရားစီရင်ရေးမှာ အလွန်အရေးကြီးပါတယ်ရှင်။ တရားသူကြီးများဟာ လွတ်လပ်စွာ တရားစီရင်ခွင့်ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်ပိုင်ရပ်တည်ချက်ဆိုတာလည်းရှိရမှာ ဖြစ်ပါတယ်။ တရားသူကြီးများ အကြောက်ဆုံးကတော့ ထုချေလွှာဆိုတာ ဖြစ်ပါတယ်။ ၎င်းတို့က မှန်မှန်ကန်ကန်စစ်ဆေးပြီး လွှတ်သင့်တာလွှတ်၊ လျှော့သင့်တာလျှော့တာကို ထုချေလွှာ အမြဲတောင်းခံရ

တော့ လုံးဝလွှတ်သင့်တာကို စတိချလျှော့သင့်တာကို မြင့်ရပါတယ်။ နောက်ထူးခြားချက်တစ်ခုကတော့ အောက်ရုံးက အနိမ့်ဆုံးပြစ်ဒဏ်ကို ချမှတ်မှုနည်းပြီးတော့ အယူခံ ပြင်ဆင်တတ်စေတဲ့ နည်းလမ်း ဖြစ်ပါတယ်။ ဒါတွေကို ကျွန်မ တို့က နှစ်သီးစား၊ သုံးသီးစားလို့ ခေါ်ပါတယ်။ ဒီလိုမျိုး မလုပ်သင့်ဘဲနဲ့ အောက်ရုံးမှာ လွှတ်သင့်တာ လွှတ်၊ လျှော့သင့်တာလျှော့၊ ထုချေလွှာကို တောင်းသင့်မှတောင်းရင် မှန်ကန်မျှတတဲ့ စီရင်ချက်ကို ပိုပြီးရနိုင်ပါတယ်။ တရားသူကြီးများကို အဖွဲ့အလိုက် စစ်ဆေးစီရင်စေ သင့်ပါတယ်။ ဒ့ါအပြင် စီရင်ချက်များကို သက်ဆိုင်ရာက စိစစ်ပြီး ချို့ယွင်းမှု၊ မှားယွင်းမှုများတွေ့ရှိရင် ဌာနဆိုင်ရာနဲ့ ဌာနတွင်းစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး တာဝန်မှရပ်စဲတဲ့အထိ ထိရောက်စွာ အရေးယူ သင့်ပါတယ်။ ဒါမှ ပြည်သူများက တရားသူကြီးများရဲ့ ဆင်ခြင်တုံတရားကို ပို၍လေးစားအားကိုးပြီး တော့ တရားရုံးကို ယုံကြည်လာမှာ ဖြစ်ပါတယ်ရှင်။

ဥပဒေအရာရှိအပိုင်းမှာကတော့ ဥပဒေအရာရှိများကို တချို့က ဥပဒေအကြံပေး၊ တချို့က ဆွဲချ လို့ ခေါ်ကြပါတယ်။ အမှုတစ်ခုကို တည်ဆောက်ရာမှာ ရဲပြီးလျှင် ၎င်းကလည်း အရေးပါပါတယ်။ လေ့လာတွေ့ရှိရသလောက်မှာ တချို့သော ဥပဒေအရာရှိများမှာ သက်ဆိုင်ရာရဲစခန်းမှ အမှုကို စုံစမ်းပြီး ဥပဒေအကြံပေးတောင်းခံရာ၌ အမှုနဲ့စပ်လျဉ်းတဲ့ တပ်သင့်သောပုဒ်မကို တပ်ရန်ပျက်ကွက် ခြင်း၊ ဆီလျော်မှုမရှိသောပုဒ်မဖြင့် အကြံပေးခြင်း၊ စုံစမ်းစစ်ဆေးမှုကို အထောက်အထားမခိုင်လုံပါက အမှုကို ပိတ်သိမ်းရန် အကြံပြုမှုမရှိခြင်း၊ အမှုကို စစ်ဆေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးလိုက်နာရန် ပျက်ကွက်ခြင်းတို့ကို တွေ့ရလေ့ရှိပါတယ်။ ဥပဒေအရာရှိများက ပြစ်မှုများနှင့် စပ်လျဉ်း၍ လျှောက်လဲချက်တင်ပြရာမှာ ပြစ်မှုနှင့်ငြိစွန်းခြင်းမရှိပါက လွှတ်ပေးသင့်ကြောင်း၊ အပြစ်ရှိ ပါက အပြစ်ပေးသင့်ကြောင်း ရှင်းရှင်းလင်းလင်း လျှောက်လဲတင်ပြပါက တရားသူကြီးများကို ကူညီရာ ရောက်သကဲ့သို့ တရားရေးမဏ္ဍိုင်ကိုလည်း ဝိုင်းဝန်းကူညီရာ ရောက်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်တရားရုံးမှာပဲ အလုပ်လုပ်ဖူးတော့ ရှမ်းပြည်နယ်တရားရုံး၊ ဥပဒေရုံးတို့ကိုပဲ ဥပမာပြမှာ ဖြစ်ပါတယ်ရှင်။ တချို့သော ဥပဒေအရာရှိများဟာ မှန်မှန်ကန်ကန်အကြံပြုပေးပါတယ်။ သို့သော် သူတို့ရဲ့ အကြံပြုချက်ကို အထက်ကို တင်လိုက်ရင် အကြံပြုချက်က ပြောင်းလဲပြီးတော့ ပြန်ကျ လာတတ်ပါတယ်။ အဲဒီမှာ ရေစီးသန်ရင်သန်သလို အထက်ကလည်း အကြံကောင်းဉာဏ်ကောင်း ထွက်လာပါတယ်ရှင်။ မူလကိုင်တဲ့အမှုပိုင်ရှင် ဥပဒေအရာရှိကတော့ ဆူးကြားက ဖူးခါးဖြစ်နေ တတ်ပါတယ်။ ကျွန်မရဲ့ အတွေ့အကြုံအရ စိတ်ကောင်းစေတနာကောင်းရှိတဲ့ ဥပဒေအရာရှိ၊ အထက် အရာရှိများကတော့ မှန်လို့ရှိရင် နေရာမမြဲတတ်ဘဲ စိတ်ကောင်းစေတနာကောင်း မရှိသော၊ အမှုသည် များကို ညစ်ပတ်သော၊ အာမခံမပေးနိုင်သည်ကို ပေးနိုင်အောင်ဖန်တီးသော၊ မိမိကျွမ်းကျင်သောဥပဒေ

ကို လက်တစ်လုံးခြား လှည့်စားနိုင်သူများက အမြင့်ဆုံးရာထူးရတတ်သည်ကို အံ့သြဖွယ်တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်မှာလည်း သူကအမြင့်ဆုံးဖြစ်နေလို့ အခုက ဥပဒေအရာရှိကော၊ တရားသူကြီးကကော အလွန်အခက်အခဲတွေ့ရပါတယ်လို့ နေ့တိုင်းပဲ ဖုန်းဆက်နေပါတယ်။ ဥပဒေအရာရှိများအနေနဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုမပြုခြင်း၊ မိမိကျွမ်းကျင်သော ဥပဒေကို လက်တစ်လုံးကြားလှည့်စားခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်းများရှိသည်ဟု ကျော်ဇောသတင်းထွက်လို့ရှိရင် ထိရောက်သည့်အရေးယူမှုများ၊ တရားစွဲဆိုခြင်းများ ပြုလုပ်ပါက တရားရေးမဏ္ဍိုင်ကို တည့်မတ်ပေးနိုင်မှာ ဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ အခု နောက်ထပ်အရေးကြီးတဲ့ ပြည်သူ့ရဲတပ်ဖွဲ့အကြောင်း ဖြစ်ပါတယ်။ ဒီအဖွဲ့ကတော့ အမှုတစ်ခုကို စတင်တည်ဆောက်ရသူဖြစ်ပါတယ်။ သူတို့ဟာ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း၊ သက်သေခံပစ္စည်းများသိမ်းဆည်းခြင်း၊ ဆေးစာရယူခြင်း၊ ဓာတုဗေဒအရာရှိ ပြန်ကြားစာ၊ မှုခင်းရဲတပ်ဖွဲ့ပြန်ကြားစာ၊ ဖြောင့်ချက်၊ ကျင့်ထုံး သက်သေတွေ စစ်ဆေးတဲ့အခါမှာ လိုအပ်သည်ထက် ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် မှန်ကန်စွာ ဆောင်ရွက်ကြရန် လိုအပ်ပါတယ်ရှင့်။ ဥပမာအားဖြင့် အမှုနှင့်မသက်ဆိုင်သူများကို ဖမ်းဆီးစစ်ဆေးခြင်း၊ အမှုနှင့်မသက်ဆိုင်တဲ့ပစ္စည်းများကို သိမ်းဆည်း ခြင်း၊ သိမ်းဆည်းတဲ့ငွေကြေး၊ ပစ္စည်းများကို ရှာဖွေပုံစံမှာ မှန်ကန်စွာမဖော်ပြခြင်းစတာတွေကို မပြုလုပ်ဖို့လိုအပ်ပါတယ်။ ဥပဒေအရာရှိရဲ့ အကြံပြုချက်နဲ့အညီ တရားစွဲတင်ပို့ဖို့လည်း လိုအပ်ပါတယ်ရှင်။ ပင်လောင်းရဲ့ အမှုတစ်ခုမှာတော့ ဥပဒေအရာရှိက တရားစွဲဆိုလို့မရကြောင်း အကြံပြုချက်ကို မျက်ကွယ်ပြုပြီး အုပ်ချုပ်ရေးမှူးနဲ့ရဲပေါင်းပြီးတော့ တရားစွဲခဲ့ကြောင်း လေ့လာခဲ့ရပါတယ်။ နောက်ဆွေးနွေးချင်တာကတော့ ကြိုကာလို့ခေါ်တဲ့ ကြိုတင်ကာကွယ်မှုအကြောင်းနဲ့ တစ်လလျှင် အမှုဘယ်လောက်ရရမယ်ဆိုတဲ့ စီမံချက်အကြောင်း ဖြစ်ပါတယ်။ ဒီစီမံချက်များဟာ ရည်ရွယ်ချက်ကောင်းပေမယ့် ပြည်သူလူထုများအတွက်ကော၊ ရဲများအတွက်ကော အလွန်မှစိတ်အနှောင့်အယှက်ပေးပါတယ်။ မဖြစ်ခင်ကြိုတင်ကာကွယ်တာကောင်းပေမယ့် နံနက်လေးနာရီထ ဘုန်းကြီးကျောင်းသွား၊ စေတီသွားတရားထိုင်သူတွေ၊ မနက်ခင်းဈေးသွားခင်းသူတွေက တရားခံဖြစ်လေ့ရှိပါတယ်။ တစ်လမှာဘယ်နှစ်မှုဆိုတဲ့စီမံကိန်းကြောင့် တစ်ခါတလေ ရဲရဲ့မိန်းမတွေက ယစ်မျိုးအမှုတို့၊ မှောင်ရိပ်ခိုမှုတို့၊ ဈေးစာရင်းမတိုင်တဲ့အမှုတို့လိုနဲ့ တစ်ခါတလေ ရဲတွေကငှားပေးတဲ့ သူနဲ့ ရဲအငှားတွေက ရောက်လာတတ်ပါတယ်။ တစ်ခါတလေ အဲဒီရဲတွေက သူတို့ရဲ့မိန်းမဖြစ်ကြောင်း တရားသူကြီးကို မပြောမိလို့ ဒဏ်ငွေအစားထောင်ဒဏ်ချမှတ်လို့ လိုက်ဖြေရှင်းပေးရတာများပါတယ်။ ဒီစီမံချက်တွေကို ပြန်လည်စိစစ်လိုက်လို့ရှိရင် တရားစီရင်ရေးမဏ္ဍိုင်ဟာ ပြန်ပြီးတော့ခိုင်မာလာမှာဖြစ်ပါတယ်ရှင်။

နောက်အကြောင်းအရာတစ်ခုကတော့ လာဘ်ပေးလာဘ်ယူမှုကို တိုက်ဖျက်တဲ့ စသုံးလုံးနဲ့ SB အကြောင်းပါရှင့်။ သူတို့ရဲ့ အဓိကတာဝန်များဟာ လာဘ်ပေးလာဘ်ယူမှု၊ မတရားမှုကို တိုက်ဖျက်ဖို့ ဖြစ်ပါတယ်။ ဘယ်နေရာမှာ ဘာဖြစ်နေတယ်။ ဘယ်သူက ဘာလုပ်နေတယ်ဆိုတာကို အရင်ဆုံးသိတဲ့ အဖွဲ့ဖြစ်ပါတယ်။ တရားရေးမဏ္ဍိုင်နှင့် စပ်လျဉ်းတဲ့ တရားမမျှတမှုများ၊ လာဘ်ပေးလာဘ်ယူမှုများကို အသိဆုံးသော ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူတို့က တိုင်တန်းတဲ့သူမရှိလို့ အကောင်ကြီးနေလို့ ဆိုပြီး လျစ်လျူ မရှုသင့်ပါဘူးရှင်။ သူတို့ကိုယ်တိုင်သိတဲ့ သူတို့ကိုယ်တိုင်ဘယ်လိုဖြစ်နေတယ်ဆိုတာကို မလုပ်ဘဲနဲ့ ကျွန်မတို့ ပြည်သူ့ကိုယ်စားလှယ်တွေကို ဒါဘယ်နေရာမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ အဲဒီလိုမျိုး လုပ်ပေးပါဆိုတာကို ပြည်သူ့ကိုယ်စားလှယ်ကို သူတို့ကမပြောသင့်ဘဲနဲ့ သူတို့ကိုယ်တိုင် လုပ်ပိုင်ခွင့် အာဏာရှိပြီးသားဖြစ်တဲ့အတွက် သူတို့ကိုယ်တိုင်က တိုင်တန်းတဲ့သူမရှိလို့ဆိုပြီးတော့ လျစ်လျူမရှုဘဲနဲ့ ၎င်းတို့ရဲ့အသိစိတ်ဓာတ်နဲ့ လုပ်ဆောင်သင့်ပါတယ်ရှင်။ တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန် ဝိုင်းဝန်းကူညီဖို့အတွက် အဓိကတာဝန်အရှိဆုံးသော ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒါကြောင့် ကူညီဖို့ တောင်းဆိုချင်ပါတယ်ရှင်။ ဒီအမှုသည်နဲ့ သက်သေများအနေနဲ့တော့ တရားလိုများအနေနဲ့ အဖြစ်မှန် ထက် ပိုမိုချဲ့ထွင်တိုင်တန်းခြင်း၊ ထွက်ဆိုခြင်းများရှိတတ်ပါတယ်။ ဒါကြောင့် တရားလိုပြသက်သေများ အနေနဲ့ မိမိတို့ကိုယ်တိုင်မြင်တွေ့သည်ကိုသာ အမှန်အတိုင်းထွက်ဆိုတတ်ရန် လိုအပ်ပါတယ်။ တရားရုံးရှေ့မှာ မမှန်မကန်ထွက်ဆိုတဲ့အမှုသည်၊ သက်သေများအပေါ် တည်ဆဲတရားဥပဒေဖြင့် တရားစွဲဆိုအရေးယူသင့်ပါတယ်ရှင်။ မီဒီယာအပိုင်းအနေနဲ့ စတုတ္ထမဏ္ဍိုင်အပိုင်းဖြစ်တဲ့ မီဒီယာ များဟာ နိုင်ငံတစ်နိုင်ငံလုံး၏ ဖြစ်ပေါ်ပြောင်းလဲမှု၊ တိုးတက်မှုများကို ဖော်ဆောင်နိုင်စွမ်းရှိပါတယ်။ တရားရေးနယ်ပယ်ဖြောင့်မတ်မှန်ကန်မျှတ သန့်ရှင်းကြံ့ခိုင်ရေးအတွက် ကြီးမားသောစွမ်းအင်များ၊ တာဝန်များရှိပါတယ်ရှင်။

အုပ်ချုပ်ရေးအပိုင်း၊ အစိုးရအပိုင်းကတော့ ဒီအပိုင်းဟာ အလွန်အရေးကြီးပါတယ်။ ဒီမိုကရေစီခေတ်နဲ့အညီ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးအဖြစ် ကြိုးပမ်းသော အချိန်မှာ တရားစီရင်ရေးကဏ္ဍကိုမလွှမ်းမိုးမိရန် အစိုးရက ကောင်းစွာစောင့်ထိန်းရမှာဖြစ်ပါတယ်။ တရားစီရင်ရေးကဏ္ဍဟာ မလိုအပ်ဘဲ အုပ်ချုပ်ရေးဆိုင်ရာအစည်းအဝေးသို့ ခဏခဏမတက်ရောက် စေသင့်ပါဘူးရှင့်။ ၎င်းတို့က အုပ်ချုပ်ရေးဆိုင်ရာအစည်းအဝေးသို့ မကြာခဏတက်ရောက်ခြင်းဖြင့် အမှုစစ်ဆေးရာမှာ အချိန်ကြန့်ကြာခြင်း၊ အမှုသည်များရဲ့ အထင်အမြင်လွဲမှားမှုကိုခံရခြင်း၊ တရားစီရင်ရေးကဏ္ဍ တဖြည်းဖြည်းမှိန်လာခြင်း၊ စိတ်ပျက်ငြီးငွေ့ခြင်းနဲ့ အုပ်ချုပ်ရေးကဏ္ဍမှ တရား စီရင်ရေးကဏ္ဍကို လွှမ်းမိုးလာနိုင်စေခြင်းစတဲ့ ဆိုးကျိုးများဖြစ်လာစေပါတယ်။ ဒါကြောင့်

တရားစီရင်ရေးကဏ္ဍဟာ သီးခြားရပ်တည်ပြီး လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်ရှိရမှာဖြစ်ပါတယ်။ မိမိရဲ့ ကိုယ်ပိုင်စဉ်းစားဆင်ခြင်ဉာဏ်၊ ဆင်ခြင်တုံတရားနဲ့ လောကပါလတရားကို လက်ကိုင်ထားစီရင် ဆုံးဖြတ်မှ တရားစီရင်ရေးမဏ္ဍိုင်က ဖြောင့်မတ်ကြံ့ခိုင်လာမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်တည်တံ့စေရန်အတွက် ပြည်နယ်၊ တိုင်းဒေသကြီးများမှာ အကျင့် သီလနှင့်ပြည့်စုံပြီး အရည်အချင်းပြည့်တဲ့ပုဂ္ဂိုလ်များပါဝင်သော တရားစီရင်ရေးကြီးကြပ်မှုကော်မတီ ကို ဖွဲ့စည်းပြီး သက်ဆိုင်ရာတရားရုံးများရဲ့ တရားစီရင်ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ တည့်မတ်စေခြင်း၊ ညွှန်ကြားမှုများပေးခြင်းနဲ့ အရေးယူပေးခြင်းစတာတွေကို ပြုလုပ်ရန် လိုအပ်ပါတယ်ရှင်။ ရာဇသတ်ကြီးဥပဒေပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၇ မှာ တရားသူကြီးများရဲ့ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ချက်ကို အရေးယူမှုမပြုနိုင်ရန် ကင်းလွတ်ခွင့်ပြုထားပါတယ်။ အဲဒီအချိန်၊ အဲဒီခေတ်ကာလက တရားစီရင်ရေးကဏ္ဍမှာ သာမန်ပြည်သူ့ကိုယ်စားလှယ်များနှင့် ဆောင်ရွက်ခဲ့တဲ့စနစ်ဖြစ်တဲ့အတွက် ထိုကဲ့သို့ကင်းလွတ်ခွင့်ပြုခြင်းဟာ သင့်လျော်သော်လည်း ယခု တရားစီရင်ရေးစနစ်မှ ဆင်ခြင်တုံတရားနဲ့ပြည့်စုံတဲ့ ကျွမ်းကျင်လိမ္မာတဲ့ ဥပဒေပညာရှင်များနဲ့ တရားစီရင်ရေးအဆင့်ဆင့်မှာ ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် အဲဒီကင်းလွတ်ခွင့်ကို ပယ်ဖျက်သင့်ပါတယ်။ ဒါမှ သဘောရိုးလို့ တွင်တွင်သုံးပြီး မရိုးမဖြောင့်ပြုလုပ်ခြင်းများပပျောက်ပြီး တရားစီရင်ရေးကဏ္ဍကို တည့်မတ်နိုင်မှာဖြစ်ပါတယ်ရှင်။ အချုပ်အားဖြင့်ဆိုရလို့ရှိရင် တရားစီရင်ရေး မဏ္ဍိုင်ဖြောင့်မတ်မှန်ကန်မျှတသန့်ရှင်းကြံ့ခိုင်စေရန်အတွက် အစိုးရမှစ၍ ကဏ္ဍအသီးသီးမှ ပြည်သူ လူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီထောက်မပေးရန်လိုအပ်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ဝင်း၊ ကောလင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းတဲ့ တရား စီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင်ဟာ ဖြောင့်မတ်ပြီးကြံ့ခိုင်ဖို့လိုပါတယ်။ တရားစီရင်ရေးဟာ ဘက်လိုက်မှု ကင်းပါမှ၊ ငွေကြေးရှင်းပါမှ၊ ဥပဒေအတိုင်းစီရင်ပါမှ ပြည်သူတွေက ယုံကြည်မှာဖြစ်ပါတယ်။

အားကိုးမှာလည်းဖြစ်ပါတယ်။ ပြည်သူတွေအားကိုးယုံကြည်တဲ့ တရားစီရင်ရေးဖြစ်လာဖို့ဆိုတာ အားလုံးက ဝိုင်းဝန်းကူညီထောက်မပေးဖို့လိုပါတယ်။ တရားရုံးမှာ အမှုရင်ဆိုင်ကြရပြီဆိုရင်တော့ မှန်တဲ့ဘက်ကလည်း အမှုကိုနိုင်ချင်သလို မမှန်တဲ့ဘက်ကလည်း အမှုကိုနိုင်ချင်ကြတာကတော့ ဓမ္မတာပါဘဲ။ အဲဒီအခါမှာ တရားသူကြီးတွေက အဂတိမလိုက်စားဘဲ အမှုရဲ့ဖြစ်စဉ်ပေါ်မှာ မှန်မှန် ကန်ကန်သုံးသပ်ဆုံးဖြတ်ပေးပါမှ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုရမှာဖြစ်ပါတယ်။ တချို့အမှုတွေမှာ တရားရုံးရဲ့ ဆုံးဖြတ်ချက်တွေ၊ မှားယွင်းမှုတွေကြောင့် ဘက်လိုက်မှုတွေကြောင့်၊ အဂတိလိုက်စားမှုတွေ ကြောင့် ဘဝနဲ့ရင်းပြီး ဒုက္ခပင်လယ်ဝေရတဲ့ ကြိတ်မှိတ်မြိုသိပ်ခံစားရတဲ့ စီးပွားရေး၊ လူမှုရေးဆုံးရှုံးရတဲ့ အဖြစ်အပျက်တွေရှိပါတယ်။ အဲဒီထဲကမှ အဖြစ်အပျက်တစ်ခုကို ကျွန်တော် တင်ပြလိုပါတယ်။ အဲဒါကတော့ တရားခံအဖြစ်မှားယွင်းစွာ တရားစွဲဆိုခံရပြီး သေဒဏ်အပြစ်ပေးခံရတဲ့ဖြစ်စဉ်တစ်ခု ကျွန်တော်တို့ ကသာခရိုင်တရားရုံးမှာဖြစ်ခဲ့ပါတယ်။ အခုအချိန်အထိ ကသာထောင်ထဲမှာ ကြိုးတိုက် ထဲမှာ ထောင်ဒဏ်ကျခံနေရတဲ့ဖြစ်စဉ်တစ်ခုပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျွန်တော် အသေးစိတ်ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ကောလင်းမြို့နယ်မှာ လွယ်မောက်တောင်ဘုရားဆိုတာရှိပါတယ်။ ဒီဘုရားဟာ နှစ်စဉ်ပွဲတော်ရာဘုရား ဖြစ်တဲ့အတွက် နှစ်စဉ်ဘုရားပွဲတော်ကျင်းပပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က အတိအကျပြောရ မယ်ဆိုရင်တော့ ၆-၄-၂၀၀၂ နေ့က ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်တစ်ခုပါ။ ဖြစ်စဉ်ကတော့ ကန့်ဘလူမြို့နယ်၊ ပုဏ္ဏားကျွန်းရွာက မအေးအေးဆင့်ဆိုတဲ့မိန်းကလေးဟာ ပွဲတော်မှာအဖော်တွေနဲ့ ပွဲကြည့်နေရာက မနက် ၁ နာရီလောက်မှာ အစ်ကိုဝမ်းကွဲတော်တဲ့ မောင်နိုင်ဝင်းကိုအဖော်ခေါ်ပြီး ပွဲခင်းအပြင်ဘက်မှာ အပေါ့အလေးသွားပြီး ရေခပ်သွားဖို့ဆောင်ရွက်နေစဉ်မှာပဲ လူ ၃ ယောက်က မောင်နိုင်ဝင်းကို တုတ်နဲ့ ရိုက်၊ ဓားနဲ့ထိုး မအေးအေးဆင့်ကို မတော်မတရားကျင့်ကြံပြီးတော့ လည်ပင်းကဆွဲကြိုးကို ဖြတ်ယူ သွားတဲ့ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မှာ ပြစ်မှုကျူးလွန်သူများလို့ယူဆရတဲ့ တရားခံအဖွဲ့ ၂ ဖွဲ့ပေါ်ပေါက်ခဲ့ပါတယ်။ တစ်ဖွဲ့ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကထင်မြင်ချက်နဲ့ တရားစွဲဆိုခဲ့တဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃ ဦးပါ။ ဘုရားပွဲတော် လုံခြုံရေးတာဝန်ယူပေးကြတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃ ဦးဖြစ်တဲ့ မောင်ဝင်းအောင်၊ မောင်အောင်ချမ်းဦးနဲ့ မောင်စောဝေမိုးတို့ဖြစ်ပါတယ်။ နောက် ပြစ်မှုကျူးလွန်သူလို့ယူဆရတဲ့ အဖွဲ့တစ်ဖွဲ့ကတော့ အထက်မြန်မာပြည်မှုခင်းတပ်ဖွဲ့ခွဲမှူးရုံး မန္တလေး က ဒုတိယရဲမှူးစံသိန်း စုံစမ်းတင်ပြတဲ့ ဆန်းဦး၊ မောင်ကြီးနဲ့ ဗိုလ်လင်းတို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က တရားခံများအဖြစ်တင်ပြခဲ့တဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြစ်ကြတဲ့ ဝင်းအောင်ပါ ၃ ဦး ဟာ အခင်းဖြစ်တဲ့ညက ပွဲတော်လုံခြုံရေးတာဝန်ယူနေရာက အိပ်ရေးပျက်တာကြောင့်မို့ ည ၁၁ နာရီ

ခန့်မှာအိမ်ပြန်သွားကြပါတယ်။ အခင်းဖြစ်တဲ့ညကလည်း လကွယ်ညဖြစ်ပါတယ်။ တရားလို မအေးအေးဆင့်က ကျူးလွန်သူတွေဟာ ဘောင်းဘီရှည်ဝတ်ထားပါတယ်။ အနက်ရောင်ဖြစ်ပါတယ်လို့ ထွက်ဆိုတဲ့အတွက် လုံခြုံရေးတာဝန်ကျတဲ့မီးသတ်ရဲဘော်တွေရဲ့ စာရင်းကိုပြုစုစုံစမ်းတဲ့အခါကျတော့ ဝင်းအောင်က နောက်တစ်နေ့ မနက်စောစောမှာရေချိုးပြီး အဝတ်အစားတွေလျှော်ထားတာတွေ့ရ တာဖြစ်တဲ့အတွက် မသင်္ကာပြီးဖမ်းဆီးကာ တရားခံအဖြစ် တရားစွဲဆိုခဲ့တာဖြစ်ပါတယ်။ တရားခံ ဖြစ်လာရေးအတွက် ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတာ စဉ်းစားကြည့်နိုင်ပါတယ်။ ဒါကြောင့်လည်း တရားခံများအဖြစ် မှားယွင်းစွာတရားစွဲဆိုခဲ့တဲ့ ကောလင်းမြို့နယ်ရဲတပ်ဖွဲ့စခန်းက စခန်းမှူးနှင့် အဖွဲ့ဟာ စုံစမ်းစစ်ဆေးမှုတွေခံရပြီး အလုပ်မှရပ်စဲခံရခြင်း၊ သတိပေးခံရခြင်း၊ နယ်ပြောင်းရွှေ့ခံရခြင်း စတဲ့အရေးယူမှုများခံခဲ့ကြရပါတယ်။ နောက်ထပ်တရားခံတစ်ဖွဲ့ ဒါကတော့ အထက်မြန်မာပြည် မှုခင်းတပ်ဖွဲ့ခွဲမှူးရုံး(မန္တလေး)က ဒုတိယရဲမှူးစံသိန်းက အထက်အဖွဲ့အစည်းရဲ့ တာဝန်ပေးချက်အရ စုံစမ်းဖော်ထုတ်တဲ့နေရာမှာ အခင်းဖြစ်တဲ့ညက တရားလိုမိန်းကလေးရဲ့ လည်ပင်းကဖြုတ်ယူသွားတဲ့ ဆွဲကြိုးကို မူရင်းအတိုင်းပြန်ရအောင်လုပ်ပေးနိုင်ခဲ့ပါတယ်။ ဒီဖြစ်ရပ်မှာ ကျူးလွန်ခဲ့သူ ဆန်းဦးက ဆွဲကြိုးကိုပထမပေါင်တယ်။ နောက်တစ်ခါ ပြန်ရွေးတယ်။ နောက်တစ်ခါ အပြတ်ရောင်းပစ်လိုက် တယ်။ ဒီဆွဲကြိုးဟာ အမှုနဲ့ပတ်သက်နေတဲ့အတွက် ဝယ်ယူခဲ့တဲ့သူကလည်း မူရင်းအတိုင်းတာဝန်ရှိတဲ့ သူကိုအပ်နှံခဲ့ပါတယ်။ ကျူးလွန်တဲ့သူတွေဟာ အမှုဖြစ်ပြီးနောက်တစ်ရက်ကစပြီး တိမ်းရှောင်နေတာ ယနေ့အချိန်အထိ ဖမ်းဆီးရမိခြင်းမရှိသေးပါဘူး။ ပြစ်မှုကျူးလွန်တဲ့သူ ဆန်းဦးကိုယ်တိုင်က သူဘယ်လိုပြစ်မှုကျူးလွန်ခဲ့တယ်ဆိုတာကို သူနဲ့ရင်းနှီးတဲ့ ဆွေမျိုးသားချင်းတော်စပ်တဲ့ ဗိုလ်နီ၊ မောင်စိုး နဲ့ ညွန့်အောင်တို့ကိုလည်း ဒုတိယရဲမှူးစံသိန်းက ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ပြစ်မှုကျူးလွန်တဲ့ ဆန်းဦး ဟာ သူမပြေးခင်မှာ ငါကတော့ မနေ့ညက ဘယ်လိုကျူးလွန်ခဲ့ပြီ၊ ငါဒီမှာနေလို့မရတော့ဘူး။ ဘယ်လို ဘယ်လိုကျူးလွန်ခဲ့တယ်။ ငါ့ဆွေမျိုးမိဘအသိုက်အဝန်းကိုစောင့်ရှောက်ပါလို့ ထုတ်ဖော်ပြောခဲ့တာကို ထုတ်ဖော်ပြောခြင်းခံရတဲ့ ဗိုလ်နီ၊ မောင်စိုးနှင့် ညွန့်မောင်တို့ကိုလည်း ဒုတိယရဲမှူးစံသိန်းက ဖော်ထုတ် နိုင်ခဲ့ပါတယ်။ ကောလင်းမြို့နယ် တရားရုံးမှာလည်း ကြိုတင်ထွက်ချက်တွေပေးပါတယ်။ ဒုတိယရဲမှူး စံသိန်းက ဒီအမှုကို တရားစီရင်ချက်မချခင်မှာ ကသာခရိုင်တရားသူကြီးထံကို ဒီအမှုနဲ့ပတ်သက်ပြီး တရားစွဲဆိုခံထားရတဲ့ ဝင်းအောင်ပါ ၃ ဦးဟာ တရားခံအစစ်အမှန်တွေမဟုတ်ပါဘူး။ ကျူးလွန်တဲ့သူ ဆန်းဦးပါ ၃ ဦးဟာ တရားခံအစစ်အမှန်တွေဖြစ်ပါတယ်။ သူတို့ဟာ ထွက်ပြေးတိမ်းရှောင်နေကြတာ ဖြစ်တဲ့အတွက် ဖမ်းဆီးရမိရေးကိုကြိုးစားနေပါကြောင်း ကသာခရိုင်တရားရုံးကို တရားဝင်စာနဲ့ တင်ပြ ခဲ့ပါတယ်။ အမှုကိုစစ်ဆေးတဲ့နေရာမှာလည်းပဲ ကသာခရိုင်တရားသူကြီးဟာ ဒုတိယရဲမှူးစံသိန်းကို

ဆင့်ခေါ်စစ်ဆေးခြင်းမရှိပါဘူး။ ဒုတိယရဲမှူးစံသိန်းဖော်ထုတ်လို့ ပေါ်ပေါက်လာတဲ့သက်သေများ ဖြစ်တဲ့ ဗိုလ်နီ၊ မောင်စိုးနဲ့ ညွန့်မောင်တို့ရဲ့ ထွက်ချက်တွေဟာလည်းပဲ ယုတ္တိမတန်တဲ့ထွက်ချက်တွေ ဖြစ်တယ်လို့သုံးသပ်ပါတယ်။ ညွန့်မောင်နဲ့ ဗိုလ်နီတို့ဟာ ဆန်းဦးနဲ့ အမျိုးတော်စပ်သူများဖြစ်ကြပါတယ်။ ဆန်းဦးဆိုတာကတော့ ကနေ့အထိအောင် ဖမ်းဆီးလို့မရသေးတဲ့ အပြစ်ကျူးလွန်သူပါ။ ဆန်းဦးနဲ့ အမျိုးတော်စပ်သူတွေဖြစ်တယ်ဆိုတဲ့အကြောင်း တရားခံအဖြစ် စွပ်စွဲခံနေရတဲ့ ဝင်းအောင်ကို သိရှိခြင်းမရှိကြောင်း ထွက်ဆိုချက်တွေကို ကသာခရိုင်တရားသူကြီးက ဘယ်လိုသုံးသပ်သလဲဆိုတော့ သက်သေတို့ရဲ့သဘာဝဟာ မိမိနဲ့ခင်မင်ရင်းနှီးသူ၊ ဆက်စပ်ပတ်သက်သူ တရားခံအတွက်ဖြစ်မယ်ဆိုရင် ပြစ်မှုကျူးလွန်သူကို အမှန်တကယ်တွေ့မြင်ခဲ့တဲ့တိုင်အောင် မိမိနဲ့ပတ်သက်သူ ပြစ်ဒဏ်ကျခံရမှာစိုးတဲ့အတွက် အမျိုးမျိုးကွယ်ဝှက်ထိန်ချန်ပြီး ထွက်စမြဲဖြစ်ပေတယ်လို့သုံးသပ်ပြီး ညွန့်မောင်၊ ဗိုလ်နီနှင့် မောင်စိုးတို့ရဲ့ထွက်ချက်တွေဟာ သဘာဝနဲ့ဆန့်ကျင်တဲ့ ယုတ္တိမတန်တဲ့ ဖန်တီးထားတဲ့ သက်သေများလို့သုံးသပ်ခဲ့ပါတယ်။ အဲဒီအမှုမှာ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြစ်တဲ့ ဝင်းအောင်ကို သေဒဏ်၊ အောင်ချမ်းဦးနှင့် စောဝေမိုးတို့ကိုတော့ ထောင်ဒဏ် ၁ဝ နှစ်စီချမှတ်ခဲ့ပါတယ်။ စောဝေမိုးနဲ့ အောင်ချမ်းဦးတို့ဟာ ပြစ်ဒဏ်နှစ်စေ့လို့ လွတ်မြောက်လာပြီဖြစ်ပေမယ့်လည်း ဝင်းအောင်ကတော့ သေဒဏ်ကနေ တစ်ကျွန်းဒဏ်ဖြင့် ကသာထောင်ထဲမှာ ကြိုးတိုက်ထဲမှာ ပြစ်ဒဏ်ကျခံနေရဆဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝင်းအောင်ပါ ၃ ဦးကို တရားခံများအဖြစ် မှားယွင်းတရားစွဲဆိုခဲ့ကြတဲ့ ကောလင်းမြို့နယ်စခန်းမှူးနှင့်အဖွဲ့ဟာ အလုပ်မှရပ်စဲခံရခြင်း၊ သတိပေးခံရခြင်း၊ နယ်ပြောင်းရွှေ့ခံရခြင်းစတဲ့ အရေးယူမှုများခံရခြင်းဟာ တရားခံအစစ်အမှန်များဖော်ထုတ်နိုင်ခြင်းမရှိဘဲနဲ့ တရားခံပေါ်ပေါက်ရေးကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်တဲ့အတွက် အရေးယူခံရခြင်းဖြစ်တယ်လို့ ယူဆမိပါတယ်။ ဒါ့အပြင် ကသာခရိုင်တရားသူကြီးရဲ့ ဆုံးဖြတ်ချက်၊ သုံးသပ်ချက်များဟာ ဝင်းအောင်ပါ ၃ ဦးအတွက် အစားထိုးမရနိုင်တဲ့ လူမှုရေးနစ်နာဆုံးရှုံးမှုများဖြစ်စေတဲ့အတွက် တာဝန်ရှိတယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မြန်မာပြည်မှုခင်းတပ်ဖွဲ့ခွဲမှူးရုံး (မန္တလေး) က ဒုတိယရဲမှူးစံသိန်းက တရားခံအစစ်အမှန်တွေဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို လူသက်သေ၊ ပစ္စည်းသက်သေတွေနဲ့ ခိုင်ခိုင်လုံလုံတင်ပြခဲ့ပေမယ့် ကသာခရိုင်တရားသူကြီးက တရားခံအစစ်အမှန်မဟုတ်သူများကို ပြစ်ဒဏ်ကျခံစေခဲ့ခြင်းဟာ ဘဝပါနစ်နာဆုံးရှုံးပြီး မိသားစုဝင်များဟာလည်းပဲ စီးပွားပျက်ကာ စားဝတ်နေရေး၊ လူမှုရေးဒုက္ခများကို ခါးသီးစွာခံစားနေကြရပါတယ်။ ကသာခရိုင်တရားသူကြီးရဲ့မှားယွင်းစွာဆုံးဖြတ်မှုကို ကျွန်တော်တို့ဘယ်လိုကုစားမလဲ။ ထောင်ဒဏ်ကျခံနေဆဲဖြစ်တဲ့

မှားယွင်းစွာဖမ်းဆီးပြီး တရားခံတပ်ခံရတဲ့ ဝင်းအောင် ထောင်ကလွတ်ဖို့ ကျွန်တော်တို့ ဘယ်လို ဆောင်ရွက်ပေးနိုင်မလဲ။ ဆုံးဖြတ်တဲ့တရားသူကြီးကို ဘယ်လိုအပြစ်ပေးမလဲ။ လဲပေါင်းများစွာနဲ့ စဉ်းစားမိရင်း တရားရေးမဏ္ဍိုင်ကြံ့ခိုင်ဖို့ကိစ္စကို စဉ်းစားမိပါတယ်။ ဒီလိုဖြစ်ရပ်မျိုးတွေဟာ မြို့နယ် တိုင်းမှာလည်းဖြစ်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီကိုလည်း အချက်အလက်ပြည့်ပြည့်စုံစုံနဲ့ ကျွန်တော်တင်ပြထားပြီးဖြစ်ပါတယ်။ မကြာခင်က ဖြစ်ခဲ့တဲ့ တရားရုံးကဆုံးဖြတ်ချက်လေးတစ်ခု ကျွန်တော်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ကောလင်း မြို့နယ်မှာ သဖန်းကုန်းရွာဆိုတာရှိပါတယ်။ သဖန်ကုန်းရွာဘုန်းတော်ကြီးရဲ့ဈာပနမှာ ရိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်။ အရိုက်ခံရတဲ့သူက ဈာပနကော်မတီအတွင်းရေးမှူး ရပ်ကျေးအုပ်စုစာရေး ဖြစ်ပါတယ်။ ဆရာတော်ရဲ့ရုပ်ကလာပ်ကို နိဗ္ဗာန်ကျောင်းချတဲ့အခမ်းအနားမှာ လူတွေကြားထဲမှာ ဝင်ရိုက်တာပါ။ တရားရုံးက ပြစ်မှုထင်ရှားလို့ဆိုပြီးတော့မှ ငွေ ၁၀၀၀ ကျပ်ဒဏ်တပ်ပါတယ်။ ဒီအဖြစ်ပျက်ကရော တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရဲ့လား။ ဖြောင့်မတ်ရဲ့လားလို့ မေးစရာဖြစ်ပါတယ်။ တာဝန်ရှိသူကို နိုင်ငံတော်ဝန်ထမ်းကိုရိုက်တာ ၁၀၀၀ ပဲပေးရတယ်လို့ အခြားသူတွေမှတ်ယူပြီး ရိုက်မှုတွေကျူးလွန်နိုင်ပါတယ်။ ၁၀၀၀ ပဲ ဒဏ်ငွေချအောင် ဘယ်လောက်ကုန်ကျခဲ့မလဲဆိုတာတော့ ကျွန်တော်တို့မသိနိုင်ပါဘူး။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ယနေ့အစိုးရအသစ်လက်ထက်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာ ၃ ရပ်ကို ခက်မသုံးဖြာအဖြစ် သီးခြားစီခွဲခြား ဆောင်ရွက်လျက်ရှိပါတယ်။ ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာမှာ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အပိုင်းတွေမှာ ထင်သာမြင်သာဆောင်ရွက်မှုများဖြစ်ထွန်းလာနေပြီဖြစ်သလို တတိယမဏ္ဍိုင်ဖြစ်တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ဖို့အတွက်တော့ တာဝန်ရှိတဲ့သူအားလုံးက ဝိုင်းဝန်းထောက်ပံ့ ပေးသင့်ပါကြောင်းဆွေးနွေးရင်းနဲ့ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီ ထောက်မပေးရေးအဆိုကို လေးနက်စွာထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၃-၄-၂၀၁၂ နေ့က ကန်ပက်လက်မဲဆန္ဒနယ် သူရဦးအောင်ကိုက ပြည်သူ့လွှတ်တော်အစည်းအဝေးမှာတင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန် အတွက် ဝိုင်းဝန်းကူညီထောက်ပံ့ပေးရေးဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ မှ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ၃ ရပ်ကို ခွဲဝေပိုင်းခြားသတ်မှတ်ပေးခဲ့ပါတယ်။ အခြေခံဥပဒေပုဒ်မ ၇၄ မှာ ဥပဒေပြုအာဏာ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် Legislative Power ကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုအာဏာရရှိပါတယ်။ အခြေခံဥပဒေပုဒ်မ ၁၉၉ မှာ အုပ်ချုပ်ရေး အာဏာ (Executive Power, Administrative Power) ကို သမ္မတများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်ရေး၊ စီရင်စုများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးအုပ်ချုပ် ရေးမှူးများကို တာဝန်အသီးသီးခွဲဝေပေးထားပါတယ်။ အခြေခံဥပဒေပုဒ်မ ၂၉၃ အရ တရားစီရင်ရေး အာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် တရား သူကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ စစ်ဘက်ဆိုင်ရာတရားရုံး တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့မှာ အဆင့်ဆင့် တရားစီရင်ရေးအာဏာကို ခွဲဝေပိုင်းခြားသတ်မှတ်ပြီး တာဝန်အသီးသီးပေးထားတာကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ၃ ရပ်ကို ခွဲဝေပိုင်းခြား တာဝန်ပေးတဲ့နေရာမှာ တတိယမြောက်အာဏာဟာ တရားစီရင်ရေးအာဏာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် တရားစီရင်ရေးမဏ္ဍိုင်ဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်မှာ သုံးတဲ့အခါမှာ သာမန်အားဖြင့်တော့ အခြေခံအကျဆုံးကတော့ မြို့နယ်အဆင့်မှာရှိတဲ့ မြို့နယ်တရား သူကြီးများဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြို့နယ်တရားသူကြီးများဟာ မူလမှုများကိုစစ်ဆေး တဲ့အခါမှာ အခြေခံကျကျစစ်ဆေးတွေ့ရှိတဲ့ပုဂ္ဂိုလ်များဖြစ်ပါတယ်။ အဲဒီမှာဆိုရင် မြို့နယ်တရားသူကြီး များဟာဆိုရင် အမှုစစ်များ၊ ဥပဒေအရာရှိများ၊ အကျိုးဆောင်ရှေ့နေများ၊ တရားလိုများ၊ တရားလိုပြ သက်သေများ၊ တရားခံပြသက်သေများ၊ သက်ရှိသက်မဲ့သက်သေခံပစ္စည်းများကို ကိုယ်တိုင် ကိုယ်ကျ ထိတွေ့မြင်သိပြီးတော့ စစ်ဆေးတဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် မြို့နယ်အဆင့်ဆင့်အသီးသီးမှာရှိတဲ့

တရားသူကြီးများဟာ အဓိကကျတဲ့ တရားစီရင်ရေးမဏ္ဍိုင်ပုဂ္ဂိုလ်များလို့ ဆိုမယ်ဆိုရင်ရနိုင်ပါတယ်။ အထက်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ တရားရုံးချုပ်အဆင့်ရှိတဲ့ တရားသူကြီးများဟာဆိုရင် အယူခံမှုမှာပဲဖြစ်စေ၊ ပြင်ဆင်မှုဆိုင်ရာ အမှုမှာပဲဖြစ်စေ သာမန်အားဖြင့်တော့ဖြင့် မူလရုံးက စစ်ဆေးတွေ့ရှိချက်များအပေါ် ပြန်လည်ဖတ်ရှုဆန်းစစ်လေ့လာပြီးမှ အမှုကိုအရှုံးအနိုင်ဆုံးဖြတ်တဲ့ သူများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြို့နယ်အဆင့်မှာရှိတဲ့ တရားသူကြီးများဟာ ဆိုလို့ရှိရင် ပြစ်မှုဆိုင်ရာမှာပဲဖြစ်စေ တရားမမှုမှာပဲဖြစ်စေ ကျွန်တော်တို့ အခြေခံအကျဆုံးသော ပုဂ္ဂိုလ်များဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သုံးသပ်တွေ့ရှိရပါတယ်။ အဲ့ဒီလို မြို့နယ်အဆင့်မှာ တရားစီရင်ရေးအဆင့်စစ်ဆေးတဲ့အခါမှာ စစ်ဆေးစီရင်တည်ဆောက်တဲ့နေရာမှာ အဆင့် ၃ ဆင့်ရှိပါတယ်။ ပထမအဆင့်အနေနဲ့ကတော့ ပြောရမယ်ဆိုလို့ရှိရင် Investigation Stage အမှုတည်ဆောက်တဲ့ကာလ (Case Construction) လို့ခေါ်ပါတယ်။ အဲ့ဒီ Case Construction မှာဆိုလို့ရှိရင် ရဲစခန်းက တည်ဆောက်တာများပါတယ်။ ဒုတိယအဆင့်အနေနဲ့ တရားခွင်မှာ Inquiry Stage ပဏာမ စစ်ဆေးမှုအဆင့်တစ်ဆင့်ရှိပါတယ်။ တတိယအဆင့်အနေနဲ့ဆိုလို့ရှိရင် တရားစီရင်ရေးအဆင့် Trial Stage လို့သတ်မှတ်ပါတယ်။ ပထမအမှုအဆင့်တည်ဆောက်တဲ့နေရာမှာ စုံစမ်းစစ်ဆေးမှု Investigation Stage အဲဒီအဆင့်မှာဆိုရင် ဘယ်သူတွေပါသလဲဆိုရင် ကျွန်တော်တို့ သာမန်အားဖြင့်တော့ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးများ၊မြို့နယ်ပြည်သူ့ရဲစခန်းမှူးများ၊ မှုခင်းစစ်ဆေးသူအရာရှိများ (Investigation Officer) များ၊ တရားလိုပြသက်သေများ၊ အမှုပွဲစားများ၊ မြို့နယ်ဥပဒေအရာရှိများ ပါဝင်လေ့ပါဝင်ထရှိပါတယ်။ ဒါတော့ဖြင့် ကျွန်တော်တို့ အမှုတည်ဆောက်တဲ့ကာလ ဒုတိယအဆင့်အနေနဲ့ Inquiry Stage မှာဆိုလို့ရှိရင် တရားလိုပြသက်သေများ၊ ဥပဒေအရာရှိများ၊ ရှေ့နေအကျိုးဆောင်များ၊ တရားသူကြီးများဟာ ပါဝင်လေ့ပါဝင်ထရှိပါတယ်။ ဒါဟာဆိုလို့ရှိရင် စွဲချက်မတင်မီ (Before Charge) ကာလဖြစ်ပါတယ်။ တတိယအဆင့်အနေနဲ့ဆိုလို့ရှိရင် Trial Stage အဆင့်မှာပါဝင်တဲ့ပုဂ္ဂိုလ်များကတော့ တရားခံပြသက်သေများ၊ ဥပဒေအရာရှိများ၊ တရားခံ၏အကျိုးဆောင်ရှေ့နေများ၊ တရားသူကြီးများ ပါဝင်လေ့ပါဝင်ထရှိပါတယ်။ အဲဒီအဆင့် ၃ ဆင့်လုံးမှာ ပါဝင်ဆက်နွယ် ပတ်သက်သောပုဂ္ဂိုလ်များက သစ္စာရှိရှိ၊ သိက္ခာရှိရှိ မိမိတို့ထမ်းဆောင်ရမယ့် ကဏ္ဍအလိုက်၊ ကဏ္ဍအလိုက်မှာ ပီပီပြင်ပြင်တည့်တည့်မတ်မတ် ဖြောင့်ဖြောင့်တန်းတန်း အဂတိတရား ၄ ပါးဖြစ်တဲ့ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟဆိုတဲ့ အဂတိတရား ၄ ပါး ကင်းစွာဆောင်ရွက်မှသာလျှင် ဒီတရားစီရင်ရေးမဏ္ဍိုင်ဟာ တည့်မတ်ဖြောင့်မတ်မှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် တရားစီရင်ရေးကဏ္ဍပီပြင်သန့်ရှင်းပြီး တည်တံ့ခိုင်မာတောင့်တင်းမှာဖြစ်ပါတယ်။ ပြည်သူလူထုကလည်း လေးစားယုံကြည်လာမှာ

ဖြစ်ပါတယ်။ တရားစီရင်ရေးအပေါ်မှာ တစ်စုံတစ်ရာလွှမ်းမိုးချုပ်ချယ် ကန့်သတ်လာမယ်ဆိုရင်လည်းပဲ တရားရေးမဏ္ဍိုင်ဟာ ချွတ်ချော်တိမ်းပါးလွဲမှားတတ်ပါတယ်။ တရားစီရင်ရေးကဏ္ဍအပေါ်မှာ အုပ်ချုပ်ရေးကဏ္ဍကသော်လည်းကောင်း၊ အထက်အဆင့်ဆင့်ရှိလူကြီးများ ကသော်လည်းကောင်း၊ တရားသူကြီးများအပေါ်မှာ Over Rule တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် စိုးမိုးချုပ်ချယ်လာမယ် ဆိုရင် မူလမှုမှာစစ်ဆေးတဲ့တရားသူကြီးများ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် အခြေခံအမှုများဟာ မှားယွင်းချွတ်ချော်ယိမ်းယိုင်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်မှုများဟာလည်း လွဲမှားယိမ်းယိုင်မှုရှိလာတာကို လက်တွေ့တွေ့မြင်နေကြရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ No Men Above On The Law တရားဥပဒေအပေါ်မှာ မည်သူမျှမရှိရဘူးဆိုတဲ့အစား Some Men Above On The Law, Every Men Above On The Law တရားဥပဒေအပေါ်မှာ အချို့ပုဂ္ဂိုလ်များအာဏာနှင့်လွှမ်းမိုးခြင်း၊ တရားဥပဒေအပေါ်မှာ လူပေါင်းစုံတရားသူကြီးများအပေါ် လွှမ်းမိုးခြင်းများကြောင့် တရားစီရင်ရေးမဏ္ဍိုင်ဟာ ယိမ်းယိုင်လာခဲ့တာကို လက်တွေ့တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် အထက်ဖော်ပြပါမူလမှုများစစ်ဆေးစီရင်တဲ့အခါမှာ ကျွန်တော်တို့ ဒီအဆင့် သုံးဆင့်လုံးမှာပါဝင်တဲ့ ဆက်နွှယ်နေတဲ့ပုဂ္ဂိုလ်များ အဂတိတရားလေးပါးလိုက်စားခဲ့ခြင်းကြောင့် တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်ချွတ်ချော်ခဲ့ပါတယ်။ အထက်ပါ အဆင့်သုံးဆင့်တွင်ပါဝင်တဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ ပုဂ္ဂိုလ်များဟာ မှန်မှန်ကန်ကန်တိတိကျကျတာဝန်ထမ်းဆောင်မှုမရှိခြင်း၊ မရိုးမဖြောင့်သော လုပ်ငန်းများလုပ်ဆောင်ခဲ့ခြင်းကြောင့် တရားရေးမဏ္ဍိုင် ယိမ်းယိုင်ခဲ့တာတွေလည်း တွေ့ခဲ့ဖူးပါတယ်။ ဒါ့အပြင် တာဝန်ရှိပုဂ္ဂိုလ်များ လာဘ်ပေးလာဘ်ယူလုပ်ပြီး မမှန်ကန်သော ဆောင်ရွက်မှုများကြောင့် တရားရေးကဏ္ဍမှေးမှိန်ယိမ်းယိုင်လာခဲ့ပါတယ်။ ပြည်သူတွေကလည်း တရားစီရင်ရေး အပေါ်မှာ ယုံကြည်မှုအားနည်းလာခဲ့ပြီး တရားရုံးများအပေါ်မှာ သံသယရှိလာခဲ့ကြပါတယ်။ တရာရေးမဏ္ဍိုင်ကြံ့ခိုင်ဖြောင့်မတ်ဖို့အတွက် တရားစီရင်ရေးဆိုင်ရာ မူလမှုတည်ဆောက်သူများ၊ ပါဝင်စစ်ဆေးသူများအားလုံး၊ ပါဝင်စစ်ဆေးဆန်းစစ်သုံးသပ်သည့် တရားသူကြီးများ အဂတိတရားလေးပါး ကင်းရှင်းဖို့လိုပါတယ်။ လာဘ်ပေးလာဘ်ယူကင်းရှင်းဖို့လိုပါတယ်။ သိက္ခာ၊ သမာဓိရှိစွာ ဆောင်ရွက်ကြမှသာ တရားရေးမဏ္ဍိုင်ဟာ ကြံ့ခိုင်တောင့်တင်းဖြောင့်မတ်လာမှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူများက ကြည်ညိုလေးစားအားကိုးအားထားပြုလာမှာ ဖြစ်ပါတယ်။ သံသယကင်းရှင်းလာမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးလာမှာဖြစ်ပါတယ်။ ပထမအဆင့်မှာရှိတဲ့ ပါဝင်မှုရှိလာတာကတော့ တရားလိုများဖြစ်ပါတယ်။ အဲ့ဒီအဆင့်မှာလည်းပဲ တရားလိုများအနေနဲ့ မိမိတို့ပြတဲ့သက်သေတွေကို မှားမှားယွင်းယွင်းဖြစ်အောင်ဖန်တီးလာတာလည်းရှိပါတယ်။ နောက်တစ်ခုကတော့ဖြင့် အမှုစစ်တဲ့ပုဂ္ဂိုလ်တွေ လာဘ်ပေးလာဘ်ယူ

လုပ်ပြီးတော့မှ အမှုကိုတိမ်းပါးချတ်ချော်အောင် ဆောင်ရွက်ထားတာတွေလည်း လေ့လာတွေ့ရှိရပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အဆင့်ဆင့်တာဝန်ရှိသူများက တရားစီရင်ရေးကဏ္ဍအောက်အဆင့်ဆင့် စောင့်ကြည့်လေ့လာကြပ်မတ်ထိန်းသိမ်းတဲ့အတွက် တရားရေးကဏ္ဍပိုမိုကောင်းမွန်လာကြောင်းလေ့လာတွေ့ရှိရပါတယ်။ အထိုက်အလျောက် တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်လာတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒီ့ထက်ပိုမိုကောင်းမွန်လာစေရန်အတွက် တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ အရ နိုင်ငံတော်အာဏာသုံးရပ်မှာရှိတဲ့ အဖွဲ့အစည်းအသီးသီးမှာပါဝင်တဲ့ ပုဂ္ဂိုလ်များ၊ တရားစီရင်ရေးဆိုင်ရာ ဆက်စပ်သူများ၊ ပြည်သူအားလုံးဝိုင်းဝန်းပူးပေါင်း အပြန်အလှန်ထိန်းကျောင်းမှသာလျှင် တရားစီရင်ရေးမဏ္ဍိုင်ဟာ ပြန်လည်တည့်မတ်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းပြုမှသာလျှင် တရားစီရင်ရေးမဏ္ဍိုင်ဟာ ကြံ့ခိုင်တောင့်တင်းခိုင်မာလာမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မရေးဟာ လိုအပ်ပါကြောင်း အဆိုကို ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသောင်းက တရားသူကြီးနဲ့ ပြောနေကြထင်တယ်။ ကျွန်တော်တို့ သူရဦးအောင်ကိုရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားတာ ငါးဦးရှိသွားပါပြီ။ တော်တော်လေးလည်း ပြည့်စုံတဲ့သဘောရှိပါတယ်။ အချိန်အတွက်ကော၊ ကျွန်တော်တို့လုပ်ငန်းဆောင်တာများအတွက်ကော မဖင့်နွဲ့ရအောင် ကျန်တဲ့ပုဂ္ဂိုလ်များအနေနဲ့ ဒီအပေါ်မှာဆွေးနွေးသွားတဲ့အကြောင်းအရာတွေမပါဘဲနဲ့ သီးခြားရှိတယ်ဆိုလို့ရှိရင်တော့ တိုတိုနဲ့လိုရင်းဆွေးနွေးပေးဖို့ မှာကြားလိုပါတယ်။ ဦးရွှေမောင်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုမှ ပြည်သူ့လွှတ်တော်သို့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာတင်သွင်းခဲ့တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရေးအတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုကို ကျွန်တော်

အနေနဲ့ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီကနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြုပြင်ပြောင်းလဲမှုမျိုးစုံဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ပန်းတိုင်သို့ချီတက်ချိန်တွင် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရေးသည်လည်း အလွန်အရေးပါလှပါတယ်။ နိုင်ငံတော် သမ္မတ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးများမှာလည်း လွတ်လပ်၍ တရားမျှတသော၊ ဖြောင့်မတ်မှန်ကန်သန့်ရှင်းသော တရားစီရင်ရေးဖြစ်မှုအတွက် အားသွန်ခွန်စိုက် ပြုလုပ်လျက်ရှိသည်ကိုတွေ့မြင်နေရ၍ ချီးကျူးဂုဏ်ယူမိပါတယ်။ အကျိုးဆက်အနေဖြင့် တရား စီရင်ရေးကိစ္စအချို့မှာလည်း မှန်မှန်ကန်ကန်မျှမျှတတလုပ်ဆောင်လာနေပြီဆိုသော သတင်းကောင်း များလည်း ကြားနေရပါတယ်။ သို့သော်လည်း နေရာတော်တော်များများတွင် မမှန်မကန်ပြုလုပ်မှုများ၊ အဂတိလိုက်စားပြီးဘက်လိုက်တရားစီရင်မှုများ၊ မတရားစီရင်မှုများနှင့်ပတ်သက်၍လည်း ပြည်သူ့ အသံများထွက်ပေါ်နေဆဲဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကိစ္စကို ဆွေးနွေး မယ်ဆိုရင် ရဲတပ်ဖွဲ့အကြောင်းကိုချန်ထားမယ်ဆိုရင်ပြည့်စုံမည်မဟုတ်ပါ။ ဖြောင့်မတ်မှန်ကန်သော တရားစီရင်ရေးကိစ္စတွင် ပြည်သူ၊ ပြည်သူ့ရဲတပ်ဖွဲ့၊ ဥပဒေဝန်ထမ်းနှင့် တရားရုံးဆိုပြီးတော့ လေးပွင့်ဆိုင်ပတ်သက်နေပါတယ်။ လာဘ်ပေးလာဘ်ယူဖြစ်ပါက အမှုစစ်ရဲအရာရှိနဲ့စပါတယ်။ ထိုမှ တစ်ဆင့်ဥပဒေဝန်ထမ်း၊ တရားရုံးစသည်ဖြင့်အဆင့်ဆင့်ပေးကမ်းရပါတယ်။ အချို့အမှုတွင် ရဲကအပြီး အစီးအားလုံးအတွက် တာဝန်ယူလုပ်ပေးတတ်ပါတယ်။ သို့သော်လည်း အမှုအပေါ်မူတည်ပြီး တရားသူကြီးကို သီးသန့်ကန်တော့ရတာများလည်းရှိပါတယ်။ ပြည်သူများမှာပေးရင်းပေးရင်းနဲ့ ပေးမလောက်ဖြစ်နေပါတယ်။ အချို့အမှုဆိုရင် Policy Case ဆိုပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ ကိုလည်းပေးရတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီတရားစီရင်ရေးမဏ္ဍိုင်မှာ ရဲနှင့် တရားသူကြီးတွေ ဟာ ဘယ်လိုပုံစံနဲ့မသမာမှုတွေလုပ်ပြီးတော့ တရားရေးမဏ္ဍိုင်ကိုတိမ်းစောင်းတယ်လို့ဝေဖန်ရအောင် ပြုလုပ်နေတာကို တချို့ဥပမာလေးတွေနဲ့တင်ပြလိုပါတယ်။ လွန်ခဲ့တဲ့လေးလကျော်က ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်မှာ လူသတ်မှုများကျူးလွန်ခဲ့သည်ကို အကြောင်းပြုပြီးတော့ အမှန်တကယ် လူသတ်မှုကျူးလွန်သူများတိမ်းရှောင်နေပြီးတော့ အပြစ်မရှိသောပြည်သူ ၄၃ ဦး၊ အဲ့ဒီအထဲမှာ အမျိုးသမီး ၁၄ ဦးလည်းပါဝင်ပါတယ်။ အဲ့ဒီပြည်သူ ၄၃ ဦး ကို နစကမှဖမ်းဆီးပြီးတော့ စစ်တွေထောင်ကြီးတွင်ချုပ်ထားပြီးတော့ အမှုဖွင့်ထားပါတယ်။ ငွေပေးနိုင်သူလွတ်သွားပြီး ငွေမပေး နိုင်သူများမှာ အမျိုးမျိုးခြိမ်းခြောက်ခံရ၍ဖြောင့်ချက်အတင်းပေးခိုင်းသဖြင့် ယနေ့အထိအမှုတွေကို ရင်ဆိုင်နေရသူများရှိပါတယ်။ အမှန်တကယ် လူသတ်သမားက လွတ်သွားပြီး အပြစ်မရှိသူများ

လူသတ်မှုဖြင့် ထောင်ကျတော့မည့်အခြေအနေသို့ ရောက်ရှိနေပါတယ်။ ကျွန်တော့်အနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှာ မိမိမဲဆန္ဒနယ်သို့ ပြည်သူ့အသံနားထောင်ရင်းနဲ့ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲပြုလုပ်ရန်သွားခဲ့ပါတယ်။ အဲ့ဒီမှာ ကျွန်တော့်မြို့နယ်ဖြစ်တဲ့ ဘုးသီးတောင်မြို့နယ်၊ မိချောင်းဆိတ်ရွာမှာ ကျွန်တော် ဇန်နဝါရီလ ၁၀ ရက်နေ့မှာ မဲဆန္ဒရှင်များရဲ့အခက်အခဲနှင့် ပြည်သူ့အသံကိုနားထောင်တဲ့နေရာမှာ အဲ့ဒီရွာရဲ့အနီးနားရွာ၊ အင်းချောင်းကျေးရွာမှရာအိမ်မှူးတစ်ဦးက သူ့ကို နစကနယ်မြေ (၉)မှအရာရှိတစ်ယောက် ကြက်တစ်ကောင်တောင်းရာမပေးနိုင်သဖြင့် ရိုက်နှက် ခံရ၍ နစကကွပ်ကဲရေးမှူးမှ အဆိုပါအရာရှိအားအရေးယူမှုကို မကျေမနပ်ဖြစ်ခဲ့ပါတယ်။ ရက်အတန် ကြာသော် အဆိုပါ နစကအရာရှိနှင့် ရဲအရာရှိတို့ပူးပေါင်းကာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်က တည်ဆောက်ခဲ့တဲ့ကျေးရွာဆိုင်ခန်းတစ်ခုကိုအကြောင်းပြပြီးတော့ အမှုဖွင့်ကာထောင် ၆ လအချခံခဲ့ရ ပါတယ်။ ဒီကိစ္စမှာလည်း တရားသူကြီးမှလည်းငွေတောင်းခံခဲ့ရာ မပေးနိုင်တဲ့အတွက်ထောင်ချခဲ့ ကြောင်းလေ့လာသိရှိရပါတယ်။ ဒီလိုအမှုတွေကိုမတားဆီးဘူး၊ မထုတ်ဖော်ဘူးဆိုရင် နောင်တွင် ပြည်သူ့ကိုယ်စားလှယ်တွေကို ပြည်သူများတင်ပြရဲတော့မည်မဟုတ်ပါ။ အလားတူပဲ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ ဘုးသီးတောင်မြို့ပေါ်တွင် ပြည်သူ့အသံနားထောင်ရင်းနှင့် လွှတ်တော် အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားမှာတက်ရောက်ခဲ့တဲ့ ရသေ့တောင်မြို့နယ်မှ ဦးဘကျော်ဦး ဆိုသော ပုဂ္ဂိုလ်တစ်ဦးက သူတို့ရဲ့မြို့တွင်ရဲတပ်ဖွဲ့ရဲ့လုပ်ဆောင်ချက်များသည် ရဲတပ်ဖွဲ့ဆောင်ပုဒ်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေကြောင်း ငယ်သောအမှုကိုကြီးအောင်လုပ်၊ ကြီးသောအမှုကိုဒီထက်ပိုမို ကြီးအောင်လုပ်ပြီး တရားရုံးနှင့် ပေါင်းကာစီးပွားရှာနေကြောင်းတင်ပြ၍ ထိုသို့မပြုလုပ်နိုင်အောင် သက်ဆိုင်ရာကိုတင်ပြပေးပါလို့ ကျွန်တော့်အားတင်ပြခဲ့ပါတယ်။ ထိုကိစ္စနှင့်ပတ်သက်ပြီးတော့ ရသေ့တောင်မြို့နယ်သက်ဆိုင်ရာ ရဲစခန်းမှ အဲ့ဒီလိုတင်ပြတာကိုမကျေမနပ်ဖြစ်ပြီးတော့ အမှုမျိုးစုံ ဖန်တီးပြီး ယခုအချိန်မှာ ဦးဘကျော်ဦးမှာ မိမိရပ်ရွာတွင် နေထိုင်လို့မရဘဲဖြစ်နေကြောင်း ကျွန်တော့်ထံ စာရေးတိုင်ကြားထားပါတယ်။ တဖန် ဘုးသီးတောင်မြို့နယ်၊ ဖရုံကျွန်းကျေးရွာကိစ္စတစ်ခုမှာလည်း ကျေးရွာ အုပ်ချုပ်ရေးမှူး၏မတရားလုပ်နေမှုအပေါ် ဦးမိုဟာမက်အဘိစ်အပါအဝင် ကျေးရွာသူ/ ကျေးရွာသား ၁၀၀ ကျော်က အမှန်တကယ်လက်မှတ်ထိုးတိုင်ကြားခဲ့သောကိစ္စအပေါ် ကျေးရွာ အုပ်ချုပ်ရေးမှူးမှ တိုင်ကြားသူအပေါ်အပြစ်ကျအောင် မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ပူးပေါင်းပြီးတော့ လက်မှတ်ထိုးသူ ရွာသူ/ရွာသားများကို ခြိမ်းခြောက်ပြီးတော့ သူတို့လက်မှတ်များမဟုတ်ဟု အတင်း ငြင်းဆိုခိုင်းကာ အဓိကတိုင်ကြားသူဖြစ်သော ဦးမိုဟာမက်အဘိစ်ကို တရားရုံးတွင်လိမ်လည်မှုဖြင့် အမှုဖွင့်ခြင်းခံခဲ့ရပါတယ်။ တရားရုံးက ရုံးချိန်းများစွာဖြင့်စစ်ဆေးပြီးသော်လည်း ကာယကံရှင်မှ

ငွေမပေးနိုင်သောကြောင့် နောက်ထပ်ရုံးချိန်းလေးကြိမ်ကို အကြောင်းမဲ့ချိန်းဆိုပြီးတော့ နောက်ဆုံးမှာ ထောင် ၆ လ ချခဲ့ပါတယ်။ ဦးမိုဟာမက်အဘိစ်၏ပြောကြားချက်အရ ဒီမိုကရေစီနှင့် တရားဥပဒေ စိုးမိုးသော ခေတ်ရောက်ပြီဟုယူဆ၍ အမှန်တရားတစ်ခုကိုဖော်ထုတ်ရန်ကျွန်တော်ကြိုးစားတော့မှ တရားသူကြီးရဲ့မတရားပြုလုပ်မှုကြောင့် ထောင်ကျရတဲ့ဘဝကိုရောက်သွားပါတယ်လို့ ကျွန်တော့်ကို ကိုယ်တိုင်ရှင်းပြခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဘူးသီးတောင်မြို့နယ်၊ အမှတ် (၇)ရပ်ကွက် မှာလည်း အသက် ၉ နှစ်အရွယ်ကျောင်းသူတစ်ဦး ရက်ရက်စက်စက်အသတ်ခံခဲ့ရပါတယ်။ အဲ့ဒီအချိန် မှာလည်း ကျွန်တော့်မဲဆန္ဒရှင်နဲ့တွေ့ဖို့ မြို့ကိုရောက်နေခဲ့ပါတယ်။ ထိုစဉ်က ဘူးသီးတောင်မြို့နယ်၊ ရဲတပ်ဖွဲ့မှူးမှဦးဆောင်၍ သေချာစစ်ဆေးပြီးတော့ လူသတ်မှုသံသယရှိသူကိုဖမ်းဆီးခဲ့ပါတယ်။ သို့သော်လည်း သံသယရှိသူအား မြို့နယ်ရဲစခန်းမှ အပြစ်မရှိဟုဆိုကာပြန်လည်လွှတ်ပေးခဲ့ပါတယ်။ ယနေ့အထိ လူသတ်တရားခံကို မဖော်ထုတ်နိုင်သေးဘူးလို့လေ့လာသိရှိရပါတယ်။ ရဲစခန်းမှာ အမှုဖွင့်ထားသော်လည်း ကာယကံရှင်မိဘများမှာငွေကြေးမတတ်နိုင်၍ တရားရုံးသို့တရားစွဲဆိုခြင်း မပြုလုပ်သေးပါ။ ပြစ်မှုတိုင်းတွင် သဲလွန်စကျန်စမြဲဟုဆိုသော်လည်း နေ့လယ် ၂ နာရီ မြို့ပေါ် လူသတ်မှုတရားခံကို ယနေ့အထိရဲစခန်းကမဖော်ထုတ်နိုင်သေးပါ။ သို့သော်လည်း မြို့မှမိုင် ၂၀ ကျော် ဝေးသော ဆီးလွန်ကျေးရွာတွင် ဓားပြတိုက်မှုတစ်ခုဖြစ်ပွားရာ ဓားပြတွေထွက်ပြေးသွားပြီး နောက်ပိုင်း တွင် ရဲကအကွက်ဆင်ပြီး အပြစ်မရှိသောပတ်ဝန်းကျင်ရွာများမှလူ ၁၂ ဦးတို့ကို ဓားပြတိုက်မှုတွင် ပါဝင်သည်၊ ဓားပြကိုထမင်းကျွေးသည်ဟုမတရားစွပ်စွဲပြီး အဆိုပါလူကောင်းများ၏ အိမ်ကို ရဲနှင့် အပေါင်းအပါများက သက်သေခံပစ္စည်းများ ရှာဖွေမည်ဟုအကြောင်းပြချက်ဖြင့် အိမ်ထဲဝင်ပြီး ပစ္စည်းများသိမ်းယူခဲ့သဖြင့် ရဲကနေ့ခင်းကြောင်တောင်ဓားပြပြန်တိုက်သလိုဖြစ်နေပါတယ်။ ပြည်သူ့ အသံများသည် ဘူးသီးတောင်တစ်မြို့နယ်လုံးတွင် ပွဲတင်သံထပ်နေပါတယ်။ သို့သော်လည်း ရဲနှင့် တရားသူကြီးများကိုငွေပေးနိုင်သူ ၅ ဦးသာ လွတ်လာသော်လည်း ဆင်းရဲသော ဆင်းရဲသား ၇ ဦးတို့မှာ ထောင်ကျခဲ့ပါတယ်။ ငွေမပေးနိုင်လျှင် တရားသူကြီးကထောင်ချတာပဲလို့ ပြည်သူ့အသံများထွက်ပေါ် လာသော်လည်း အမှုကိုအကွက်ကျကျဆင်ထားသဖြင့် တရားသူကြီးရှေ့တွင် ဘာမျှမပြောနိုင်ဘဲ ခေါင်းငုံ့ခံလိုက်ရပါတယ်။ မောင်တောခရိုင်ရဲ့ တရားစီရင်ရေးမှာ နစက၏ ဝင်ရောက်စွက်ဖက်ဖိအား ပေးမှုကြောင့် မောင်တောခရိုင်၏တရားစီရင်ရေးမဏ္ဍိုင်မှာ မြန်မာနိုင်ငံတွင် အဆိုးရွားဆုံးဟုပြောနိုင် ပါတယ်။ ဥပမာတစ်ခုအနေနဲ့တင်ပြရရင် လူငယ်တို့၏ သဘာဝအလျောက် အိမ်ထောင်ပြုထိမ်းမြား မင်္ဂလာဆောင်တဲ့ကိစ္စမှာ နစက၏ လက်ထပ်ခွင့်မယူဘဲ မင်္ဂလာဆောင်မှုကြောင့်အပြစ်ရှိသည်ဟု နစကမှတရားရုံးသို့တရားစွဲဆိုကာ ၃ နှစ် မှ ၅ နှစ်အထိ ထောင်ချခဲ့သော်လည်း နစကအရာရှိများနှင့်

တရားသူကြီးများကိုငွေပေးနိုင်ပါက ထောင်မကျဘဲ ကွင်းလုံးကျွတ်လွတ်ပေးခြင်း သို့မဟုတ် ထောင်ဒဏ်ကို လျှော့ပေါ့သတ်မှတ်စီရင်မှုများပြုလုပ်ပြီး ငွေမပေးနိုင်သူများအနေနဲ့ ထောင်ဒဏ်ပိုချခံရပါတယ်။ ဒါ့အပြင် နစကဌာနချုပ်မှ ထောင်ချလျှင် ဖိအားပေးထားတဲ့အတွက် နစကဌာနချုပ်နဲ့ ရှင်းရမယ်လို့ဆိုပြီးတော့ တရားသူကြီးကိုယ်တိုင်က သူတို့နေအိမ်တွေမှာခေါ်ပြီးတော့ အမှုသည်တွေကိုခြိမ်းခြောက်ပြောဆိုတဲ့အတွက် ငွေသိန်းပေါင်းများစွာ ပေးရတဲ့ကိစ္စတွေလည်း ဒုနဲ့ဒေးရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထက်မှာ တင်ပြထားခြင်းများသည် လက်ရှိပြည်သူများခံစားနေရသော ပကတိအခြေအနေများဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ဒီမိုကရေစီစနစ်ကို ဘယ်လိုပဲသွားသွား တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးမှာ အရေးကြီးသော Stake Holder များဖြစ်တဲ့ တရားသူကြီးအဆင့်ဆင့်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှမြို့နယ်မှူးများ၊ မြို့နယ်စခန်းမှူးများ၊ အမှုလိုက်ရဲအရာရှိများ၏အဂတိတရားကင်းမှု၊ ဖြောင့်မတ်မှန်ကန်မှုများမရှိလျှင် စစ်မှန်သော ဒီမိုကရေစီမရရှိနိုင်ပါ။ ဒီပကတိအခြေအနေတွေကို ကျွန်တော်တို့ အားလုံးသိနေကြပါတယ်။ ပြည်သူတွေကြားထဲမှာနေနေတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကလည်း အကုန်လုံးသိနေကြပါတယ်။ သိပြီးပြီဆိုရင် လက်တွေ့အကောင်အထည်ဖော်ဖို့အတွက် စနစ်တစ်ခုတည်ဆောက်မှသာလျှင် တရားရေးမဏ္ဍိုင်ဖြောင့်မတ်မှာဖြစ်ပါတယ်။ ဒီဟာတွေကိုဝိုင်းဝန်းစဉ်းစားပြီးတော့ထောက်မပြီး ကောင်းမွန်သောစနစ် တစ်ရပ်ပြဋ္ဌာန်းမှသာ အဆင်ပြေချောမွေ့နိုင်ပြီး အဂတိလိုက်စားမှုအတွက် ပြင်းပြင်းထန်ထန် အရေးယူမှသာ အဆင်ပြေမှာဖြစ်ပါတယ်။ ဒီဟာတွေကို ကျွန်တော်တို့ မသိကျိုးကျွန်ပြုနေမယ်ဆိုရင် ပြည်သူတွေရဲ့ခံစားမှု၊ မကျေနပ်မှုတွေဟာပျောက်မှာမဟုတ်ပါဘူး။ ပြည်သူတွေက သူတို့ရဲ့အခက်အခဲများကို ပြည်သူ့ကိုယ်စားလှယ်ထံတင်ပြကြပါတယ်။ တရားရုံးနှင့် ပြည်သူ့ရဲတွေကလည်း ဒါသူတို့ရဲ့လုပ်ပိုင်ခွင့်ပဲ၊ တရားစီရင်ရေးကိစ္စပဲ အုပ်ချုပ်ရေးဆိုပြီးပြောနေကြတယ်။ ပြည်သူ့ကိုယ်စားလှယ်က ပြည်သူဘက်မှရပ်တည်ပြီး ပြောတာဆိုတာကို လွှတ်တော်ကိုယ်စားလှယ်များက အုပ်ချုပ်ရေးမှာဝင်စွက်တယ်ဆိုပြီးတော့ စွပ်စွဲနေကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ ပကတိလိုအပ်ချက်အရ ပြည်သူတွေအားကိုးတဲ့ ပြည်သူတွေကိုယ်တိုင်ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များနဲ့ အပြန်အလှန်ထိန်းကျောင်းမှသာ အခြေအနေကောင်းတစ်ခုဖြစ်လာမှာပါ။ အဲ့ဒါကြောင့်လည်း နိုင်ငံ့ခေါင်းဆောင်များ အမြော်အမြင်ရှိစွာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မဏ္ဍိုင်သုံးရပ်အပြန်အလှန်ထိန်းကျောင်းဖို့အတွက် ပြဋ္ဌာန်းထားရှိသည်နှင့်အညီ အပြန်အလှန်ထိန်းကျောင်းရေးဥပဒေတစ်ခု ပြဋ္ဌာန်းနိုင်မည်ဆိုလျှင် တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်လာမည်ဟု ယုံကြည်ကြောင်းတင်ပြရင်း ကန်ပက်လက်မဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါ့မယ်။

အချိန်၊ ၁၄ း ၁၅ ။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို မွန်းလွဲ ၁၄း၄၅ နာရီမှာပြန်လည်စတင်ပါ့မယ်။ ကိုယ်စားလှယ်အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

အချိန်၊ ၁၄ း ၄၅ ။

**အခမ်းအနားမှူး** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဆွေးနွေးတဲ့ ဆွေးနွေးချက်တွေဟာ အင်မတန်စိတ်ဝင်စားစရာကောင်းပြီးတော့ ကျွန်တော်တို့ နိုင်ငံအတွက်လည်း အင်မတန်မှ အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ဦးတင်ဝင်း၊ ကောလင်းမဲဆန္ဒနယ်ကတင်ပြသွားတဲ့ကိစ္စက တင်ပြချက်အတိုင်း မှန်ကန်တယ်ဆိုပါက ကျွန်တော်တို့လွှတ်တော်ရော၊ အစိုးရရော၊ တရားစီရင်ရေးအဖွဲ့ရော ဒါကိုတည့်မတ်မှန်ကန်အောင် ဆက်လက်ဆောင်ရွက်ပေးဖို့လိုမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာသူရဦးအောင်ကိုတို့ ကော်မတီရယ်၊ ကျွန်တော်တို့ လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မရှင်ရယ်၊ ဥပဒေနှင့်သက်ဆိုင်တဲ့ အခြားအခြားပုဂ္ဂိုလ်များရယ် ဒီတင်ပြချက်ကို အလေးထား ပြီးတော့ ဘယ်လိုပြေလည်အောင် ဖြေရှင်းဆောင်ရွက်ရမလဲဆိုတာ စဉ်းစားသုံးသပ်ဖို့လိုပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာလည်း သက်ဆိုင်ရာပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက၊ ရှေ့နေချုပ်ရုံးက တာဝန်ရှိသူများနှင့်ဆွေးနွေးပြီးတော့ မှန်ကန်တဲ့ဆောင်ရွက်မှုတစ်ခုဖြစ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီမှာတစ်ခါတည်းပဲတင်ပြတာဝန်ပေးချင်တာကတော့ ခုနကပြောတဲ့အဖွဲ့ဝင်တွေနဲ့ မှန်ခြင်း၊ မှားခြင်းတော့မသိဘူး။ သို့ရာတွင် ခုနက ဦးတင်ဝင်း တင်ပြတဲ့အတိုင်းသာ တကယ်ဖြစ်တယ်ဆိုရင်တော့ နိုင်ငံတော်ရော၊ တရားစီရင်ရေးအဖွဲ့ရော အားလုံးအင်မတန်မှ မဖြစ်သင့်မဖြစ်ထိုက်တဲ့

ကိစ္စကြီးကို လက်ခံထားရမယ်ဆိုရင် လွှတ်တော်က ပြည်သူ့ကိုယ်စားလှယ်များကြားတဲ့အတိုင်း ဒီအတိုင်းပဲထားမယ်ဆိုရင် ကျွန်တော်တို့အတွက် ဆိုးရွားတဲ့ကိစ္စကြီးတစ်ခုဖြစ်မှာဖြစ်တဲ့အတွက် ဆက်ပြီးဆောင်ရွက်ပေးဖို့ ဒီမှာတစ်ခါတည်းတာဝန်ပေးလိုပါတယ်။ အဲဒီအတိုင်းပဲ ခုနက ဦးရွှေမောင် တင်ပြတဲ့ကိစ္စ ပြည်သူ့အသံတော့မှန်ပါလိမ့်မယ်။ သို့ရာတွင် ဖြစ်သင့်တဲ့ကိစ္စကတော့ Case by Case တွေ့ရှိချက်တွေကို သက်ဆိုင်ရာကို ဒီလိုတင်ပြတာကောင်းပါတယ်။ အလားတူပဲ ကျန်တဲ့ ကိုယ့်ရဲ့ ကိုယ်စားလှယ် နယ်မြေများမှာ ဒီလိုဖြစ်တယ်ဆိုလို့ရှိရင်လည်း Case by Case စောစောက စဉ်းစားဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီမှာတော့ ဒီနေ့ဆက်ပြီးဆွေးနွေးတဲ့ ပုဂ္ဂိုလ်များအနေနဲ့ ဦးအောင်ကိုတင်သွင်းတဲ့ အဆိုပေါ်မူတည်ပြီးတော့ ဒီကိစ္စကိုသာလျှင် ထောက်ခံဆွေးနွေးသွားဖို့ သို့မဟုတ်လို့ရှိရင် ဒီကိစ္စကိုသာလျှင် ကန့်ကွက်ဆွေးနွေးသွားဖို့ ကျွန်တော်တင်ပြလိုပါတယ်။ အချိန်ကြောင့်ပါ။ ဒါကြောင့် ဦးမြင့်စိုးကစပြီးတော့ ကျန်တဲ့ဦးခင်မောင်ရည်အထိ ကျန်တဲ့ငါးဦးဟာ ထောက်ခံရင် ထောက်ခံတယ် ဘာကြောင့်ဆိုတဲ့အကြောင်းလောက် ဆွေးနွေးဖို့ပြောကြားလိုပါတယ်။ ဆက်လက်ပြီး ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုရဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုနဲ့ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ တရားစီရင်ရေးနယ်ပယ်ရဲ့ အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ ပြည်သူလူထုမှ ခံစားတင်ပြချက် အများဆုံးဖြစ်နေပါတယ်ခင်ဗျား။ ယနေ့ကာလအထိ တရားသူကြီးအချို့ဟာ မိမိတို့ရဲ့ စီရင်ပိုင်ခွင့် အာဏာကို တရားမျှတဖြောင့်မတ်မှန်ကန်စွာကျင့်သုံးရမည့်အစား အချို့သောအကျင့်ပျက်သူများနှင့် ပူးပေါင်းကာ အမှုသည်ပြည်သူများထံမှ ငွေမည်မျှပေးလျှင် မည်ကဲ့သို့စီရင်ပေးမည်ဆိုကာ မိမိတို့၏ စီရင်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုကာ ပြစ်ဒဏ်အတိုးအလျော့ ကစားပြီးတော့ လာဘ်ငွေ တောင်းယူနေကြောင်း ပြည်သူများ၏ တင်ပြချက်၊ ပြောဆိုချက်များအရ သိရှိနေရပါတယ်ခင်ဗျား။ ဒါဟာလည်း တရားစီရင်ရေးမဏ္ဍိုင်ကိုယိမ်းယိုင်စေသော အကြောင်းတရားတစ်ရပ်ဖြစ်ပါတယ်။

ဒါ့အပြင် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဝင်ရောက်စွက်ဖက်မှုကင်းသော တရားစီရင်ရေးလည်း ဖြစ်ဖို့လိုအပ်ပါတယ်ခင်ဗျား။ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအခန်း (၂) ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ တရားစီရင်ရေးဆိုင်ရာမှုများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးကို အခြေခံလျက်စီရင်ရမယ်လို့ဖော်ပြထားသော်လည်း အခွင့်အာဏာရှိသူတို့၏ လွှမ်းမိုးမှုကြောင့် ဘယာကတိကိုလိုက်စားပြီး စီရင်ခြင်းများဟာလည်း တရားစီရင်ရေးမဏ္ဍိုင်ကို တိမ်းစောင်းစေသောအကြောင်းတရားတစ်ရပ်ဖြစ်ပါတယ်ခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီသို့ အများပြည်သူများမှ တရားစီရင်ရေးနှင့်ပတ်သက်၍ ခံစားချက်များ၊ တင်ပြတိုင်ကြားချက်များအားယနေ့အထိ တိုင်စာပေါင်း ၈၀၀ ကျော်ရှိနေခြင်းကိုကြည့်လျှင်သိရှိနိုင်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူလူထုမှ လွှတ်တော်သို့ အားကိုးအလေးထား တိုင်တန်းခြင်းများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးနိုင်ဖို့အတွက် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာနယ်ပယ်များတွင် အဂတိလိုက်စားမှုပပျောက်ရေးအတွက် ထိရောက်စွာအရေးယူနိုင်သည့်၊ ပြည့်စုံလုံလောက်သည်အထိ အရေးယူနိုင်သောဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းပေးဖို့လည်းလိုအပ်နေပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင်ကို ဖြောင့်မတ်ကြံ့ခိုင်စေရန် ကျန်မဏ္ဍိုင် ၄ ရပ်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပါ တရားစီရင်ရေးမှုများနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအခန်း (၂) ပုဒ်မ ၃ မှာ ပြဋ္ဌာန်းချက်များမှာရှိတဲ့ တရားစီရင်ရေးမှုများကို လေးစားလိုက်နာပြီးတော့ တည့်မတ်ထိန်းကျောင်းသွားရန် လိုအပ်ပါတယ်ခင်ဗျား။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းမီဒီယာများဟာလည်း ကျွန်တော်တို့ လွှတ်တော်များရဲ့ ဒီမိုကရေစီလမ်းကြောင်းကို ချောချောမွေ့မွေ့သွားလာနိုင်ရေးအတွက် လွန်စွာအထောက်အကူပေးနေတာလည်း ကိုယ်တွေ့မျက်မြင်ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ တရားစီရင်ရေးမဏ္ဍိုင်ကို ဖြောင့်မတ်ကြံ့ခိုင်စေရန် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းမီဒီယာများအနေနဲ့ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံများကို အခြေခံပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပုဒ်မခွဲ(က) အရ လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်လည်းရှိနေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်း၊ မီဒီယာများအနေနဲ့ တရားစီရင်ရေးမဏ္ဍိုင်ကို ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးဖို့လည်း လေးလေးစားစားအားကိုးတကြီး မေတ္တာရပ်ခံတိုက်တွန်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါဆွေးနွေးချက်များကို အခြေခံပြီးတော့ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုရဲ့ တရားစီရင်ရေးမဏ္ဍိုင်ကို ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းအနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို မနေ့ကတင်သွင်း သွားခဲ့တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှေ့ကဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်များပြောသွားတဲ့အထဲမှာ အဖြစ်အပျက်အစုံအလင် ပြည့်ပြည့်စုံစုံပါပြီးဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော်ပြောလိုတဲ့ နမူနာအမှုအခင်းအချို့ကိုမပြောတော့ပါဘူး။ အရေးကြီး တဲ့အချက် ၄ ချက်လောက်ပဲ အကြံပြုရင်းနဲ့ပြောလိုပါတယ်။ ဒီလို တရားစီရင်ရေးမဏ္ဍိုင် ပုံပျက် ပန်းပျက်ဖြစ်နေတာကို ပြုပြင်ပြောင်းလဲဖို့အတွက် ကျွန်တော်တင်ပြ အကြံပြုလိုတဲ့အချက်ကတော့ တာဝန်ရှိတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကိုယ်တိုင်က လိုလိုလားလားတက်တက်ကြွကြွ ပြုပြင် ပြောင်းလဲလိုစိတ်ရှိရပါမယ်။ ဒီနေရာမှာ ကျွန်တော်ဆိုလိုတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ဆိုတာ အစိုးရပိုင်းက တရားရေးကိုတာဝန်ယူတဲ့ ပြည်ထောင်စုတရားရေးဝန်ကြီး ဒါမှမဟုတ် တရားရေး ဝန်ကြီးရဲ့တာဝန်များကို ယူထားသူကိုဆိုလိုတာပါ။ အဲဒီနေရာမရှိသေးရင် ဖန်တီးပေးသင့်ပါတယ်။ သူ့ရဲ့တာဝန်ကတော့ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေနဲ့ ရဲ စတဲ့ တရားစီရင်ရေးယန္တရားမှာ အပြန်အလှန်ထိန်းကျောင်းတဲ့စနစ် ပုံမှန်အသက်ဝင်နေအောင် ကြိုးစားဆောင်ရွက်နေဖို့ဖြစ်ပါတယ်။ ဒုတိယအားဖြင့် တရားစီရင်ရေးစနစ်အတွင်းမှာ အပြန်အလှန်ထိန်းကျောင်းတဲ့စနစ် ပါဝင်နေရပါ မယ်။ ဥပမာ ရဲက မမှန်သက်သေလုပ်ပြီးတင်တယ်ဆိုရင် ဘယ်လိုဖော်ထုတ်မလဲ။ ဘယ်လိုအရေးယူ မလဲ။ ဘယ်အဖွဲ့အစည်းက အရေးယူမလဲ။ အမှုသည်ရဲ့ရှေ့နေက မမှန်သက်သေတင်တယ်ဆိုရင်ရော ဘယ်သူကဖော်ထုတ်မလဲ။ သက်သေခံသူကိုရော ဘယ်လိုဥပဒေတွေနဲ့ အရေးယူမလဲစတာတွေ နောက်တစ်ခါ အောက်တရားရုံးက ဆုံးဖြတ်ချက်ကိုမကျေနပ်လို့တင်လာတဲ့ အယူခံမှုတွေကို အထက်တရားရုံးက မကြာခဏပြင်ဆင်ဆုံးဖြတ်ပေးနေရရင် အဲဒီလိုအမှုကို မူလစီရင်ဆုံးဖြတ်ခဲ့တဲ့ တရားသူကြီးရဲ့မှားယွင်းမှုမျိုး ဘယ်နှစ်ကြိမ်လောက်ထိသည်းခံနိုင်မလဲ။ ဘယ်လောက်ထိများလာရင် ဘယ်လိုအရေးယူသင့်သလဲစသည့် Check and Balance ဖြစ်တဲ့စနစ်ဖြစ်အောင် စီစဉ်ထားဖို့ လိုပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ ပြဋ္ဌာန်းချက်များမရှိရင် ပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တရားစီရင်ရေးစနစ်မှာ ဒီလိုစနစ်မျိုး၊ ဥပဒေမျိုးရှိနေပြီးသားမို့လို့လည်း ပြောတာကို

ဖတ်ရပါတယ်။ မလိုက်နာမကျင့်သုံးဘဲနေတာ ဒါမှမဟုတ် အပြန်အလှန်ထောက်ပြီး ဝေစားမျှစားတဲ့ စားကွက်များဖန်တီးဖို့လောက်သာ အသုံးပြုနေကြတယ်လို့လည်းကြားသိနေရပါတယ်။ ဒီစနစ်ရှိနေပြီးသားဆိုရင်လည်း တက်တက်ကြွကြွ အသက်ဝင်လာအောင် တာဝန်ရှိတဲ့သူကကြိုးစားရပါမယ်။ တတိယအချက်အနေနဲ့ကတော့ ပွင့်လင်းမြင်သာမှုရှိဖို့ပါ။ တစ်နည်းပြောရမယ်ဆိုရင် တရားစီရင်ရေးစနစ်ကို မီဒီယာများကတစ်ဆင့် ပြည်သူလူထုက စောင့်ကြည့်နိုင်ဖို့ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့ ပြည်သူလူထုက စောင့်ကြည့်တာခံနေရတဲ့ စနစ်တစ်ခုအောက်မှာ မဏ္ဍိုင် ၃ ရပ်ရဲ့ တာဝန်ရှိပုဂ္ဂိုလ်များဟာ မိမိကိုယ်ကိုထိန်းသိမ်းကြတာများပါတယ်။ အကြောင်းကတော့ မကောင်းမှုဟူသည် စိတ်ကွယ်ရာမရှိဆိုတာကို စာတွေနဲ့တင်မဟုတ်ဘဲ လက်တွေ့နဲ့ပါ ထိန်းထားတာဖြစ်လို့ပါပဲ။ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် ကျင့်သုံးနေပုံများကို ပွင့်ပွင့်လင်းလင်းနဲ့ ပြည်သူများ မပြတ်သိရှိနေခွင့်ရအောင် မီဒီယာများက မျှမျှတတ မှန်မှန်ကန်ကန်ရေးသားခွင့်ရအောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ မှန်ကန်တဲ့ တရားစီရင်ရေးတစ်ခုကို ပြည်သူကစောင့်ကြည့်နိုင်ဖို့ တရားစီရင်စစ်ဆေးနေစဉ်မှာပင် အဖြစ်အပျက်မှန်ကို မူရင်းအတိုင်းရေးသားတင်ပြခွင့်ပေးသင့်ပါတယ်။ ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ မှာ ပြဋ္ဌာန်းထားတဲ့ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေးဆိုတဲ့မူကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်တာလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့တင်ပြလိုတာကတော့ ကျွန်တော်တို့ တရားစီရင်ရေးစနစ်တွေထဲမှာရှိတဲ့ အားနည်းချက်နှင့် ပျော့ကွက်ဟာကွက်များကို တရားရေးနယ်ပယ်မှာတာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များကောင်းစွာသိရှိကြပါတယ်။ ဒီကိစ္စတွေပြုပြင်ဖို့အတွက် ပြည်သူကိုအလုပ်အကျွေးပြုတဲ့ စိတ်ဓာတ်နဲ့ မကြောက်မရွံ့ ရဲရဲတင်းတင်း အကြံဉာဏ်များပေးကြဖို့လှုံ့ဆော်ပြီး သူတို့ဆီက အကြံဉာဏ်ကောင်းတွေရယူကာ တရားစီရင်ရေးစနစ်ကို ကောင်းသည်ထက်ကောင်းအောင် ပြုပြင်တည်ဆောက်သွားဖို့လိုကြောင်းနှင့် သူတို့အားလုံးကိုလည်း မိမိအဆင့်နေရာဂုဏ်သိက္ခာနှင့်အညီ နိုင်ငံတကာစံနှုန်း ဒါမှမဟုတ် အိမ်နီးချင်းနိုင်ငံများရဲ့စံနှုန်းနဲ့ညီမျှတဲ့ လစာ၊ ရိက္ခာများလည်း ထောက်ပံ့ပေးဖို့အရေးကြီးကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမန်းမောင်မောင်ဉာဏ် ဆွေးနွေးဖို့ဖြစ်ပါတယ်ခင်ဗျား။

**ဦးမန်းမောင်မောင်ဉာဏ် (ပန်းတနော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုပဲ လေးစားပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမောင်မောင်ဉာဏ် ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးမှာကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။ ဒီအပိုင်းမှာ သိပ်ပြီးကြာသွားမှာစိုးတဲ့အတွက် အပိုင်း ၃ ပိုင်းလောက်ပဲ ခွဲပြီးတော့ ကျွန်တော်တင်ပြချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင်ဆိုတဲ့အခါကျတော့ တရားရုံးကနေစမှာပေါ့။ တရားရုံးမှာ တရားစီရင်ရေးခွင်ကိုရောက်လာတဲ့အခါမှာ အဲဒီရောက်လာတဲ့သူတွေဟာ တရားလို၊ တရားခံဖြစ်ချင်ဖြစ်မယ် သို့တည်းမဟုတ် တရားပြိုင်ဖြစ်ချင်ဖြစ်မယ်။ တစ်နည်းအားဖြင့် ပြည်သူတွေပဲ။ ပြည်သူတွေနဲ့ပဲတွေ့နေတယ်ဆိုတဲ့အခါကျတော့ ပြည်သူတွေရဲ့စိတ်ထားတွေ လေ့လာအကဲခတ်ဖို့လိုပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ပြည်သူတွေရဲ့နှလုံးသားထဲမှာ ဘာဖြစ်နေလဲဆိုတဲ့အခါကျတော့ ငွေများရင် တရားနိုင်တယ်၊ ပိုက်ဆံပေးနိုင်ရင် နိုင်တယ်ဆိုတဲ့အသိဟာ ပြည်သူတွေထဲမှာ ရောက်နေပါတယ်။ မယုံမရှိပါနဲ့။ အားလုံးပါပဲ။ ပြဿနာဖြစ်ရင်။ ဒါကြောင့်မို့လို့ တရားစီရင်ရေးမှာ တရားရေးမဏ္ဍိုင်ဟာ တည့်မတ်ချင်သော်လည်းပဲ တရားသူကြီးတွေဟာ တည့်မတ်ချင်သော်လည်းပဲ ငွေရှိတဲ့လူက ငွေကိုအကြောင်းပြုပြီးတော့ မဏ္ဍိုင်နဲ့အောင်လုပ်။ အာဏာရှိတဲ့လူဟာ အာဏာကိုအကြောင်းပြုပြီးတော့ မဏ္ဍိုင်နဲ့အောင်လုပ်တယ်။ အခွင့်အာဏာရှိသူက အခွင့်အာဏာပြုပြီးတော့ တရားရေးမဏ္ဍိုင်နဲ့အောင်လုပ်တယ်။ အဲဒီလိုအကြောင်းအမျိုးမျိုးတွေ လုပ်တဲ့အတွက်ကြောင့်မို့လို့ တရားရေးမဏ္ဍိုင်ဟာ ယိမ်းယိုင်သွားတဲ့သဘောဖြစ်ပါတယ်။ ဒါဖြစ်ရင် ဒီလိုယိမ်းယိုင်တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဟာ ဘယ်လိုထိန်းကျောင်းမလဲဆိုတာ အဖြေရှာရပါတယ်။ အဖြေရှာတဲ့အခါကျတော့ ပြည်သူရဲ့အပိုင်း၊ ပြည်သူရဲ့အပိုင်းမှာ ပညာပေးဖို့အများကြီးလိုပါတယ်။ ပြည်သူတွေဟာ ဥပဒေကိုနားမလည်ပါဘူး။ မသိပါဘူး။ သိတာကဘာလဲ အမှုတစ်ခုခုဖြစ်မယ် တို့ပိုက်ဆံပေးလိုက်ရင်တော့ တို့နိုင်တယ်။ ဒီလိုအသိတွေသွားဖြစ်နေတယ်။ ဒါကျွန်တော်တို့ ပြည်သူထဲမှာ ဖြစ်နေတာ။ အဲဒီတော့ ပြည်သူထဲမှာ ဥပဒေနဲ့ပတ်သက်တဲ့ပညာတွေပေးရင် မဟုတ်တာလုပ်ရင်ခံရမယ်။ မှန်မှန်ကန်ကန်လုပ်လို့ရှိရင် မှန်မှန်ကန်ကန်ဖြစ်မယ်ဆိုတဲ့ ဥပဒေအသိလေးကို ပြည်သူထဲမှာဖြန့်ပေးဖို့ အများကြီးလိုပါတယ်။ ပြည်သူထဲမှာ ဖြန့်ပေးရမယ်။ ဒါဟာ ကျွန်တော်တို့ မမှားနိုင်တဲ့ကိစ္စပါ။ ဒါကြောင့်မို့လို့ တချို့ပြည်သူတွေဟာ သိရက်နဲ့မှားတာရှိတယ်။ မသိဘဲနဲ့ မှားတာရှိတယ်။ အဲဒီတော့ သိသည်ပဲဖြစ်စေ၊ မသိသည်ပဲဖြစ်စေ ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် ဒီပြဿနာရဲ့အတိမ်အနက်ပေါ်မှာ အပြစ်ကခံရမှာပဲ၊ အပြစ်ခံရပြီးတဲ့အခါကျတော့မှ ခဏခဏလွတ်ငြိမ်းချမ်းသာခွင့်တောင်းနေကြတဲ့ အဖြစ်မျိုးလည်း မဖြစ်သင့်ပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ပြည်သူအတွင်းမှာတော့ဖြင့် နည်းလမ်းပေါင်းစုံနဲ့ ပညာပေးတဲ့ကိစ္စက လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စပဲလို့ တရားစီရင်ရေးမဏ္ဍိုင်မှာ ထိန်းသိမ်းသင့်တဲ့

အချက်ပါပဲ။ ဒုတိယအချက်ကတော့ ဘာပြောချင်လဲဆိုတော့ မီဒီယာနှင့်ပတ်သက်ပြီးတော့ ပြောချင်ပါတယ်။ မီဒီယာတွေဟာ နေရာအနှံ့အပြားသွားတဲ့အခါကျတော့ ပြဿနာအဖုံဖုံကို သူတို့ကျွန်တော်တို့ထက် တော်တော်သိပါတယ်။ ကျွန်တော်တို့က အနှံ့အပြားမသွားနိုင်ဘူး။ သူတို့က အနှံ့အပြားသွားတဲ့အခါကျတော့ ကျွန်တော်တို့ထက်သိပါတယ်။ သူတို့က အနှံ့အပြားသွားတဲ့အခါကျတော့ မီဒီယာတွေရဲ့ ပြဿနာအစုံကိုသိနိုင်ပါတယ်။ အောက်ခြေက အဖြစ်အပျက်တွေကိုလည်းသိနိုင်တယ်။ အပေါ်က အဖြစ်အပျက်တွေကိုလည်းသိနိုင်တယ်။ အဲဒီလိုသိတဲ့အခါမှာ သူတို့မီဒီယာကနေပြီးတော့ ဒါတွေဒါတွေဟာ ဒီလိုဖြစ်သင့်တယ်ဆိုပြီးတော့ မီဒီယာမှာထည့်လိုက်မယ်ဆိုရင်ပြောမယ်ဆိုလို့ရှိရင် စီးပွားရေးကိစ္စ၊ နိုင်ငံရေးကိစ္စချည်းမဟုတ်ဘဲနဲ့ ဒီလိုတရားရေးမဏ္ဍိုင်ထိန်းကျောင်းတဲ့အကြောင်းတရားတွေလည်း ကျွန်တော်တို့ စိစစ်မယ်ဆိုလို့ရှိရင်၊ ဖော်ပြမယ်ဆိုလို့ရှိရင်တရားစီရင်ရေးမဏ္ဍိုင်ကို အများကြီးအထောက်အကူပြုနိုင်တယ်လို့ထင်ပါတယ်။ နောက်ဆုံးအချက်ကတော့ ဘာပြောချင်လဲဆိုလို့ရှိရင် တရားရေးမဏ္ဍိုင်ခိုင်ခိုင်မာမာဖြစ်ဖို့ စဉ်းစားတဲ့အခါမှာပြည်သူတွေကနေပြီးတော့ ပြည်သူတွေအတွင်းမှာ ဥပဒေကိုနားလည်အောင်လုပ်ပေးဖို့က နံပါတ် ၁။ နံပါတ် ၂ တရားရေးမဏ္ဍိုင်ခိုင်ခိုင်မာမာဖြစ်ဖို့ဆိုလို့ရှိရင် မီဒီယာတွေကနေပြီးတော့ ပညာပေးဖို့။ နံပါတ် ၃ တရားရေးဝန်ထမ်းများကိုလည်း ကျွန်တော်တို့က အခုသင်တန်းတွေအများကြီးပေးနေပါ တယ်။ သင်တန်းပေးရုံတင်မဟုတ်ဘူး။ တကယ့်ကို ဆုပေး၊ ဒဏ်ပေး တရားရေးဝန်ထမ်းတွေကိုလည်းကျွန်တော်တို့က အခုသင်တန်းတွေ အများကြီးပေးနေပါတယ်။ သင်တန်းပေးရုံတင်မဟုတ်ဘူး။ တကယ့်ကိုဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် တရားရေးဝန်ထမ်းတွေကို ကျွန်တော်တို့ အဲဒီလို လုပ်ပေးလိုက်လို့ရှိရင်ပဲ ခုနက အဖြစ်အပျက်ပေါင်းစုံတွေဟာ တရားရေးမဏ္ဍိုင်ကို အများကြီးထိန်းသိမ်းနိုင်တဲ့အခြေအနေရောက်ပြီလို့တင်ပြချင်ပါတယ်။ ကျန်တဲ့ကိစ္စတွေကတော့ တော်တော်များများလည်းပြောသွားပြီဆိုတော့ ထပ်မပြောတော့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တရားရေးမဏ္ဍိုင်ထိန်းသိမ်းရေးကိစ္စကို စောစောကလည်း ပြောသွားကြပြီဆိုတဲ့အခါကျတော့ ထပ်ပြီးတော့မပြောဘဲနဲ့ကန်ပက်လက်မဲဆန္ဒနယ်က သူရဦးအောင်ကိုရဲ့ တရားစီရင်ရေးမဏ္ဍိုင် ထိန်းသိမ်းရေးဟာအရေးကြီးတဲ့အကြောင်းထောက်ခံတဲ့အနေနဲ့ ဆွေးနွေးတင်ပြရင်းနိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်က

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကန့်ကွက်လက် မဲဆန္ဒနယ်က သူရဦးအောင်ကိုရဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရေးအတွက် ဝိုင်းဝန်း ကူညီ ထောက်မပေးရေးဆိုတဲ့အဆိုအပေါ်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေများကို တရား စီရင်ရေးမူများနဲ့ တင်ပြထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်များမှာ တည်ဆဲဥပဒေများ၊ တရားစီရင်ရေးမူများနဲ့ ချိန်ထိုးအကြံပြုတင်ပြသွားမှာဖြစ်လို့ ပညာရှိသော်လည်း သတိဖြစ်ခဲ၏ဆိုတဲ့အမြင်နဲ့ တင်ပြခြင်းသာဖြစ်ကြောင်း ပဏာမအစီရင်ခံအပ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုနဲ့ပတ်သက်ပြီး ကျွန်တော့်အရှေ့က မိတ်ဆွေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း တော်တော်ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြသွားပြီးဖြစ် ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ဥပဒေပိုင်း၊ ကျွန်တော်တို့ ပြည်သူတွေရဲ့အခွင့်အရေး မနစ်နာ အောင် ဥပဒေအရ အကာအကွယ်ပေးတဲ့အပိုင်းကိုပဲ ကျွန်တော် အဓိကထားပြီး တင်ပြလိုပါတယ်။ အထူးတင်ပြလိုတာကတော့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းတည်ဆောက်ရာမှာ အခြေခံကျတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ အာဏာရပ်တွေဖြစ်ပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ခက်မသုံးဖြာအာဏာခွဲဝေကျင့်သုံးရာမှာ ၁၉၆၂ ခုနှစ်မှစပြီး ယခုဖွဲ့စည်းပုံအသစ် ပေါ်ထွန်းတဲ့ ကာလအထိ တရားစီရင်ရေးမှာ စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာမရှိခဲ့ပါဘူး။ ယခုအခါမှာတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် (၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ (၂) အာဏာပေးစာချွန်တော်အမိန့်၊ (၃) တားမြစ်စေသောစာချွန်တော်အမိန့်၊ (၄) အာဏာပိုင်မေး စာချွန်တော်အမိန့်၊ (၅) အမှုခေါ်စာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၆) တရားစီရင်ရေးခေါင်းစဉ်အောက်က ပုဒ်မ ၂၉၆ မှာ အတိအလင်းပြဋ္ဌာန်း ထားပြီးဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းပြည်ရဲ့ အခြေခံအကျဆုံး ဥပဒေ၊ အထွတ်အထိပ်ဥပဒေ၊ ဥသျှောင်ဥပဒေဆိုတာ အားလုံးသိကြပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ တိုင်းပြည်ရဲ့အသက်လည်း ဖြစ်ပါတယ်။ အခြားသောဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း ဥပဒေများ၊ အမိန့်၊ညွှန်ကြားချက်တို့အား အခြေခံဥပဒေကို ကျော်လွှားနိုင်ခြင်းမရှိတဲ့အကြောင်း အားလုံး သိကြပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ judgement of the case is based on the Principle of Justice တရားရုံးများရဲ့ ဆုံးဖြတ်ချက်ဟာ ဥပဒေနဲ့အညီ တရားစီရင်ခြင်း ဟုတ်ရဲ့ လားဆိုတာကို စိစစ်ဖို့ အမြဲလိုအပ်နေပါတယ်။ ဒီ့ပြင်လည်း တရားစီရင်ရာမှာ အမှန်ကို ဆုံးဖြတ်ယူမှု မဟုတ်ဘဲ အမှန်တရားကို အများမြင်စေရာသည်ဆိုတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ရွှေ ခေါ် မောင်ရွှေပါနှင့် ၁၉၆၆

မြန်မာနိုင်ငံတရားစီရင်ထုံး တရားရုံးချုပ်ရဲ့ ထုံးဖွဲ့မှုဟာလည်း စဉ်ဆက် မပြတ်လိုက်နာရမယ့် စီရင်ထုံးဖြစ်လျက်ရှိပါတယ်။ တရားရုံးများမှာ တရားသူကြီးများဟာ တရားမမှု စီရင်ရေးနဲ့ ပြစ်မှုတရားစီရင်ရေး နှစ်မျိုးကို စီရင်ကြရပါတယ်။ ပြစ်မှုတရားစီရင်ရေးတွင် ဒဏ်ငွေစီရင် ပိုင်ခွင့်နဲ့ ထောင်ဒဏ်စီရင်ပိုင်ခွင့်နှစ်မျိုး စီရင်ကြရပါတယ်။ ပြစ်မှုစီရင်ရာမှာ တရားဥပဒေနဲ့အညီ စီရင် ခြင်း၊ တရားမျှတစွာ စီရင်ခြင်း၊ ပြစ်မှုပြစ်ဒဏ်လိုက်လျောညီထွေစွာ စီရင်ခြင်းများ ဆောင်ရွက်ရပါမယ်။ ထောင်ချသင့်တဲ့အမှုကို ထောင်မချဘဲ ငွေဒဏ်သာစီရင်ပါက အများအမြင်မှာ ဘက်လိုက်တယ်လို့ ထင်မြင်နိုင်ပါတယ်။ အလားတူပဲ ဝိုင်းဝန်းသတ်ပုတ်ကြတဲ့ အများမြင်သာတဲ့အမှုမျိုးမှာလည်း ပြစ်မှု ကျူးလွန်သူများကို ပြစ်မှုပြစ်ဒဏ်လိုက်လျောညီထွေချမှတ်ရန် အထူးလိုအပ်ပါတယ်။ ပြစ်မှုကျူးလွန်သူ အတူဖြစ်ပါလျက် တစ်ယောက်တစ်မျိုး ပြစ်ဒဏ်စီရင်ရင်လည်း အမြင်မရှင်းဖြစ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမမှုခင်းများမှာလည်း တည်ဆဲပြဋ္ဌာန်းဥပဒေစီရင်ထုံး၊ ဓလေ့ထုံး စသည့် အကိုးအကားများကို ပစ်ပယ်ပြီး ကိုယ်လိုသလိုစီရင်ဆုံးဖြတ်မယ်ဆိုရင် တရားမျှတမှု၊ ဥပဒေနှင့်ညီညွတ်မှုမရှိ ဖြစ်ပါတယ်။ ရပ်ကွက်အဆင့်ကစပြီး အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုး ရေးတို့အတွက် တရားရုံးများဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့လည်း တရားရုံးများမှာ တာဝန်ထမ်းဆောင်ကြတဲ့ တရားသူကြီးများရဲ့ အတွေးအခေါ်မှန်ကန်မှုနဲ့ တရားစီရင်ရေးအပေါ် လိုက်နာကျင့်သုံးရတဲ့ သဘောတရားတွေဟာ အရေးကြီးလှပါတယ်။ ယခုအခါတရားသူကြီးတော်တော် များများဟာ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ဆိုတဲ့ သဘောတွေ တွေ့နေရတယ်လို့ ပြည်သူတွေ ထဲက အသံထွက်နေပါတယ်။ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုပြီး တရားစီရင်နေတဲ့ သဘော သက်ဝင်တဲ့သတင်းတွေကိုလည်း မီဒီယာများမှာ မကြာမကြာတွေ့နေရပါတယ်။ ပြစ်မှုနဲ့ပြစ်ဒဏ် ညီညွတ်မှုမရှိလို့ မကျေမနပ်သံတွေလည်း ကြားနေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တရားကို မျက်ကွယ်ပြုပြီး တရားစီရင်ထားခြင်း ဟုတ်၊ မဟုတ်ကို ကျယ်ပြန့်တဲ့အာဏာအရ စစ်ဆေးကြည့်ရှု သုံးသပ်နိုင်ရန် တရားဥပဒေစိုးမိုးတဲ့ ဒီမိုကရေစီထွန်းကားတဲ့နိုင်ငံတွေမှာ အထက်က ကျွန်တော် တင်ပြခဲ့တဲ့ စာချွန်တော်ထုတ်ရဲ့အာဏာများကို တရားလွှတ်တော်ချုပ်များမှာ အပ်နှင်းထားပါတယ်။ ဒါကြောင့်လည်း ကျွန်တော်အထက်မှာ တင်ပြခဲ့တဲ့ နိုင်ငံသားများရဲ့အခွင့်အရေးကို ဥပဒေနှင့်အညီ မဟုတ်ဘဲ ပိတ်ပင်တားဆီးမှု ရှိ၊ မရှိ စီမံခန့်ခွဲမှုပြုလုပ်နေတဲ့ ဒေသဆိုင်ရာ၊ ဌာနဆိုင်ရာအာဏာပိုင် များရဲ့ ဆောင်ရွက်ချက်များကို နည်းမှန်လမ်းမှန်သုံးပြီး တရားဥပဒေနဲ့အညီ နည်းလမ်းတကျ ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးရရှိနေပြီ ဖြစ်ပါတယ်။ အလားတူပဲ တရားရုံးများရဲ့ ဥပဒေနဲ့အညီ မဟုတ်တဲ့ စီရင်ဆုံးဖြတ်မှုတွေမှာ နိုင်ငံသားတိုင်းနစ်နာမှုမဖြစ်စေရန် ပြည်ထောင်စုတရားလွှတ်တော်

ချုပ်ကပြန်လည်သုံးသပ်ပေးခြင်း၊ အမှန်တရားကို ပြန်လည်ဖော်ဆောင်ပေးခြင်းတို့ကို ပီပြင်စွာ ဆောင်ရွက်ပါရန် အလေးအနက် တိုက်တွန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှုအပေါ် စာချွန်တော် အမိန့်ဆိုတာ မူလလက်တင်ဘာသာက ဆင်းသက်ပါတယ်။ Certiorari ဆိုတာကတော့ လက်တင် ဘာသာကလာပြီးတော့ အဓိပ္ပာယ်ကတော့ to be ascertained or to make certain or to see it is correct လို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။ အမှုတစ်ခု၊ ကိစ္စတစ်ခုကို သေချာအောင်စိစစ်ခြင်း ရှိပါသလား။ သေချာအောင် လုပ်ခဲ့ရဲ့လား။ အမှန်ကို ဆောင်ရွက်သလားဆိုတာ စိစစ်ခြင်းဖြစ်ပါတယ်။ တရားရုံးတစ်ရုံးရဲ့ ဆုံးဖြတ်ချက်၊ အမိန့်၊ စီရင်ချက်၊ ဒီဂရီဟာ တရားစီရင်ပိုင်ခွင့်ကျင့်သုံးရာမှာ လိုအပ်ချက် သို့မဟုတ် ကွပ်ကဲမှု ရှိ၊ မရှိ။ Want or excess of jurisdiction ၊ သဘာဝ ဆင်ခြင်တုံ တရားပေါ်မူတည်ပြီး တရားမျှတမှု လစ်လျူရှုခြင်း သို့မဟုတ် ကျင့်ထုံးဥပဒေကို ချိုးဖောက်စော်ကား ခြင်း(Violation of Procedure disregard of the Principle of the natural Justice) အမှုတွဲမှတ်တမ်းရဲ့ အပေါ်ယံအသွင်အပြင်အရပဲ ဥပဒေပြု သိသာပေါ်လွင်ထင်ရှားပေါ်လွင်စေသော အမှား ရှိ၊ မရှိ(Error of Law appearance of the face of the record)တို့ကို တားမြစ်စာချွန်လွှာ(writ of Prohibition)က ပြန်လည်စစ်ဆေးနိုင်ပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ့အပြင်လည်း တရားလွှတ်တော်ချုပ်အနေနဲ့ တရားစီရင်ရေး မှာ မတရားပြစ်မှု ရှိ၊ မရှိ။ ပြဋ္ဌာန်းဥပဒေများရဲ့ တားမြစ်ချက်များကို လက်အောက်ခံတရားရုံးများက လိုက်နာခြင်းရှိ၊ မရှိ။ လက်အောက်ခံတရားရုံးက တရားစီရင်ရာတွင် စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန် ခြင်း ရှိ၊ မရှိ။ လက်အောက်ခံတရားရုံးက တရားစီရင်ရာတွင် စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ဆောင်ရွက် ခဲ့ခြင်း ရှိ၊ မရှိတို့ကိုလည်း စာချွန်တော်အမိန့်က ပြန်လည်စိစစ်ပေးနိုင်ကြောင်း သိရပါတယ်။ တရားစီရင်ရေးအာဏာကို အလွဲသုံးစားလုပ်၍ အမှန်တရားနှင့် တည်ဆဲပြဋ္ဌာန်းဥပဒေတို့ကို မျက်ကွယ်ပြုကြတဲ့ ပြဋ္ဌာန်းဥပဒေတွေကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ကြတဲ့ တရားစီရင်ရေး ဆိုင်ရာအမိန့်များ ပပျောက်စေရန်အတွက် စာချွန်တော်အမိန့်ထုတ်ပြန်ခြင်းဟာ တရားစီရင်ရေး မဏ္ဍိုင်ဖြောင့်မတ် ကြံ့ခိုင်စေရေးအတွက် အထူးအရေးပါတဲ့အခန်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိတဲ့ တရားစီရင်ရေးဆိုင်ရာအမိန့်များကို ပြန်လည်သုံးသပ်ဆုံးဖြတ် ပေးခြင်းဖြင့် ၎င်းအမှုစစ်တရားသူကြီးနှစ်ယောက်ရဲ့ ဆောင်ရွက်ချက်ဟာ အမှန်ဆောင်ရွက်ခြင်း ဟုတ်၊ မဟုတ် သိသာထင်ရှားစေမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးတာဝန်နဲ့ အုပ်ချုပ်ရေး တာဝန်ကို အခွင့်အရေးယူပြီး မတော်မတရားဆောင်ရွက်မှုတွေကို တွေ့လာရင် ကျောသား၊ ရင်သား မခွဲခြားဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်

ရေးပီပြင်ရေးကိုရှေးရှုပြီး ဌာနဆိုင်ရာစည်းကမ်းအရ အရေးယူခြင်း၊ တရားဥပဒေအရ အရေးယူခြင်းများဖြင့် တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေနိုင်မှာ ဖြစ်ပါကြောင်း စေတနာကောင်းနဲ့ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မှ ခိုင်မောင်ရည်ဖြစ်ပါတယ်။ ရှေ့က ဆွေးနွေးသွားတာတွေများပြားနေပြီဖြစ်တဲ့တွက် ဥက္ကဋ္ဌကြီးရဲ့ Case by Case များကိုပြောကြားဖို့အတွက် မလိုအပ်တော့ဘဲ ကျွန်တော်ပါလာတဲ့ Case တွေအားလုံးကိုလည်း ဒီကော်မတီကိုတင်ဖို့အတွက်ပဲထားပြီးတော့ ဒီ Case ထဲက အနည်းအကျဉ်းလောက်ထုတ်နုတ်ပြီးတော့ အနည်းငယ်ပြောခွင့်ပြုစေလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာတကယ်တော့ ရှေးဦးစကတည်းက တင်းတိမ်ရောင့်ရဲမှုအဓိကထားပြီးတော့မှ ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှုပပျောက်အောင်ဆိုတဲ့ သဘောမျိုးနဲ့ ရပ်တည်ခဲ့တဲ့ လူမျိုးတစ်မျိုး၊ ယဉ်ကျေးတဲ့လူမျိုးတစ်မျိုးဖြစ်ပါတယ်။ ဒါပေမယ့်အခုက မရှိ ရှိတဲ့အမှုတွေဖော်ထုတ်၊ ငယ်တဲ့အမှုကို ကြီးအောင်လုပ်၊ ကြီးတဲ့အမှုကနေ ပိုမိုပြီးတော့မှ ကြီးလေးပြီးတော့မှပြစ်ဒဏ်ကို မြင့်သထက်မြင့်အောင် ပြစ်ဒဏ်တွေနဲ့ အချို့ပြစ်ဒဏ်တွေဆိုရင် တစ်ပေါင်းတည်းပေးလို့ရပါလျက်နဲ့ ပြစ်ဒဏ်ကို တစ်ခုချင်းစီသီးခြားကျခံပြီးတော့ နှစ်ပေါင်းများစွာ ချမှတ်ခြင်းကိုကျွန်တော်တို့နိုင်ငံမှာ တွေ့နေရပါတယ်။ ဒါဟာဆိုရင် တရားစီရင်ရေးအာဏာမှာ အုပ်ချုပ်မှုအာဏာတွေ လွှမ်းမိုးနေတာကို တွေ့ရပါတယ်။ ပြီးတော့ မရှိတဲ့အမှုရှိအောင် လုပ်နေတဲ့ကိစ္စမှာ ရေစကြိုမှာပြီးခဲ့တဲ့ နှစ်ပတ်က တွေ့ခဲ့တဲ့အမှုလေးတစ်မှုပါ။ မြစ်တစ်ဖက်ကမ်းက အမဲသားတစ်ပိဿာဝယ်ပြီးဟင်းချက်ရောင်းနေရတဲ့ အဲဒီဈေးသည် အမဲသားတစ်ပိဿာဝယ်ချက်တာနဲ့ပဲ လိုင်စင်မဲ့အမဲသားဝယ်တဲ့အနေနဲ့ သုံးလထောင်ချတာကို တွေ့ခဲ့ရပါတယ်။ အဲဒီတော့ လိုင်စင်မဲ့ဈေးသည်ကို၊ ဝယ်တဲ့လူကိုအရေးမယူဘူးဆိုတဲ့ အဖြစ်မျိုးလွှတ်တော်မှာလည်း ကြားခဲ့ရဖူးပါတယ်။ ပြီးတော့ အလှူမင်္ဂလာပွဲတွေမှာလုပ်တဲ့ သားသတ်တဲ့ကိစ္စ လိုင်စင်မရှိဘဲ သတ်ခွင့်ရှိတယ်ဆိုတဲ့အဖြေကိုလည်း ကြားခဲ့ရပါတယ်။ သို့သော် တချို့နေရာမှာ အပြစ်ပေးအရေးယူပြီး တချို့နေရာမှာတော့ အပြစ်မပေးပါဘူး။ အဲဒီတော့ တရားစီရင်ရေးဟာ တစ်သတ်မှတ်တည်းရှိရမယ့်ဟာ တစ်နေရာနဲ့ တစ်နေရာ တရားစီရင်ချက်ပုဒ်မတစ်ခုတည်း ပြစ်မှုပုံစံတစ်ပုံစံတည်းကိုလျှင်ပင် စီရင်ချက်အမျိုးမျိုး ချမှတ်တာလည်း တွေ့ရပါတယ်။ သူရဦးအောင်ကို ပြောသွားတဲ့အထဲမှာပဲ အောက်အမိန့် ရုံးကချပြီးလျှင် အထက်အမိန့် အဆင့်ဆင့်

အထိ အယူခံပြီး ဥပဒေပြင်ဆင်ချက်တွေ ပြန်ပြင်ရတာတွေ တွေ့ရပါတယ်။ အဲဒါတွေ ထည့်ပြောသွားတော့ ကျွန်တော်တို့ ဆီမှာရှိနေတဲ့ ပြည်သူတွေ တင်ပြသွားတဲ့ အမှုတွဲတွေ အများကြီးထဲက တစ်ခုဆိုရင် အောက်ရုံးက ပုဒ်မ ၁၇(၁)နဲ့ ထောင်ဒဏ်သုံးလ လဝက Act နဲ့ ထောင်ဒဏ်၊ ပြီးတော့ ဒဏ်ငွေ ရိုက်ထားပြီးတော့ ခရိုင်ကို ရဲကပြန်ပြီးတော့ ဒါနဲ့မကျေနပ်လို့ ထပ်တင်။ ခရိုင်က အကျဉ်းနည်းနဲ့ ပလပ်လို့ တိုင်းရောက်တော့ တစ်ခုချင်းစီ ပုဒ်မတွေအားလုံး တန်းစီပြီးချလိုက်တော့ အားလုံး ၁၄ နှစ် ဖြစ်သွားပါတယ်။ အဲဒီ တရားခံဖြစ်သူက ဒီထောင်ချခံရတဲ့အချိန်မှာ အချုပ်ကပဲ ခြောက်လလောက် ရပြီးဖြစ်တဲ့အတွက် သူ့ကို ထောင်ချတာ သုံးလနဲ့ဒဏ်ငွေနဲ့က သူလွတ်သွားပါတယ်။ ဒါပေမယ့် ခရိုင်တွေ၊ တိုင်းတွေမှာ ဆက်ပြီးတော့ ရဲကဆက်တင်တဲ့အတွက် တိုင်းမှာအားလုံး ၁၄ နှစ်ကျ သွားတဲ့အခါမှာ သူက သယ်န်းဝတ်နေတဲ့ကာလဖြစ်ပါတယ်။ အဲဒီလူက တရားခံပြေးဘဝနဲ့ ရောက်နေ ပါတယ်။ အဲဒီလို အဆင့်ဆင့် ခရိုင်၊ မြို့နယ်ရုံးက ချတာ တကယ်လို့မှားယွင်းတယ်ဆိုရင် ခရိုင်အဆင့် လောက်မှာပင် ဒီအမှုတွေကို သေချာပြန်စစ်ဖို့ တိုင်းရောက်မှ ဒီအမှုတွေအားလုံး အဲဒီလို လွတ်တဲ့ အခါ အကယ်၍ တရားခံက အပြစ်ရှိပါတယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအနေနဲ့ အဲဒီတရားခံကို ထွက်ပြေးစေ သွားတဲ့အတွက် ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း နစ်နာမယ်လို့ ပြောလို့ရပါတယ်။ တကယ်လို့ တရားခံက အမှုမှာ မှားယွင်းဆုံးဖြတ်တယ်ဆိုရင် တရားခံအနေနဲ့ နစ်နာပါတယ်။ ကျွန်တော်တို့ ဒီ အပြစ်ပေးတဲ့အခါမှာလည်းပဲ အပြစ်တွေကို တစ်ပေါင်းတည်းပေးလို့ရတဲ့အနေအထားကို တစ်ခုချင်း ပေးတာတွေက ကျွန်တော်တို့ နိုင်ငံမှာပဲ အများဆုံးတွေ့ရပါတယ်။ အခြားနိုင်ငံမှာဆိုရင် အနှစ် ၂၀ ထက်ပိုမချရတာတို့ ဆွစ်ဇာလန်မှာဆိုရင် ၂၆ နှစ် အဲဒီလိုတွေ ရှိပါတယ်။ နောက် ကျွန်တော်တို့ နိုင်ငံ မှာ တစ်သက်တစ်ကျွန်းဆိုတာ အနှစ် ၂၀ ကို သတ်မှတ်ထားတာပါ။ ဒါပေမယ့် နှစ် ၁၀၀ တို့၊ နှစ် ၆၀ တို့၊ နှစ် ၇၀ တို့ ပေးတာမျိုးတွေလည်း ရှိနေပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ အမှုနဲ့ပတ်သက် ပြီးတော့ တရားသူကြီး စိတ်ဝင်စားတဲ့အမှု၊ စိတ်မဝင်စားတဲ့အမှုဆိုပြီးတော့ ပြည်သူတွေက ပြောနေကြ ပါတယ်။ ခိုးမှု၊ ခါးပိုက်နှိုက်မှု၊ လုယက်မှု၊ ဖောက်ထွင်းမှု ဒါမျိုးလေးတွေ ကျွန်တော်တို့ ကိုယ်တိုင်ကြုံ ခဲ့ရတာ အများကြီးပဲ။ တရားသူကြီးစိတ်မဝင်စားတဲ့အမှုတွေက ဘယ်လိုအမှုမျိုးလေးတွေလဲလို့ ကျွန်တော်တို့ မေးတဲ့အခါမှာ အားလုံးကို မဆိုလိုပေမယ့် လူတွေရဲ့ အသံတွေထွက်နေတာက တရား သူကြီးက ငွေများများရတဲ့အမှုပဲ စိတ်ဝင်စားတယ်လို့ အဲဒီလို ကြားခဲ့ရတာမျိုးလည်းရှိပါတယ်။ တရားသူကြီး အကုန်ကိုတော့ မဆိုလိုပါဘူး။ သို့သော် ဒီလိုမျိုးရှိတယ်ဆိုတဲ့အတွက် တရားရေးဌာနအဖို့ သိက္ခာကျဆင်းစေတဲ့အတွက် ကျွန်တော်တို့က တရားရေးဌာန၊ တရားရေးမဏ္ဍိုင်က တကယ်တော့ အင်မတန်မှ မားမားမတ်မတ်နဲ့ရှိနေရမှာပါ။ ကျွန်တော်တို့နိုင်ငံမှာ အာဏာကြီးသုံးရပ်ဖြစ်တဲ့ ဥပဒေ

ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ မဏ္ဍိုင်ကြီးသုံးရပ်က အဓိကကျပါတယ်။ အခု သူရဦးအောင်ကိုတင်ထားတဲ့ မဏ္ဍိုင်ငါးခုထဲမှာ အလယ်ခေါင်မှာရှိနေတဲ့ တရားစီရင်ရေးမဏ္ဍိုင်ကို ဘေးမှာရှိနေတဲ့ မဏ္ဍိုင်လေးခုကနေပြီးတော့ ထောက်ပေးရမယ်ဆိုလို့ရှိရင် အနေအထား ကို အဆိုတင်ထားတာ တွေ့ရပါတယ်။ တကယ်တော့ တရားစီရင်ရေးမဏ္ဍိုင်ဟာ ကိုယ့်ဟာကို မားမားမတ်မတ်နဲ့ရပ်ပြီးတော့နေရမှာပါ။ သူက အဓိကတရားစီရင်ရေး၊ တရားသဖြင့် တရားသူကြီး။ တရားဆိုတဲ့စကားလုံးဟာ အင်မတန်မှ မြင့်မြတ်တဲ့စကားလုံးဖြစ်ပါတယ်။ ဒါကြီးကို ကျွန်တော်တို့က မတရားသဖြင့် ပြောနေရတာကိုက ကျွန်တော်တို့နိုင်ငံမှာ လိုအပ်ချက်ဖြစ်နေလို့ ပြောနေရတာဖြစ်ပါတယ်။ အဲဒီတော့ တရားစီရင်ရေးမဏ္ဍိုင်ကို ကျန်တဲ့မဏ္ဍိုင်လေးခုကနေ ထောက်ပေးရမယ်။ ထောက်မပေးရမယ်ဆိုတဲ့ဟာက တကယ်တော့ မဖြစ်သင့်ပါဘူး။ အခု ဖြစ်သင့်ဖြစ်ထိုက်လို့ တင်နေရတဲ့ပုဂ္ဂိုလ်ကိုလည်း လေးစားသလို ထောက်ခံဆွေးနွေးတဲ့သူတွေကိုလည်းပဲ လေးစားပါတယ်။ ကျွန်တော်တို့နိုင်ငံက အခုထောက်မပေးမှပဲဖြစ်မယ့် အခြေအနေမျိုးဖြစ်နေလို့ အားလုံးကတင်ပြကြတာဖြစ်ပါတယ်။ အဲဒီတော့ တကယ်ဆိုရင် လာဘ်ယူတဲ့လူရှိလို့ လာဘ်ပေးလာဘ်စားနေရတာပါဆိုတဲ့ စကားသံလည်း ရှိပါတယ်။ လာဘ်ယူတဲ့လူရှိလို့ လာဘ်စားနေရတယ်။ အပေါ်ကလာဘ်ယူတဲ့လူရှိလို့ အောက်ကလာဘ်စားတယ် သို့မဟုတ် အလယ်ကလာဘ်စားတယ်။ အောက်အထိ လာဘ်စားနေရတယ်။ ဘာကြောင့်လဲ။ ဒီနေရာလေးမှာမြဲဖို့ ကောင်းတဲ့နေရာလေးမှာနေဖို့ဆိုတဲ့ အောက်ခြေတရားရေးဌာနကပုဂ္ဂိုလ်များ၊ အထက်ကပုဂ္ဂိုလ်များ အဆင့်ဆင့်အထိပေးနေရတယ်လို့ အသံများလည်း ထွက်နေပါတယ်။ ဒါဟာ ပြည်သူထဲကထွက်တဲ့ အသံဖြစ်တဲ့အတွက် အားလုံးကိုဆိုလိုတာမဟုတ်သော်လည်း ဒီအသံကရှိနေပါတယ်။ အဲဒီအတွက်လည်း ဒါဟာအင်မတန်မှဆင်ခြင်ရမယ့် ပြုပြင်ရမယ့်ကိစ္စတစ်ခုဖြစ်တယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ အရင်တုန်းက တရားသူကြီးအဖွဲ့၊ ဂျူရီအဖွဲ့ဆိုပြီးတော့ ရှိခဲ့တာတွေ၊ ဆိုရှယ်လစ်ခေတ်မှာပင် တရားရေးအဖွဲ့မှာ ဥက္ကဋ္ဌနဲ့ဘေးက တရားသူကြီးအဖွဲ့ဝင်များလို့ ရှိခဲ့ပါတယ်။ အခုစဉ်းစားရမှာက တစ်ဦးထိုင်အစား သုံးဦးထိုင်၊ ငါးဦးထိုင်ဆိုတာမျိုး လုပ်သင့်ပါသလား ဆိုတာလည်း လွှတ်တော်က စဉ်းစားသင့်ပါတယ်လို့ ကျွန်တော်ကအကြံပေးလိုပါတယ်။ တကယ်တော့ ဒီတရားစီရင်ရေးမှာ လူပြောအများဆုံးကိစ္စတွေက ဒါလာဘ်ပေးရတယ်ဆိုတဲ့ကိစ္စ၊ တရားရုံးမှာ စွဲချက်တင်တဲ့နေ့မှာ တရားခံဘက်က စွဲချက်အတင်မခံရအောင် တရားသူကြီးအိမ်ကိုသွားရပါတယ်။ တရားလိုဘက်ကလည်း စွဲချက်မတင်တင်အောင်သွားတာရှိပါတယ်။ တရားရုံးမှာလုပ်တဲ့ ရှေ့ဖတ်စာရေးပြီးတော့ လက်နှိပ်စက်စာရေးအပါအဝင် သူတို့တွေက ဘယ်လိုသွားရမယ် ဘယ်လိုလုပ်ရမယ် ဆိုတာကိုညွှန်ပြပါတယ်။ ကျွန်တော့်ကို ကိုယ်တိုင်ညွှန်ပြခဲ့ပါတယ်။ ကျွန်တော်က တရားခံအဖြစ်နဲ့လည်း

တရားရုံးကိုရောက်ခဲ့ဖူးပါတယ်။ တရားပြိုင်အဖြစ်နဲ့လည်းရောက်ခဲ့ဖူးပါတယ်။ စွဲချက်အတင်မခံရအောင်လည်း ကျွန်တော့်အနေနဲ့ ဘာမှတော့မတတ်နိုင်ဘူးဆိုပြီးတော့ ပါးစပ်နဲ့သွားပြောခဲ့ဖူးပါတယ်။ ကျွန်တော်ဆင်းသွားပြီးတဲ့အခါမှာ နောက်မှာတစ်ဖက်က သူကကားနဲ့လာပြီး အထုပ်နဲ့အပေါ်ထပ်ကို တက်သွားတယ်။ တရားသူကြီးအိမ်ကို ဝင်သွားတယ်။ ဆင်းလာတော့ အထုပ်ကျန်ရစ်ခဲ့တယ်။ အဲဒီအထိလည်းရှိခဲ့ဖူးပါတယ်။ ဓာတ်ပုံမှတ်တမ်းတွေရိုက်ခဲ့ဖူးပါတယ်။ သို့သော် အဲဒီ တရားသူကြီးပြုတ်သွားမှာစိုးလို့ဆိုတဲ့စိတ်မျိုးနဲ့ဆိုပြီးတော့ မလုပ်ခဲ့ဖူးပါဘူး။ အချိန်တန်တော့ အဲဒီအမှုကပြီးသွားပါတယ်။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့ကကြုံတွေ့ခဲ့ရတဲ့အခါမှာ ကျွန်တော်တို့က တရားစီရင်ရေးမဏ္ဍိုင်ကို ဘယ်လိုတည့်မတ်အောင်ထောက်မပေးကြမှာလဲဆိုတာ။ ဒါကြောင့် ဒီလိုမျိုး အခုသူရဦးအောင်ကိုတင်သွင်းခဲ့တဲ့အဆိုကို ဒီလိုမျိုးပေါ်ထွက်လာတာမျိုးကို လွှတ်တော်မှာ ရဲရဲဝံ့ဝံ့ပေါ်ထွက်လာတဲ့အဆိုတစ်ရပ်အဖြစ် ကျွန်တော်အဲ့ဒီလိုမြင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အင်မတန်မှလိုအပ်တာဖြစ်တဲ့အတွက် လွှတ်တော်က ဒီဟာကို ဘယ်လိုအကောင်းဆုံးဖြစ်အောင်ဆောင်ရွက်နိုင်မယ်ဆိုတာ ကျွန်တော်တို့ကစဉ်းစားပြီးတော့ တရားစီရင်ရေးပုံစံကို ပြောင်းသင့်ရင်ပြောင်းရမယ်ဆိုတဲ့အနေအထားမျိုးထိဖြစ်သင့်တယ်လို့ ကျွန်တော်တို့ အဲဒီလိုမျိုးယူဆပါတယ်။ အဲ့ဒီအတွက်ကိုယ်စားလှယ်ကြီးတစ်ယောက်က အကြံပေးပါတယ်။ လာဘ်ပေးလာဘ်ယူနဲ့ပတ်သက်ပြီးတော့မှတရုတ်ပြည်လို **ကနေဗီ** ပုံစံမျိုး ကျွန်တော်တို့နိုင်ငံမှာတော့ အတော်မလွယ်တဲ့ကိစ္စမျိုးဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူဆိုတဲ့ကိစ္စက တရားစီရင်ရေးဌာနတစ်ခုတည်းမဟုတ်ဘဲနဲ့ ဌာနပေါင်းစုံဖြစ်ပါတယ်။ အရှုံးစွဲနေတဲ့ပုံစံဖြစ်နေပါတယ်။ အဲ့ဒီအတွက် တရားစီရင်ရေးဌာနတစ်ခုတည်းကို ကျွန်တော်တို့ပြောနေရတာဖြစ်တဲ့အတွက် တရားစီရင်ရေးအပါအဝင် ကျန်တဲ့ဌာနတွေမှာရော တရားစီရင်ရေးဌာနသည် ကျန်တဲ့ဌာနများမတရားလုပ်ရင် စီရင်မယ့်အဖွဲ့အစည်းအဖြစ် တရားစီရင်ရေးဌာနသည်စံပြအဖြစ်ရပ်တည်သင့်တယ်လို့ ကျွန်တော်အဲ့ဒီလိုမြင်ပါတယ်။ ကျွန်တော့် ဆွေးနွေးချက်ကိုဒီလောက်နဲ့ပဲ သူရဦးအောင်ကိုရဲ့အဆိုကို ထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

## သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ သူရဦးအောင်ကို အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းထားတဲ့ အဆိုနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီ ထောက်မပေးရေးဆိုတဲ့အဆိုဟာ အပြုသဘောဆောင်တဲ့အဆိုဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း ပဏာမအားဖြင့်တင်ပြအပ်ပါတယ်။ အဲ့ဒီအဆိုမှာပါဝင်တဲ့ တရားစီရင် ရေးမဏ္ဍိုင်ဖြောင့်မတ်ခိုင်မာမှ ဥပဒေစိုးမိုးရေးရှိမည်ဖြစ်ကြောင်း၊ ဥပဒေစိုးမိုးမှ ပြည်သူများ ဥပဒေ ဘောင်အတွင်း လုံခြုံအေးချမ်းစွာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်မှာဖြစ်တဲ့အကြောင်း၊ ပြည်သူ့ဘဝ လုံခြုံအေးချမ်းပြီး ဒီမိုကရေစီအခွင့်အရေး အပြည့်အဝခံစားနိုင်ရေးအတွက် တတိယမဏ္ဍိုင် ဖြောင့်မတ်ခိုင်မာစေရန် အလွန်အရေးကြီးပါကြောင်းတင်ပြချက်များမှာ မှန်ကန်ပါကြောင်း ထောက်ခံ တင်ပြလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော် အချုပ်အခြာအာဏာ ၃ ရပ်အနက် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၊ ဥပဒေအရ တည်ထောင်ထားတဲ့ အခြားတရားရုံးတွေကို ခွဲဝေအပ်နှင်းထားပါတယ်။ သို့ဖြစ်တဲ့အတွက် တရားစီရင် ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရေးအတွက် အဓိကအားဖြင့် ဆောင်ရွက်ရမယ့်တာဝန်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများမှာ တာဝန်ဖြစ်တယ်လို့ ဆိုနိုင် ပါတယ်။ သို့သော်လည်းပဲ တရားရုံးတစ်ရုံးရဲ့ တရားစီရင်ရေးလုပ်ငန်းများမှာ တရားသူကြီးများ၊ ဥပဒေ အရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ သက်သေများနှင့် အမှုကိုစုံစမ်းစစ်ဆေးပြီးတော့ တရားရုံးကို တရားစွဲ တင်ဖို့အတွက် တရားစွဲအဖွဲ့အစည်းများမှာလည်း ဒီတာဝန်မှာအကျုံးဝင်ပါတယ်လို့ တင်ပြလိုပါတယ်။ တစ်နည်းအားဖြင့် တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရန်အတွက် တရားသူကြီးများမှာ တာဝန်ရှိ သကဲ့သို့ တရားစီရင်ရေးလုပ်ငန်းမှာ အကျုံးဝင်သူများအားလုံးမှာလည်း အမှန်တရားပေါ်ပေါက်ရေး၊ တရားမျှတစွာ စီရင်ဆုံးဖြတ်နိုင်ရေးအတွက် တာဝန်ရှိပါကြောင်း တင်ပြလိုပါတယ်။ ယင်းတို့ကြောင့် တာဝန်ရှိသူများရဲ့ ပေါ့လျော့မှု၊ လုပ်ငန်းမကျွမ်းကျင်မှု သို့မဟုတ် မရိုးသားမှုကြောင့် တရားစီရင်

ရေးမဏ္ဍိုင်ဟာ တိမ်းစောင်းသွားနိုင်တာဖြစ်ပါတယ်။ တရားစီရင်တဲ့ကိစ္စရပ်ဟာ သိပ္ပံပညာလို ပုံသေနည်းများနဲ့ တရားသေမူများချမှတ်ပြီး ဆောင်ရွက်ရတာမျိုးမဟုတ်ဘဲနဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ တရားရုံးအရှေ့မှာစစ်ဆေးပေါ်ပေါက်တဲ့ နှုတ်သက်သေခံချက်တွေ တင်သွင်းတဲ့ သက်သေခံပစ္စည်းနဲ့ စာရွက်စာတမ်း အထောက်အထားတွေ ထုချေတင်ပြတဲ့ အချက်များအပေါ်မှာ အခြေပြုပြီးတော့ ကျယ်ပြန့်တဲ့ဆင်ခြင်တုံတရားနဲ့ ကြွယ်ဝတဲ့ ဗဟုသုတတို့ ပေါင်းစပ်ပြီးတော့ ဥပဒေနှင့်အညီ အမှုကိုစီရင်ဆုံးဖြတ်ရတာဖြစ်ပါတယ်။ အဲ့ဒီလို စီရင်ဆုံးဖြတ်တဲ့နေရာမှာ ဆန္ဒဂတိ၊ ဒေါသဂတိ၊ ဘယဂတိနဲ့ မောဟဂတိများကင်းစင်ပြီး မျှတမှန်ကန် တဲ့ဆုံးဖြတ်ချက်များ ချမှတ်ရတာဖြစ်ပါတယ်။ မှန်ကန်တဲ့ဆုံးဖြတ်ချက်များ ဖြည့်စွက်ရေးအတွက် အဂတိတရားများ ကင်းစင်ခြင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ မှာပါတဲ့ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးမူဆိုတဲ့မူကိုလည်း ကျင့်သုံးခွင့်ရရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ တရား စီရင်ရေးကိစ္စရပ်ဟာ နိုင်ငံတော်နှင့် ပြည်သူတို့အကြားမှာ ဖြစ်ပွားတဲ့မှုခင်းတွေ၊ ပြည်သူအချင်းချင်း ဖြစ်ပွားတဲ့မှုခင်းများမှာ ဆောင်ရွက်ရတဲ့ကိစ္စဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တရားရုံးက မိမိတို့အမှုအောင်မြင်ရေးကို နည်းမျိုးစုံနဲ့ကြိုးစားနေကြတဲ့ အမှုသည်တွေရဲ့အကြားမှာ ရပ်တည်ပြီး ဆုံးဖြတ်ရတဲ့အခြေအနေဖြစ်ပါတယ်။ တစ်ဖက်ကအနိုင်ရရင် တစ်ဖက်ကအမှုရှုံးမှာဖြစ်ပါတယ်။ ရှုံးတဲ့ ဘက်အနေနဲ့ တရားရုံးရဲ့ဆုံးဖြတ်ချက်ပေါ် လက်ခံကျေနပ်နိုင်ရန်ခက်ခဲကြတဲ့အတွက် မိမိတို့အနိုင်ရ လိုတဲ့ ဆန္ဒဇွဲကိုအခြေပြုပြီးတော့ တစ်ဖက်သတ်သုံးသပ်ချက်တွေ၊ ဝေဖန်ချက်တွေပေါ်ထွက်လာလေ့ ရှိတဲ့ဥစ္စာဓမ္မတာဖြစ်ပါတယ်။ တရားရုံးရဲ့ဆုံးဖြတ်ချက်အရ အမှုရှုံးတဲ့သူဆိုတာ တရားရုံးအဆင့်ဆင့် တိုင်းမှာရှိနေမှာပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် မြို့နယ်တရားရုံးမှ တရားလိုဘက်ကအနိုင်ရရင် တရားရှုံးတဲ့ တရားပြိုင်ဘက်က မြို့နယ်တရားရုံးရဲ့ဆုံးဖြတ်ချက်ဟာ မှန်ကန်ခြင်းမရှိဘူးလို့ ပြောဆိုမှာ ဖြစ်ပါတယ်။ တရားပြိုင်က အယူခံတက်လိုက်လို့ခရိုင်တရားရုံးက တရားပြိုင်ဘက် အနိုင်ပေးလိုက် ပြန်ရင်လည်း တရားလိုဘက်က ကျေနပ်မှာမဟုတ်ပါဘူး။ သူဟာလည်းခရိုင်တရားရုံးရဲ့ဆုံးဖြတ် တာဟာ မှားတယ်လို့စွပ်စွဲဦးမှာဖြစ်ပါတယ်။ တင်ပြလိုတဲ့အချက်ကတော့ အမှုရှုံးတဲ့အမှုသည်ဟာ မိမိအနိုင်ရလိုတဲ့ဆန္ဒဇွဲကိုအခြေပြုပြီးတော့ မိမိကိုအရှုံးပေးတဲ့ တရားရုံးကိုစွပ်စွဲအပြစ်တင်ခြင်း၊ တိုင်ကြားခြင်းတို့ ပြုလုပ်လေ့ရှိကြတယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ အဲ့ဒီလို အလွယ်တကူစွပ်စွဲ ပြောဆိုတိုင်ကြားခြင်းများကို သတိတရားနဲ့ စိစစ်သုံးသပ်ဖို့ လိုမှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ တရားရုံးဟာ ဖြစ်ပွားတဲ့ အမှုကိစ္စနဲ့စပ်လျဥ်းပြီးတော့ ဒီအမှုသည်တစ်ဦးရဲ့ တင်ပြတိုင်တန်းချက်နဲ့ ဆန့်ကျင်ဘက် အမှုသည်တွေရဲ့ ခုခံချေပချက်တွေ နှစ်ဖက်စလုံးရဲ့ အမှုကိုကြားနာပြီးတော့မှ နှစ်ဖက်

တင်ပြချက်များအပေါ်မှာ သုံးသပ်ဆုံးဖြတ်ရတာဖြစ်ပါတယ်။ အမှုသည်ရဲ့ တစ်ဖက်သတ်ဝေဖန်သုံးသပ်ချက်ကို ကြားသိရုံမျှနှင့် တရားရုံးရဲ့ဆုံးဖြတ်ချက်ဟာ မှန်ကန်ခြင်းမရှိဘူး။ ဘက်လိုက်တယ်။ လာဘ်စားတယ်လို့ ဝေဖန်ပြောဆိုခြင်းဟာ အခြားတစ်ဖက်ရဲ့တင်ပြချက်ကို ကြားသိခြင်းမရှိဘဲ တစ်ဖက်သတ်ပြောဆိုခြင်းဖြစ်တဲ့အတွက် အမှန်တရားနဲ့အလှမ်းဝေးဖွယ်ရာရှိပါတယ်။ တစ်ဖက်သတ်တင်ပြချက်ကိုအခြေပြုပြီးတော့ ကောက်ချက်တွေချမယ်။ ဝေဖန်ခြင်းနဲ့ အပြစ်တင်ခြင်းတို့ကို စိုးရိမ်ရတဲ့အခြေအနေရှိနေမယ်ဆိုရင် တရားစီရင်ရေး တာဝန်ထမ်းဆောင်သူအတွက် တရားစီရင်ရေးမဏ္ဍိုင်ကို ဖြောင့်မတ်ကြံ့ခိုင်အောင် ဆောင်ရွက်နိုင်တော့မှာမဟုတ်တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးကချမှတ်တဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို သာမန်အားဖြင့် မည်သူကမျှမှားယွင်းတယ်လို့၊ လာဘ်စားတယ်လို့ ပြောဆိုခွင့် ရှိမှာမဟုတ်ပါဘူး။ တရားရုံးကဆုံးဖြတ်ချက် မှားတယ်လို့ပြောနိုင်အောင် ဥပဒေကခွင့်ပြုထားတဲ့ နည်းလမ်းရှိပါတယ်။ အဲဒါကတော့ မကျေနပ်တဲ့ တရားရုံးရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ ပြင်ဆင်မှု၊ အယူခံမှုတင်သွင်းလျှောက်ထားခြင်းဖြစ်ပါတယ်။ ပြင်ဆင်မှု၊ အယူခံမှုတင်သွင်းလျှောက်ထားတဲ့အခါမှာတော့ မူလတရားရုံးရဲ့ဆုံးဖြတ်တာမှားယွင်းတဲ့အကြောင်းကို အချက်အလက်များအရလည်းကောင်း၊ ဥပဒေကြောင်းအရလည်းကောင်း ပြောဆိုနိုင်ခွင့်ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် မှားယွင်းတဲ့တရားရုံးရဲ့ဆုံးဖြတ်ချက်ကို ပြင်ဆင်တည့်မတ်ပေးနိုင်တဲ့ ဥပဒေအရခွင့်ပြုထားတဲ့ တစ်ခုတည်းသောနည်းလမ်းကတော့ အထက်တရားရုံးများကို ပြင်ဆင်မှုများ အယူခံမှုလျှောက်ထားတဲ့ နည်းလမ်းသာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ အယူခံမှု၊ ပြင်ဆင်မှုများလျှောက်ထားခြင်းများမပြုဘဲနဲ့ တိုင်ကြားတဲ့နည်းလမ်းနဲ့ တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို ပြင်ဆင်တည့်မတ်ပေးနိုင်မှာလည်းမဟုတ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးက အမှုကိုကြားနာဆုံးဖြတ်ရာမှာ သက်သေခံအထောက်အထားများဖြစ်တဲ့ လူသက်သေ၊ စာရွက်စာတမ်း အမှတ်အသားများကို ပြည့်စုံအောင်ရယူပြီးမှ နှစ်ဖက်တင်ပြတဲ့ လျှောက်ထားချက်များအပေါ်မှာ အမှုတွဲမှာပေါ်ပေါက်တဲ့ သက်သေခံချက်များကို ဥပဒေအချက် အလက်များနဲ့ပေါင်းစပ်ပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချမှတ်ရတာဖြစ်ပါတယ်။ အဲ့ဒီလို စနစ်တကျ ဥပဒေနှင့်အညီ အမှုစစ်ဆေးစီရင်ဆုံးဖြတ်ထားတာတောင် တရားရုံးရဲ့ဆုံးဖြတ်ချက်ဟာ မှားယွင်းနိုင်တာတွေရှိပါတယ်။ အဲ့ဒါတွေကတော့ တရားစွဲဆိုတင်ဖို့အတွက် အမှုတည်ဆောက်ပုံအားနည်းခြင်း၊ သက်သေတွေကမှန်ကန်စွာမထွက်ဆိုခြင်း၊ သက်သေခံပစ္စည်းများကို မတင်ပြနိုင်ခြင်း၊ အမှုလိုက်ပါ ဆောင်ရွက်သူများဆုံးဖြတ်သူများရဲ့ အရည်အချင်းမပြည့်ဝခြင်းတို့ဖြစ်ပါတယ်။ တရားရုံးရဲ့ ဆုံးဖြတ်ချက်မှားယွင်း

နိုင်တဲ့အကြောင်း အများကြီးရှိတဲ့အတွက် တရားရုံးကဆုံးဖြတ်တဲ့အမှုတိုင်းဟာ ရာနှုန်းပြည့် မှန်ကန်ရမယ်လို့ မျှော်မှန်းမထားနိုင်ပါဘူး။ ဒါကြောင့်လည်း အယူခံရုံးတို့၊ ပြင်ဆင်မှုရုံး တို့ဆိုတာကို ဥပဒေအရ ဖွဲ့စည်းတည်ထောင်ပေးထားခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီနည်းလမ်းအတိုင်းပဲ မူလရုံး၊ အယူခံရုံးများ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အယူခံစီရင်ပိုင်ခွင့်ကိုပေးထားတဲ့ ရုံးတွေဟာခရိုင်တရားရုံး၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ဖြစ်ကြပါတယ်။ ပြည်ထောင်စုတရား လွှတ်တော်ချုပ်မှာတောင် တစ်ဦးထိုင်ရုံး၊ နှစ်ဦးထိုင်ရုံး၊ အထူးအယူခံရုံးဆိုပြီး အဆင့်ဆင့်အယူခံဝင်ခွင့်တွေ ပေးထားတာကို တွေ့ရမှာဖြစ်ပါ တယ်။ ပြည်ထောင်စုတရားစီရင်ရေးအရပေးထားတဲ့ အယူခံဝင်ခွင့်အဆင့်တွေဟာ အခြားနိုင်ငံတွေနဲ့ စာမယ်ဆိုရင် အဆင့်တွေပိုများတာကို တွေ့ရပါမယ်။ ဒါကြောင့် တရားရုံးတစ်ရုံးရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက နစ်နာမှုအတွက် ကုစားနိုင်တဲ့နည်းလမ်းတွေကို ဥပဒေအရ အပြည့်အဝပေးထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီနည်းလမ်းအတိုင်းသာ ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှုများမှာ မှားယွင်းဆုံးဖြတ်တာကိုတွေ့လို့ရှိရင် မှားယွင်းပုံမှားယွင်းနည်း ကိုသိအောင်ပညာပေးခြင်း၊ အသိပေးတဲ့အကြောင်းကြားစာကို သက်ဆိုင်ရာတရားသူကြီးထံကို ပေးပို့ခြင်း၊ မှားယွင်းမှုအတိမ်အနက်ပေါ်မှာမူတည်ပြီး တရားသူကြီးရဲ့ စီရင်ပိုင်ခွင့်အာဏာတွေကို လျှော့ချခြင်း၊ အဲ့ဒီဆုံးဖြတ်တဲ့တရားသူကြီးဟာ အရည်အသွေးမမီကြောင်း သတိပေးခြင်း၊ တရားသူကြီး ကို ပြောင်းရွှေ့ခြင်း၊ ရာထူးချခြင်းစတဲ့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအရ အရေးယူဆောင်ရွက်ခြင်း များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်ချုပ်က ဆောင်ရွက်လျက်ရှိပါတယ်။ မှန်ကန်စွာဆုံးဖြတ်နိုင်တဲ့အပြင် မှတ်သားလောက်အောင်စီရင်ချက်များ ရေးသားနိုင်တဲ့ တရားသူကြီး များကိုလည်း ချီးကျူးမှတ်တမ်းတင်ခြင်း၊ ရာထူးတိုးမြှင့်ရာမှာထည့်သွင်းစဉ်းစားခြင်း၊ နာမည်ကောင်း တံဆိပ်ချီးမြှင့်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့ ပြည်ထောင်စုတရား လွှတ်တော်ချုပ်အနေနဲ့လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြတဲ့အတိုင်း ဆုပေး၊ ဒဏ်ပေးစနစ်ကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် တရားရုံးရဲ့ ဆုံးဖြတ်ချက်တွေဟာ မှားယွင်းခြင်း ရှိ၊ မရှိကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အစဉ်အမြဲ စိစစ်နေတဲ့ နည်းလမ်းများ၊ စနစ်များကိုရေးဆွဲထားပြီး ကြီးကြပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် တရားစီရင်ရေး ကဏ္ဍမှာ ဥပဒေနှင့်အညီလွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိရမှာဖြစ်ပါတယ်။ လွတ်လပ်စွာတရားစီရင် ရေးဆိုတာဟာ အဂတိလိုက်စားမှုကင်းရှင်းခြင်းအပေါ်မှာ အခြေခံပါတယ်။ ဒါကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်မှာ အဂတိလိုက်စားမှုကင်းရှင်းစေရန်အတွက် စိတ်ဓာတ် ခံယူချက်မြင့်မားရေး၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းလိုက်နာရေး၊ အသိအမြင်မြှင့်တင်ရေး၊ စည်းမျဉ်း စည်းကမ်းလုပ်ထုံးလုပ်နည်း ဥပဒေတို့နှင့်အညီဆောင်ရွက်ရေးအစရှိသည့် ဘက်စုံချဉ်းကပ်မှု နည်းလမ်းများနဲ့ ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အသိပေးခြင်းများပြုလုပ်လျက်ရှိပြီးတော့ အဂတိလိုက် စားမှုများ တွေ့ရှိလာပါက ထိရောက်စွာအရေးယူခြင်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ ကြောင်းတင်ပြအပ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာ မဏ္ဍိုင်အရပ်ရပ် လူ့အဖွဲ့အစည်း အသီးသီးရဲ့ ညီညွတ်သောအားပေးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိမှသာလျှင် ထိရောက်အောင်မြင် အောင်ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ သို့သော်လည်း အားပေးကူညီ ပူးပေါင်းဆောင်ရွက်တယ်ဆိုတဲ့နေရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးမှုကိုထိခိုက်စေတဲ့ အားပေးကူညီမှုမျိုးကို ဥပဒေ အရလက်ခံနိုင်မှာမဟုတ်တဲ့အတွက် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးမှုကို မထိခိုက်စေတဲ့ အားပေးကူညီမှုမျိုးဖြစ်ရန် လိုအပ်မယ့်အကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်စွာတရားစီရင်ရေးနဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်ရှိတာနဲ့ လွတ်လပ်စွာ လာဘ်စားပိုင်ခွင့်လိုင်စင်ရတယ်လို့ မယူဆနိုင် ပါဘူး။ လွတ်လပ်စွာတရားစီရင်ရေးနဲ့ လွတ်လပ်စွာလာဘ်စားတာ တခြားစီဖြစ်ပါတယ်။ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ဟာ အမှန်တရားကိုရရှိရန်အတွက် တရားရုံးများကိုပေးအပ်ထားတဲ့ အခွင့်အရေး ဖြစ်ပါတယ်။ နည်းလမ်းတစ်မျိုးမျိုးနဲ့ ဝင်ရောက်စွက်ဖက်မှုကင်းပြီးတော့ ဆန္ဒဂတိ၊ ဘယဂတိ၊ ဒေါသ ဂတိ၊ မောဟဂတိ မလိုက်စားဘဲ လွတ်လပ်စွာတရားစီရင်ရေးကို ဆိုလိုတာဖြစ်ပါတယ်။ လာဘ်စား တယ်ဆိုရင် ဆန္ဒဂတိနောက်လိုက်ပါသွားပြီဖြစ်တဲ့အတွက် လွတ်လပ်စွာတရားစီရင်ရေးဆိုတာ ဖြစ်နိုင် တော့မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီလိုဂတိတွေကင်းစင်ခြင်းရှိပါမှ လွတ်လပ်စွာတရားစီရင်တယ်လို့ ပြောဆိုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်စွာတရားစီရင်ရေးဆိုတာနဲ့ လာဘ်ပေးလာဘ်ယူပြီး တရားစီရင်ခြင်းဟာ တခြားစီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ တင်ပြရရင် တရားစီရင်ရေးဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရာမှာ လာဘ်ပေး လာဘ်ယူကိစ္စ၊ အဂတိလိုက်စားမှုကိစ္စများကို ဝိုင်းဝန်းဖော်ထုတ်ပေးရန် လိုအပ်ပါကြောင်း။

ဤနည်းအားဖြင့် တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ကူညီဆောင်ရွက်နိုင်ပါကြောင်းတင်ပြအပ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးတယ်ဆိုတဲ့နေရာမှာ ကူညီထောက်ပံ့ပေးတာကို အကြောင်းပြုပြီး တရားစီရင်ရေးမှာဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးချယ်လှယ်ခြင်းမဖြစ်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ တရားစီရင်ရေးကိုဝင်ရောက်စွက်ဖက်ရာရောက်ခြင်း၊ လွှမ်းမိုးချယ်လှယ်ရာရောက်ခြင်းတို့ရှိမယ်ဆိုရင် လွတ်လပ်စွာတရားစီရင်ရေးကိုထိခိုက်မှာဖြစ်ပါတယ်။ တရားစီရင်ရေးကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပြီးတော့ တရားရုံးများကို ကြီးကြပ်တယ်ဆိုတာဟာ လွပ်လပ်စွာတရားစီရင်ရေးကို ထိခိုက်မှာဖြစ်ပါတယ်။ လွပ်လပ်စွာတရားစီရင်ရေးမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေမှုနဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေများမှာပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီမူသဘောကို များစွာအလေးထားကျင့်သုံးနေတာကိုတွေ့နိုင်တာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တရားစီရင်ရေးအဆင့်အတန်းကို ဒီမူအရတိုင်းတာဆုံးဖြတ်တာဖြစ်ပါတယ်။ လွတ်လပ်စွာတရားစီရင်ရေးမှုကို ထိခိုက်စေတဲ့ဆောင်ရွက်မှုများရှိမယ်ဆိုပါက မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးပုံရိပ်ကို များစွာထိခိုက်စေမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ဆွေးနွေးသွားကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်အောင် ဆောင်ရွက်တဲ့နေရာမှာ အုပ်ချုပ်ရေးအဖွဲ့က ဝင်ရောက်စွက်ဖက်မှုကင်းတဲ့ တရားစီရင်ရေးဖြစ်ရန်လိုအပ်ကြောင်းကို ကိုယ်စားလှယ်အများစုက ဝေဖန်ဆွေးနွေးသွားတာကို ကျွန်တော်ကြားသိရပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးကလည်း ဒီလိုထောက်မပေးတဲ့နေရာမှာ တရားစီရင်ရေးမှုများကို လေးစားလိုက်နာပြီး ထိန်းကျောင်းသွားရန်လိုအပ်ကြောင်းကို အထူးအလေးထားပြီးတော့ တင်ပြဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး အဆိုနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်ပြလိုတဲ့အကြံပြုချက်ကတော့ အဲဒီအဆိုအစား အဲဒီအဆိုမှာ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါမူနဲ့အညီ လွတ်လပ်စွာ တရားစီရင်ရေးမူနဲ့မထိခိုက်စေဘဲ ဝိုင်းဝန်းကူညီထောက်ပံ့ပေးရေးဆိုပြီးတော့ အဆိုကို ပြင်ဆင်သင့်ပါကြောင်း တင်ပြအကြံပြုအပ်ပါတယ်။ အဲ့ဒီလို အဆိုကိုပြင်ဆင်ပေးမယ်ဆိုပါက ယင်းပြင်ဆင်တဲ့အဆိုကို အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကိုအဆိုနဲ့ပတ်သက်ပြီးတော့ အဆိုရှင်အပါအဝင် စုစုပေါင်း ၁၂ ဦး ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့ ပုဂ္ဂိုလ်များကလည်း အင်မတန်မှ အလေးထားပြီးတော့ လေ့လာ သုံးသပ်ပြီးတော့ ဆွေးနွေးသွားခဲ့ပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာ တရားသူကြီးအဖွဲ့ကလည်း ရှင်းလင်းဆွေးနွေးသွားတဲ့ဟာ ကျွန်တော်တို့အားလုံးမှတ်သားစရာလေးပဲဖြစ်ပါတယ်။ ဒါကြောင့် ဦးအောင်ကိုတင်ပြတဲ့ တင်သွင်းခဲ့တဲ့အဆိုကို တရားသူကြီးက ဖြည့်စွက်ဆွေးနွေးသွားတဲ့ စာသား ထည့်မယ်ဆိုလို့ရှိရင် ပိုပြီးတော့ ပြည့်စုံတဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီအဆိုနဲ့ပတ်သက်လို့ ဒီခေါင်းစဉ်မှာ ဦးအောင်ကိုအနေနဲ့ ခုနက ဖြည့်စွက်လိုက်တဲ့ စကားရပ်ကို ဦးအောင်ကိုဘက်က ဘာများပြောဆိုစရာ ရှိပါသလဲ။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ဖြည့်စွက်ဖို့ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးစိုးညွန့်က ဖြည့်စွက်ခြင်းဆိုတဲ့စကားကိုပြောပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ လွတ်လပ်စွာတရားစီရင်ရေးမှုကို မထိခိုက်စေဘဲ ဝိုင်းဝန်းကူညီထောက်မပေးရေးဖြစ်ပါတယ် ခင်ဗျား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုတင်ပြပါရစေ။ သူရဦးအောင်ကိုတင်သွင်းခဲ့တဲ့အဆိုဟာ ကျွန်တော်တို့ ဒီကနေ့မနက်က ဆွေးနွေးချက်အားလုံးနဲ့ ခြုံမိငုံမိပါတယ်။ အခု ပြည်ထောင်စုတရားသူကြီး ပြင်ဆင်ချက်တင်လိုက်မယ်ဆိုရင် အင်မတန်မှ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရေးဆိုတဲ့ မူလဦးတည်ချက်ကိုယိမ်းပါးနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ တရားရုံးချုပ်တရားသူကြီးရဲ့ ပြင်ဆင်ချက်ကို ကျွန်တော်တစ်ဦးတည်းအနေဖြင့် ကန့်ကွက်ကြောင်း လွှတ်တော်က မှတ်တမ်းတင်ပေးဖို့နဲ့ ဒီတရားသူကြီးရဲ့တင်ပြချက်၊ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူ၊ မတူကို လျှို့ဝှက်ဆန္ဒမဲယူပေးသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးလေးစားစားတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီလိုပြောတဲ့အတွက် သီးခြားဆွေးနွေးစရာလည်းမလိုပါဘူး။ ခုနက တရားရုံး ချုပ်တရားသူကြီး ဖြည့်စွက်မယ်ဆိုတဲ့ဟာကို ပယ်ဖျက်ပြီးတော့ အခုအဆိုအတိုင်းပဲ လွှတ်တော်က ထောက်ခံအတည်ပြုမှု၊ မပြုမှုကို တစ်ခါတည်း ကျွန်တော်တို့ ဆက်ပြီးတော့ဆုံးဖြတ်ပါမယ်။ ဒါကြောင့် မို့လို့ ပြီးတော့မှ ကျွန်တော့်ရဲ့အမြင်ကို ဆက်ပြောပါမယ်။ ကျွန်တော်ရဲ့အမြင်ပြောလို့ရှိရင် လွှမ်းမိုး သွားမှာစိုးလို့ပါ။ ဒါကြောင့် သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်ရဲ့ တရားစီရင်ရေးမဏ္ဍိုင်

ဖြောင့်မတ်ကြံ့ခိုင်ရေးအတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး အဆိုအား ပြောင်မဲပေးပါမယ်။ ဒါဘယ်သူမှကြောက်စရာမလိုပါဘူး။ ဒီဟာကို ကန့်ကွက်မယ့်သူရှိလို့ရှိရင် မတ်တတ်ရပ်ပါ။ ပြောင်းပြန်ပြန်ပြောပါမယ်။ ထောက်ခံမယ့်သူများ ထိုင်နေပါ။ ဒါကြောင့် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို တင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ရေးအတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးခဲ့တာနှင့်ပတ်သက်ပြီးတော့ ကျွန်တော်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ဆွေးနွေးချင်ပါတယ်။ ဆွေးနွေးချက်အားလုံးဟာ အင်မတန်မှကောင်းမွန်ပါတယ်။ ဒီနေ့ဒီတရားရေးကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတစ်ဝန်းစိတ်ဝင်စားနေသလို ပြင်ပနိုင်ငံများကလည်း စိတ်ဝင်စားနေတဲ့ကိစ္စဖြစ်တဲ့အတွက် တကယ်လို့သာဖွင့်ပေးမယ်ဆိုလို့ရှိရင် ဒီထက်ပိုမက ဆွေးနွေးတဲ့သူများလည်းပေါ်လာမှာဖြစ်ပါတယ်။ အချိန်ပေးရင်ပေးသလောက်လည်း ဆွေးနွေးနိုင်မယ့်အနေအထားဖြစ်ပါတယ်။ အဲဒါကြောင့် အချိန်ပေါ်မူတည်ပြီးဆွေးနွေးတဲ့နေရာမှာ အားလုံးကောင်းပါတယ်။ ဒီနေရာမှာ ဦးသိန်းညွန့်က ကျွန်တော့်ကို မေးခွန်းမေးပါတယ်။ ဒါဘာလဲ။ ကြယ်ပွင့်ပြမေးခွန်းကိုပြန်ပြီးတော့ဖြေတဲ့နေရာမှာ စာနဲ့ဖြေတယ်။ ထိပ်တန်းလျှို့ဝှက်ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးက ဒါကို ဖြေကြားပေးပါ။ ရှင်းလင်းပေးပါလို့ပြောတဲ့အခါမှာ ကျွန်တော်က ဆွေးနွေးပါလို့ပဲ ပြောလိုက်ပါတယ်။ ဆွေးနွေးပါဆိုတဲ့နေရာမှာ ဦးသိန်းညွန့် ကျွန်တော်ပြောတာ ကောင်းကောင်းမကြားတဲ့အတွက် တစ်ယောက်ကိုမေးပြီးတော့၊ ဆက်ပြီးတော့ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့နေရာမှာ ဘာကြားလိုက်လဲဆိုတော့ အခုလာတဲ့စာဟာ ထိပ်တန်းလျှို့ဝှက်ဖြစ်နေတယ်။ ဒီလိုပြောပါတယ်။ ဦးသိန်းညွန့် ဆွေးနွေးတဲ့အခါမှာ ထိပ်တန်းလျှို့ဝှက်လို့ဖော်ပြတဲ့အကြောင်းကို ကျွန်တော် သဘောပေါက်ပါတယ်။ ဒါလည်း တရားသူကြီးများ၊ တရားရေးအဖွဲ့အစည်းများက တာဝန်ရှိသူများကို တရားရုံးချုပ်အနေနဲ့အရေးယူခဲ့တာ အမှုပေါင်းဘယ်လောက်၊ လူပေါင်း ဘယ်လောက်၊ ပုဂ္ဂိုလ်ပေါင်း ဘယ်လောက်လို့ ဒီလိုဖော်ပြတာတွေ့ရပါတယ်။ ဒါကို ကျွန်တော် အထင်ပြောရမယ်ဆိုလို့ရှိရင် ပြည်သူကို ထုတ်ပြန်ကြေညာပေးမယ် သို့မဟုတ်ရင် လွှတ်တော်ကို အသိပေးမယ်ဆိုလို့ရှိရင် တရားသူကြီးများအနေနဲ့ ခုနကဲ့သို့ အမှုကိစ္စများမှာ ပါဝင်ပတ်သက်နေတာတွေရှိနေတယ်။ ဒါကြောင့်မို့လို့ ဒီလိုထုတ်ပြန်လိုက်တယ်ဆိုလို့ရှိရင်တော့ တရားရုံးချုပ်တရားသူကြီးနှင့် အခြားတရားသူကြီးများမှာ သိက္ခာတွေကျသွားနိုင်တယ်ဆိုတဲ့အနေအထားအရ ထိပ်တန်းလျှို့ဝှက်ဆိုတာက သူ့ဌာနအတွင်းမှာ သို့မဟုတ်ရင် သူ့ရဲ့ပတ်ဝန်းကျင်အတွက်ပဲဖြစ်မယ်လို့ ကျွန်တော်ယူဆပါတယ်။ တကယ်တမ်းကျတဲ့အခါကျတော့ ကျွန်တော့်အယူအဆပြောမယ်ဆိုရင် ဒီကိစ္စမျိုးမှာ တရားရုံးချုပ်အနေနဲ့

ရဲရဲတင်းတင်းပွင့်ပွင့်လင်းလင်းပြောဖို့သင့်ပါတယ်။ ဘယ်တရားသူကြီး ဘယ်နေရာမှာ ဘာကိစ္စအတွက် တရားသဖြင့် တရားမစီရင်လို့ ဒီလိုဆောင်ရွက်တာ သို့မဟုတ် အဂတိလိုက်စားလို့ ဒီလိုဆောင်ရွက်တာ ဒါကြောင့်မို့လို့ အရေးယူလိုက်တယ်ဆိုလို့ရှိရင် တရားရုံးချုပ်ပေါ်မှာပိုပြီးတော့ ပြည်သူတွေအမြင် ပိုကောင်းနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဦးသိန်းညွန့် ဆက်ဆွေးနွေးပါလို့ ပြောခြင်းဖြစ်ပါတယ်။ အဲဒီမှာမှ အခုလိုတရားရုံးချုပ်က စီမံလိုက်တာက စီမံခန့်ခွဲရေးနည်းလမ်း အားဖြင့် အပြစ်ပေးတယ်လို့ အကြမ်းဖျင်း ဒီလိုသဘောပေါက်ပါတယ်။ တကယ်ဖြစ်သင့်တာက ဒီလိုကိစ္စမျိုးပေါ်ပေါက်လာလို့ရှိရင် ဥပဒေအရ အရေးယူအပြစ်ပေးခြင်းဟာပိုပြီးတော့ နှစ်ဖက် မျှတသလို ပြည်သူရှေ့မှောက်မှာ တရားစီရင်လိုက်တယ်ဆိုလို့ရှိရင် ပြည်သူလည်းသိ၊ သက်ဆိုင်ရာ တရားသူကြီးများလည်းသိ၊ သက်ဆိုင်တဲ့အဖွဲ့အစည်းများလည်း သိသွားမှာဖြစ်တဲ့အတွက် ပိုကောင်းမွန်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကတစ်ချက်ပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရှေ့သွားမယ့်ခရီးမှာ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အပြစ်ပေးအရေးယူခြင်းထက် ဥပဒေအရ အပြစ်ပေးအရေးယူခြင်းဟာ ဒီနေ့သွားတဲ့စနစ်က ပိုပြီးကိုက်ညီမှုရှိကြောင်း ကျွန်တော့်အနေနဲ့ ထင်မြင်သုံးသပ်ပါတယ်။ နောက် တစ်ခါ တရားရုံးချုပ်တရားသူကြီးဆွေးနွေးတဲ့နေရာမှာ ဒီလိုဖြောင့်မတ်မှန်ကန်ဖို့ဆိုလို့ရှိရင် တရား စီရင်ရေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းများမှာပါဝင်တဲ့ ပုဂ္ဂိုလ်များအားလုံးနဲ့ပတ်သက်တယ်။ ဒါကြောင့်မို့လို့ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ဖို့ဆိုလို့ရှိရင် တရားသူကြီးတစ်ဦးတည်းမဟုတ်ဘဲနဲ့၊ ကျန်တဲ့လူပုဂ္ဂိုလ် အဖွဲ့အစည်းများလည်း ပါဝင်ပတ်သက်ပါတယ်ဆိုတာမှန်ပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်ကို တင်ပြတဲ့နေရာမှာလည်း တရားရေးမဏ္ဍိုင်ဖြောင့်မတ်မှန်ကန်စေရေးအတွက် ဝိုင်းဝန်းကူညီထောက်မ ပေးရေးဆိုတဲ့နေရာမှာ အဖွဲ့အစည်းများကို၊ လူပုဂ္ဂိုလ်များကိုဆိုလိုတယ်လို့ သဘောပေါက်ရမှာ ဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ကွန်ဟိန်းမဲဆန္ဒနယ်က ဒေါ်နန်းဝါနု ဆွေးနွေးတဲ့နေရာမှာတော့ အားလုံးပေါင်း ၁၂ ချက်ရှိတယ်ဆိုတာဖော်ပြသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ အဖြေကတော့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ရေးအတွက် အားလုံးကဝိုင်းဝန်းကူညီပါမှဖြစ်ပါတယ်။ လာဘ်ယူတာလည်း လာဘ်ပေးသူရှိလို့။ လာဘ်ပေးတာလည်း လာဘ်ယူသူတွေရှိလို့ဆိုရင် လာဘ်ပေးမယ့်သူတွေကလည်း လာဘ်မပေးဘဲနဲ့ဆိုရင် လာဘ်ယူရမယ်သူကလည်း လာဘ်ယူစရာ အကြောင်းမရှိဘူး။ ဒီလိုဆိုရင် လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုအတွက် ခုနကဆွေးနွေး သွားတာတွေရှိပါတယ်။ ဒီဟာ ဥပဒေတွေ အားလုံးရှိပြီလားမသိဘူး။ ရှိပြီလို့လည်းပြောတယ်။ ကျွန်တော်တို့ဘက်ကလည်း အခုကိစ္စနဲ့ပတ်သက်လို့ ဥပဒေတွေရှိတယ်ဆိုလို့ရှိရင် ဥပဒေအတိုင်း အားလုံးလုပ်ကြဖို့လိုပါတယ်။ ဥပဒေဟာ ဥပဒေအတိုင်းထားပြီးတဲ့အခါမှာ လုပ်တဲ့အခါမှာ

ဥပဒေအတိုင်းမဟုတ်ဘဲနဲ့ဆိုလို့ရှိရင်တော့ ဘယ်လိုမှအောင်မြင်မှာမဟုတ်ဘူး။ ဥပဒေတော့ရှိတယ်။ ဒီဥပဒေဟာ မပြည့်စုံဘူး။ မလုံလောက်ဘူးဆိုလို့ရှိရင်တော့ ပြည့်စုံလုံလောက်တဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေဆက်ပြီးထုတ်ဖို့ ကျွန်တော်တို့လိုအပ်လာမှာဖြစ်ပါတယ်။ ဒီအပိုင်းကျတဲ့အခါကျတော့ လွှတ်တော်မှာတာဝန်ရှိသလို သက်ဆိုင်ရာဥပဒေများကို Administrator လုပ်မယ့်၊ စီမံခန့်ခွဲမယ့်ဌာနတွေ မှာလည်းတာဝန်ရှိတဲ့အတွက် ဒီအပိုင်းကိုလည်း ကျွန်တော်တို့ဆက်လက်ပြီးတော့ စဥ်းစားဆောင်ရွက် သွားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေနဲ့လည်း ဒီအကြောင်းအရာတွေကို လေ့လာသုံးသပ်ပြီးတဲ့ အခါမှာ ဒီနေ့ရှိနေတဲ့ သက်ဆိုင်တဲ့ တည်ဆဲဥပဒေတွေဟာ လုံလောက်ပြီလား၊ ပြည်သူကို အကာအကွယ်ဖြစ်ပြီလား၊ နိုင်ငံတော်ကိုအကာအကွယ်ဖြစ်ပြီလား၊ တရားရေးမဏ္ဍိုင်တည့်မတ်ဖို့ အတွက် လုံလောက်ပြီလားဆိုတာကို လေ့လာပြီးတဲ့အခါမှာ မလုံလောက်သေးရင် လုံလောက်အောင်၊ မပြည့်စုံရင် ပြည့်စုံအောင်၊ မလိုတာတွေပယ်ဖျက်ဖို့ ဒါတွေလည်း ကျွန်တော်တို့လုပ်သွားမှသာလျှင် ဒီကိစ္စဟာ ပိုမိုအဆင်ပြေနိုင်မယ့် အနေအထားရှိတယ်လို့ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအတွက်လည်း ကျွန်တော် ကော်မရှင်နဲ့ သက်ဆိုင်ရာတာဝန်ရှိသူများကို ကျွန်တော့်အနေနဲ့ တာဝန်ပေးသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခုနက ဦးတင်ဝင်း၊ ကောလင်းမဲဆန္ဒနယ်က ဆွေးနွေးတဲ့ကိစ္စနှင့်ပတ်သက်လို့ ဒီဟာကို သီးခြား Case တစ်ခုအနေနဲ့ရေးပြီးတော့ ဦးတင်ဝင်းကပဲ သက်ဆိုင်ရာကော်မတီကမှ လွှတ်တော်ကိုတင်ပြဖို့တိုက်တွန်းချင်ပါတယ်။ ဒီကိစ္စကို လိုအပ်မယ်ဆိုလို့ ရှိရင် လိုအပ်သလို ကော်မရှင်သီးခြားဖွဲ့စည်းဖို့ လိုကောင်းလည်းလိုပါလိမ့်မယ်။ ဒါနဲ့ပတ်သက်လို့ သက်ဆိုင်ရာတရားသူကြီးချုပ်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့လည်း ညှိနှိုင်းစရာတွေလည်း အများကြီးရှိနိုင်ပါတယ်။ တကယ်လို့သာ ဦးတင်ဝင်း အဲဒီအတိုင်းတင်ပြတာ မှန်တယ်ဆိုလို့ရှိရင် ဒီကိစ္စကို ဒီအတိုင်းထားလို့မရပါဘူး။ ထားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိသွားမယ့် ကိစ္စဖြစ်တဲ့အတွက် ဒီကိစ္စကိုအဆိုနှင့်မဆိုင်ဘဲနဲ့ သီးခြားတင်ပြပြီးတော့ ဒီတင်ပြချက်ကို အရေးယူ ဆောင်ရွက်သွားမှဖြစ်မှာဖြစ်တဲ့အတွက် ဦးတင်ဝင်းကစပြီးတော့ ဒီကိစ္စအတွက်တင်ပြပါ။ ဒါကြောင့် ဒီနေ့ ဦးအောင်ကိုရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံအတွက် များစွာအကျိုးရှိမယ့် ကိစ္စများဖြစ်ပါတယ်။ ဒါကြောင့် အားလုံးစိတ်ဝင်စားစွာဆွေးနွေးတဲ့အတွက် ဆွေးနွေးပေးတဲ့ပုဂ္ဂိုလ် များကို ကျေးဇူးတင်သလို ဒီဟာ ဒီအတိုင်းရပ်မထားဘဲနဲ့ ဆက်လက်အကောင်အထည်ဖော် ဆောင်နိုင်တဲ့အထိ အားလုံးလုပ်ဆောင်သွားဖို့လိုကြောင်းတင်ပြလိုပါတယ်။

## တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီက ၁၉၆ဝ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေကိုဖျက်သိမ်း၍ အိမ်၊ မြေငှားရမ်းခြင်းနှင့် စပ်ဆိုင်သော ဥပဒေသစ်ပြဋ္ဌာန်းသင့်ကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဒီနေရာမှာ အချိန်ရဲ့အတိုင်းအတာအရရော ဆွေးနွေးရန်မလိုဘဲနဲ့ ဆွေးနွေးမိမှာစိုးတဲ့အတွက် ကျွန်တော်တစ်ခါတည်းပဲ တိုက်ရိုက်ပဲမေးကြည့်ပါ့မယ်။ ဒီ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီက ၁၉၆ဝ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေကို ဖျက်သိမ်း၍ အိမ်မြေငှားရမ်းခြင်းနှင့်စပ်ဆိုင်သော ဥပဒေသစ်ပြဋ္ဌာန်းသင့်ကြောင်းအဆို လက်ခံဆွေးနွေးရန်သင့်၊ မသင့်ဆိုတာက ဒီဥပဒေ၊ ဒီအကြောင်းအရာကို ဘယ်ဌာနကများ ဆောင်ရွက်ရမှာဖြစ်ပါသလဲ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးကဖြေပေးပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ဒီဥပဒေကိုဆွဲထားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့အရင်တုန်းကတော့ ခဏခဏဆွေးနွေးပြီးသားပါ။ ဆွေးနွေးပြီးတော့ ဒီဥပဒေကို နောက်ဆုံးပြဋ္ဌာန်းမယ့်အဆင့်ထိအောင်တောင်ရောက်ပြီးပါပြီ။ သို့သော်လည်း အဲ့ဒီအခြေအနေအချိန်အခါနဲ့မကိုက်ညီသေးဘူးဆိုပြီးတော့ ဥပဒေမပြဋ္ဌာန်းခဲ့တာလို့ ကျွန်တော်တို့သိရပါတယ်။ အဓိကရေးဆွဲတာကတော့ ပြည်ထဲရေးဝန်ကြီးဌာနကရေးဆွဲပြီးသား ဥပဒေမူကြမ်းရှိပြီးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ အဲ့တော့ ဦးစိုးမောင်ရော ဒါနှင့်ပတ်သက်လို့ ဘယ်လိုများနားလည်ထားပါသလဲ။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန)။** ။ မသိလိုက်ပါဘူး။

**ဥက္ကဋ္ဌ။** ။ ကဲဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဒီနေ့မတင်သွင်းတော့ဘဲနဲ့ ခုန ပြည်ထဲရေးဝန်ကြီးဌာနကို ကျွန်တော်မေးကြည့်ပါ့မယ်။ မေးကြည့်လို့ ဒီဥပဒေပြဋ္ဌာန်းဖို့ ဆောင်ရွက်နေပြီဆိုလို့ရှိရင် အဆိုတင်သွင်းစရာမလိုဘဲနဲ့ မှတ်တမ်းတင်ပြီးတဲ့အခါမှာ ဒီဥပဒေကြမ်း အမြန်ပေါ်ထွက်ရေးအတွက်ပဲ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်ပါ့မယ်။

## ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်က တရားမဥပဒေအရငွေစုသူပြည်သူများ၏အနိုင်ဒီဂရီ အမိန့်ရရှိခဲ့သော တရားနိုင်နစ်နာကြေးများပြန်လည်ရရှိစေရန် တရားရှုံးဖြစ်သော အကျိုးဆောင်ကုမ္ပဏီလီမိတက်များ၏ပိုင်ဆိုင်မှုပစ္စည်းများကိုဖော်ထုတ်ပေးနိုင်ရေး အတွက် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအား ဤလွှတ်တော်ကတိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်၊ မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ဆက်တည်းပဲ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်က တရားမဥပဒေအရငွေစုသူပြည်သူများ၏ အနိုင်ဒီဂရီအမိန့်ရရှိခဲ့သော တရားနိုင် နစ်နာကြေးများ ပြန်လည်ရရှိစေရန် တရားရှုံးဖြစ်သော အကျိုးဆောင်ကုမ္ပဏီလီမိတက်များ ၏ ပိုင်ဆိုင်မှုပစ္စည်းများကို ဖော်ထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအား ဤလွှတ်တော်က တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန်သင့်၊ မသင့်ကိစ္စနှင့်ပတ်သက်လို့ ဒီကိစ္စကကော ဘယ်ဌာနကများ တာဝန်ယူ ဆောင်ရွက်မှာဖြစ်ပါသလဲ။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဌာနကပဲ တာဝန် ယူပြီးတော့ တစ်ခါအမေးကိုဖြေပြီးပါပြီ။ ယခုထပ်ပြီးတော့ အဆိုတင်သွင်းတော့လည်း ကျွန်တော်တို့ နှစ်ချက် ရှိပါတယ်။ တစ်ချက်ကတော့ တရားနိုင်တဲ့ပုဂ္ဂိုလ်များက တရားရှုံးကုမ္ပဏီတွေမှာ ပိုင်ဆိုင်ခွင့်တွေရှိနေတယ်ဆိုတာကို တရားရုံးကို ကိုယ့်ဟာကိုယ် ဖော်ထုတ်တင်ပြပေးရမှာ ဖြစ်ပါ တယ်။ အဲ့ဒါလည်း အမှုဖြစ်ပြီးတော့ ကာလ ၁၂ နှစ်အတွင်းပဲဖြစ်ပါတယ်။ ၁၂ နှစ်ကျော် သွားရင်တော့ ကာလစည်းကမ်းသက်ကျော်သွားပါပြီ။ တစ်ဖက်ကတော့ ကျွန်တော်တို့ရရှိတဲ့ သတင်း အစအန၊ မသက်ာဖွယ်ရာ သူတို့ပိုင်ဆိုင်မှုကို သတင်းရပြီဆိုရင် တရားနိုင်တွေက သတင်းမသေချာ သော်လည်းပဲ ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြပေးဖို့လိုပါတယ်။ သတင်းပေးဖို့လိုပါတယ်။ အဲ့ဒီ အခါမှာ ပြည်ထဲရေးကနေပြီတော့ လိုက်လံစုံစမ်းပြီးတော့ ခိုင်မာစွာရပြီဆိုတဲ့အခါမှာ ဒီပစ္စည်းတွေကို တရားရုံးကို တစ်ခါပြန်တင်ပြပြီး ထုခွဲရောင်းချပြီးတော့ တရားနိုင်တွေကို ပြန်ခွဲဝေပေးမှာ ဖြစ်ပါတယ်။ ဒီနှစ်ချက်ရှိပါတယ်။ အဲဒါအဖြေပါပဲခင်ဗျား။ ဒီလောက်ပါပဲ။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါ့ကြောင့်မို့လို့ ဦးတင်မောင်ဝင်း တင်သွင်းထားတဲ့အဆိုနဲ့ ပတ်သတ်ပြီးတော့ သီးခြားကျွန်တော်တို့ ဒီနေ့ မဆွေးနွေးတော့ဘဲနဲ့ သက်ဆိုင်ရာတာဝန်ရှိတဲ့

ဝန်ကြီးဌာနနဲ့ တစ်ခါ ပြန်ပြီးဆွေးနွေးကြည့်ပါမယ်။ ဆွေးနွေးလို့ ခုနက ဦးစိုးမောင် တင်ပြတဲ့အတိုင်း ဆောင်ရွက်လို့ ရပြီဆိုလို့ရှိရင်တော့ ဒီလမ်းကြောင်းအတိုင်းလိုက်သွားမယ်ဆိုရင် ဖြစ်မယ့်သဘော ရှိပါတယ်။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူက ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူက ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ ဥပဒေကြမ်းကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာချမ်းငြိမ်း(ဥက္ကဋ္ဌ၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်း ဖြစ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်ရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးရှိမည့် ခေတ်မီပညာရေးစနစ်ထိရောက်စွာ အကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ ဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ပြည်သူ့လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးတိုးတက်စေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက် များနှင့်အညီ ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ကျင့်သုံးလျက်ရှိသော မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေမှာ ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေဖြစ်ပြီး ၁၉၈၃ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇ ဖြင့် တစ်ကြိမ်၊ ၁၉၈၉ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၃/၈၉ ဖြင့် တစ်ကြိမ် ပြင်ဆင်ပြဋ္ဌာန်း ခဲ့ပါတယ်။ နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းလျက်ရှိသော ခေတ်စနစ်နှင့်အညီ အမျိုးသားပညာရည် မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခင်က ပြဋ္ဌာန်းခဲ့သော ဥပဒေကို ရုပ်သိမ်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် ယခုအဆိုကို တင်သွင်းရခြင်း

ဖြစ်ပါတယ်။ အကြောင်းအကျိုးဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို အောက်ပါအချက်များနှင့်အညီ ပြင်ဆင်ရန်လိုအပ်နေကြောင်း စိစစ်တွေ့ရှိရပါတယ်။ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၏ ဖွဲ့စည်းပုံများနှင့်အညီ လိုက်လျောညီထွေမှုရှိစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်ထားသော ပညာရေးမြှင့်တင်မှုဆိုင်ရာမူဝါဒများနှင့်ကိုက်ညီပြီး အဓိပ္ပာယ်ကောက်ယူမှု လွဲမှားခြင်းမရှိစေရန်နှင့် ရှင်းလင်းလွယ်ကူမှုရှိစေရန် ပြင်ဆင်ဖော်ပြရန် လိုအပ်နေပါတယ်။ ဤဥပဒေအသစ်တွင် (၁) မြန်မာနိုင်ငံစာစစ်အဖွဲ့ ဖွဲ့စည်းခြင်းကို ခေတ်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန၏ ဖွဲ့စည်းပုံများနှင့်အညီ လိုက်လျောညီထွေမှုရှိစေရန် ပြန်လည်ဖွဲ့စည်းထားရှိခြင်း၊ (၂) သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်များ ပြုဌာန်းရေးကိစ္စကို သက်ဆိုင်ရာဌာနမှ တာဝန်ယူ ဆောင်ရွက်ပေးမည့်လုပ်ငန်းဖြစ်သဖြင့် ပယ်ဖျက်ထားရှိခြင်း (၃) မြန်မာနိုင်ငံစာစစ်အဖွဲ့၏ လုပ်ငန်းတာဝန်များကို သတင်းလုံခြုံမှုပိုမိုထိရောက်စွာထမ်းဆောင်နိုင်ရန် ပြန်လည်ပြင်ဆင်ဖြည့်စွက်ရေးသားထားခြင်းတို့ကိုဆောင်ရွက်ထားရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့ညှိနှိုင်းပြုစုထားသော ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းကို လေးစားအပ်ပါသောဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီတင်သွင်းသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆ အရ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးဆွေးနွေးမည့်ရက်ကိုထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၂၆-၄-၂၀၁၂ ရက်နေ့ ၁၆း၀၀ နာရီအချိန်နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်းကြေညာပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆ း ၁၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၁၆း၁၀ နာရီအချိန်တွင်ရပ်နားပါသည်။]